ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက် စတင်ထုတ်ဝေသည်။ [masthead line partly faint]
၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ သောကြာနေ့ (7-3-2014) (၇၇၇၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် နေ့အပူချိန်
ချောက်
၃၉ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်
မြစ်ကြီးနား
သုည ဒသမ ဝဂ လက်မ

သောက်ရေ၊ သုံးရေရရှိစေရန် ဦးစားပေးစီမံချက်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်

နေပြည်တော် မတ် ၆

အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဦးစိန်လှဗိုလ်နှင့် အသိပညာရှင် အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများဖြစ်ကြသည့် မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးများ၏ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း။

ထိုအစည်းအဝေးများမှ တင်ပြချက်များအရ တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လုပ်ငန်းစီမံချက်ရေးဆွဲပြီးစီးပါက အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းဖြင့် လုပ်ဆောင်သွားကြရန်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ပျော်ဘွယ်မြို့နယ်တွင် ကျေးရွာချောင်းကူးတံတားများတည်ဆောက်

ပျော်ဘွယ် မတ် ၆

ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချောင်းကူးတံတားများကို မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်နေရာ ပျော်ဘွယ်မြို့နယ် မန္တလေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး၏ ကြီးကြပ်မှုဖြင့် လိုအပ်သောငွေများကို လွှတ်တော်ကိုယ်စားလှယ်က ရန်ပုံငွေထည့်ဝင်၍ တည်ဆောက်လျက်ရှိရာ ယခုအခါ ပျော်ဘွယ်မြို့နယ် အနောက်ဘက်တွင် တံတားလေးစင်း မိုးမကျမီ အမြန်တည်ဆောက်လျက်ရှိသည်။**(ဝဲပုံ)**

ပျော်ဘွယ်မြို့အနောက်ဘက် သီးပင်ချောင်းတံတားမှာ နွေ၊ မိုး၊ ဆောင်း ကျေးရွာနေပြည်သူများ ဖြတ်သန်းသွားလာနေရပြီး ကုန်ထုတ်သီးနှံနှင့် ပညာရေး၊ ကျန်းမာရေးအတွက် အရေးကြီးသော အဓိကတံတားဖြစ်သည်။ သီးပင်ချောင်းတံတားပျက်စီးနေသဖြင့် မန္တလေးတိုင်းဒေသကြီး၏ ရန်ပုံငွေကျပ်သိန်း ၂၅၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၃၅၀ အကုန်အကျခံ၍ အလျား ၇၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးပေရှိ သံကူကွန်ကရစ်တံတားတည်ဆောက်လျက်ရှိပြီး ယခုလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ပျော်ဘွယ်မြို့အနောက်ဘက်တွင်ရှိသော တောတွင်းလှတံတားမှာ သဲပေါက်ကုန်းအုပ်စု၊ ရှမ်းစုကုန်းအုပ်စု၊ တောတွင်းလှအုပ်စု၊ ပျဉ်ဆင်းအုပ်စု အပါအဝင် ကျေးရွာပေါင်း ၁၃ ရွာမှ ဖြတ်သန်းသွားလာ၊ ကူးသန်းရောင်းဝယ်နေသော တံတားဖြစ်သည်။ တောတွင်းလှတံတားမှာ ပျက်စီးယိုယွင်းနေသဖြင့် သွားလာရေးလွယ်ကူစေရန် ခေတ်မီသံကူကွန်ကရစ်တံတားတည်ဆောက်နေရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ○

ယနေ့ **မာတိကာ**

လက်တွေ့ကျသော ပညာရေး
စာမျက်နှာ - ၂

စာပေထဲကရရှိသော ဘဝအတွက် အားမာန်များ
စာမျက်နှာ - ၆

တစ်နှစ်တစ်ကြိမ် သက်တမ်းမတိုးပါက အလုပ်သမားမှတ်ပုံတင်ကတ်ပြား ဖျက်သိမ်းမည်
စာမျက်နှာ - ၁၁

ကြေးမုံ စာတည်းရှုထောင့် ၇-၃-၂၀၁၄ [သောကြာနေ့]

လက်တွေ့ကျသော ပညာရေး

ပညာရေးသည် အနာဂတ်အတွက် မျှော်လင့်ချက်ဆိုသည့်အတိုင်း ပညာကို ငယ်စဉ်ကလေးဘဝကတည်းက အလေးထား လေ့လာဆည်းပူးကြကာ အနာဂတ်တွင် ထူးချွန်ထက်မြက်သော လူချွန်လူမွန်များဖြစ်အောင် ကြိုးစားအားထုတ်နေကြပါသည်။ ပညာရေးဟူသည် ခေတ်ကာလအချိန်အခါအလိုက် အားသာချက် အားနည်းချက်များ ရှိကောင်းရှိမည်မှန်သော်လည်း သူ့နည်းသူ့ဟန် ကောင်းမွန်မှန်ကန်သည်ဟုလည်း ဆိုကြပါသည်။

မည်သို့ပင်ဖြစ်စေ မျက်မှောက်ကာလအခြေအနေအရမူ လက်တွေ့ကျသော ပညာရေးကို ခေတ်စနစ်အရ တောင်းဆိုလာကြပြီဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်ကိုနိုင်ငံတော်က ဦးဆောင်၍ အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုအစီအမံများ၊ ဆွေးနွေးပွဲများကို စတင်ပြုလုပ်နေသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ယမန်နေ့ကကျင်းပသော အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး ဆွေးနွေးပွဲတွင် ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ဗုဒ္ဓဘာသာပညာရေးစင်တာနှင့် ပရဟိတကျောင်းများမှ ဆရာတော်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ပညာရေးဆိုင်ရာအသင်းအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူအခြေပြုအဖွဲ့အစည်းများ၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ ၊ ပုဂ္ဂလိကကျောင်းများမှ တာဝန်ရှိသူများအပါအဝင် ပညာရေးဆိုင်ရာနယ်ပယ်စုံမှ တက်ရောက်လာကြသည်မှာ အားတက်ဖွယ်ဖြစ်ပါသည်။

အလားတူ ပညာရေးဆိုင်ရာ ဒေသန္တရဆွေးနွေးပွဲများကို ယမန်နှစ်ကလည်း ကျယ်ကျယ်ပြန့်ပြန့်ကျင်းပခဲ့ပြီး ဒေသခံပြည်သူလူထု၏ဆန္ဒနှင့် သဘောထားများ၊ အကြံဉာဏ်များကို ရယူခဲ့ကြပေသည်။ အဆိုပါ ပြည်သူလူထုဗဟိုပြု ဆွေးနွေးပွဲများတွင် ပွင့်ပွင့်လင်းလင်း တက်တက်ကြွကြွ ဆွေးနွေးနိုင်ခဲ့သောကြောင့် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအတွက် အထောက်အပံ့ကောင်းများ ရရှိခဲ့ကြမည်ဖြစ်ပါသည်။

ထိုသို့ရရှိခဲ့ကြသည်နှင့်အတူ လက်တွေ့တွင်လည်း အခြေခံပညာကဏ္ဍတွင် ကျောင်းအပ်နှုန်း၊ ကျောင်းနေမြဲနှုန်း၊ အတန်းကူးပြောင်းနှုန်း အညွှန်းကိန်းများ မြင့်မားလာရေး၊ အရည်အသွေးနှင့် အာမခံချက်ရှိရေးတို့အတွက် မူလတန်းနှင့် အလယ်တန်း အခမဲ့ပညာသင်ကြားရေး၊ မူလတန်းတွင် ဆရာဆရာမ ငါးဦးခန့်ထားရေး၊ ဆရာ ဆရာမ၊ ကျောင်းအုပ်နှင့် ပညာရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေး၊ ဆရာအတတ်သင်တန်း တိုးချဲ့ဖွင့်လှစ်ရေး၊ သင်ရိုးများ ပြောင်းလဲရေး၊ စာမေးပွဲနှင့် အကဲဖြတ်စစ်ဆေးသည့်စနစ် ပြောင်းလဲအကောင်အထည်ဖော်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီရေး၊ ပိုမိုလွတ်လပ်ရေး၊ သုတေသနနှင့် သင်ကြားရေးကို နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းရေး၊ သုတေသနအခြေပြု တက္ကသိုလ်များ ဖြစ်လာရေးအပြင် ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေး၊ ကင်းထောက်လူငယ်၊ ဘက်စုံထူးချွန်၊ အခြေခံအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းစာကြည့်တိုက်များပါမကျန် အဘက်ဘက်က ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ပေးနေသည်ကိုလည်း မြင်တွေ့နေရပါသည်။

ထို့မျှသာမက နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးမြင့်မားလာစေရန်အတွက် လိုအပ်ချက်နှင့် ကိုက်ညီသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်စေရန် လက်တွေ့ကျသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်ကို ပြဋ္ဌာန်းပေးမည့် အမျိုးသားပညာရေးမူဝါဒများနှင့် ဥပဒေပေါ်ထွက်လာရေးတို့ကိုလည်း ဆောင်ရွက်နေသည်ဟု ကြားသိရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် အနာဂတ်နိုင်ငံတော်၏ အလားအလာမှာ အားတက်ဖွယ်ဖြစ်ပါသည်။ ထိုသို့အားတက်ဖွယ်ဖြစ်ပြီး အောင်မြင်သော မြန်မာ့ပညာရေးစနစ်သစ်ကြီး ပေါ်ထွန်းလာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်မှာ ပညာရေးနယ်ပယ်မှ သက်ဆိုင်သူများအားလုံးသာမက ပြည်သူလူထုတစ်ရပ်လုံးကပါဝိုင်းဝန်းဆောင်ရွက်ကြမှသာ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်သို့ မလွဲဧကန်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

မွေးကင်းစကလေးနှင့် ကလေးသူငယ်ရှင်သန်ရေးဖိုရမ်ဖွင့်ပွဲကျင်းပ

နေပြည်တော်   မတ်   ၆

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးနှင့်ကလေးကျန်းမာ ဖွံ့ဖြိုးရေးဌာနစိတ်နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မွေးကင်းစကလေး သေဆုံးမှုနှုန်းကျဆင်းစေရေးအတွက် မွေးကင်းစကလေးကျန်းမာရေးလုပ်ငန်းများအား ပိုမိုအားဖြည့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် မွေးကင်းစကလေးနှင့် ကလေးသူငယ်ရှင်သန်ရေးဖိုရမ် (Newborn and Child Survival forum: Workshop on strengthening newborn care actions in Myanmar) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က အသက်(၅)နှစ်အောက် ကလေးသေဆုံးမှုတွင် မွေးကင်းစကလေးသေဆုံးမှုသည် အများဆုံးဖြစ်သည့်အတွက် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအား ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်ဆင့်တွင် ပိုမိုအားဖြည့် ဆောင်ရွက်ရန် လိုအပ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Bertraend Bainvel က အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်၍ တင်ပြမှုများအပေါ် အဖွဲ့များခွဲကာ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒုတိယကျန်းမာရေး ဦးစီးဌာနမှူးများ၊ ဆေးတက္ကသိုလ်များရှိ မွေးကင်းစဌာန၊ ကလေးကျန်းမာရေးပညာဌာန၊ သားဖွားနှင့် မီးယပ်ပညာဌာနတို့မှ ပါမောက္ခ/ဌာနမှူးများ၊ မွေးကင်းစကလေးအထူးကု ဆရာဝန်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ သားဖွားမီးယပ် ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၇၀ ခန့် တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို မတ် ၆ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်ယာဉ်ထပ်ဆင့်လွှဲပြောင်းပေးအပ်

သဲကုန်း   မတ်   ၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွက် ထုတ်ယူရရှိသော ဒေါင်ဖန်းမီးသတ်ယာဉ် YGN(5G/1016) အား ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီက သဲကုန်းမြို့နယ် မီးသတ်ဦးစီးဌာနတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မီးသတ်ယာဉ်အား မီးသတ်တပ်ဖွဲ့စခန်းသို့ ထပ်ဆင့်လွှဲပြောင်းပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲထွေးအောင်က လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်   မတ်   ၆

ရန်ကုန်	ရွှေဈေး	၆၈၂၈၀၀	-	၆၈၃၈၀၀
မန္တလေး	ရွှေဈေး	၆၈၂၅၀၀	-	၆၈၃၅၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၃၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၉၈၀. ၀၀
(ခ) ဥရောပ	တစ်ယူရို	=	၁၃၄၅. ၅
(ဂ) တရုတ်	တစ်ယွမ်	=	၁၅၉. ၉၂
(ဃ) ထိုင်း	တစ်ဘတ်	=	၃၀. ၃၅၀
(င) မလေးရှား	တစ်ရင်းဂစ်	=	၂၉၉. ၄၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၅. ၈၆၉
(ဆ) ဂျပန်	တစ်ရာယန်း	=	၉၅၇. ၂၇
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၁. ၅၈၅
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	=	၈၈၄. ၁၆
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၇၇၂. ၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း Open Society Foundation ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　　မတ်　၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Open Society Foundation ဥက္ကဋ္ဌ Mr. George Soros နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လွှတ်တော်အတွင်း ဥပဒေပြုရေးဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေး

နေပြည်တော်
မတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား MarkPlus. Inc တည်ထောင်သူ CEO ဖြစ်သူ Mr. Hermawan Kartajaya ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ကော်မတီဆောင် အမှတ်(၁)သို့ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် MarkPlus. Inc ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လွှတ်တော်အတွင်း ဥပဒေပြုရေးဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဈေးကွက်သုတေသနဆိုင်ရာနှင့် ပညာရေး၊ မီဒီယာဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရခိုင်အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၈/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်)

ရခိုင်အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ် (၃၉၃)၊ လမ်းမကြီး၊ လမ်းမတော်တောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်အမျိုးသားပါတီ**အား ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရခိုင်အမျိုးသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၇၄) ဖြစ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၉/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ** Rakhine Nationalities Development Party (RNDP) ကို မှတ်ပုံတင်အမှတ်(၂၈)ဖြင့် ၁-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၈/၂၀၁၀)ဖြင့်လည်းကောင်း၊ **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**ကို မှတ်ပုံတင်အမှတ်(၅၄)ဖြင့် ၃၀-၅-၂၀၁၂ ရက်စွဲပါ ကြေညာချက်အမှတ် (၂၈/၂၀၁၂)ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ**နှင့်**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် ရခိုင်အမျိုးသားပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလိုစိစစ်ပြီး **ရခိုင်အမျိုးသားပါတီ**ကို မှတ်ပုံတင်အမှတ်(၇၄)ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ ကြေညာချက်အမှတ်(၈/၂၀၁၄)ဖြင့်မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၃)အရ **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီနှင့်ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကိုဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို ရခိုင်အမျိုးသားပါတီပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်း လက်ခံရယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ** Rakhine Nationalities Development Party(RNDP) နှင့် **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့အား ၂၀၁၄ ခုနှစ် မတ်လ ၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တောင်တရုတ်ပင်လယ်အား မျက်နှာမူနေသော စစ်စခန်းတစ်ခုကို ဖိလစ်ပိုင်အဆင့်မြှင့်တင်မည်

ဖိလစ်ပိုင်နှင့် အမေရိကန်ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည့် မှတ်တမ်းပုံ။

မနီလာ မတ် ၆

ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ်ပင်လယ်ရေပြင်အား မျက်နှာမူလျက်ရှိသော စစ်အခြေစိုက်စခန်းတစ်ခုကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက မတ် ၆ရက်တွင် ပြောကြားသည်။

အိမ်နီးချင်နိုင်ငံနှင့် ပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိသော စပရက်လီကျွန်းစုနှင့် အနီးဆုံးနေရာရှိ စစ်စခန်း၏ ပင်လယ်ဆိပ်ကမ်းကို အဆင့်မြှင့်တင်နိုင်ရန် ပီဆိုငွေ သန်း ၅၀၀(အမေရိကန်ဒေါ်လာ ၁၀ဒသမ ၂သန်း)ကျခံ သုံးစွဲမည် ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါပင်လယ်ဆိပ်ကမ်းသည် အူလူဂန် ပင်လယ်အော်တွင် တည်ရှိသည်။

စစ်အခြေစိုက်စခန်းကို တိုးချဲ့ခြင်းဖြင့် အရွယ်အစားကြီးမားသော စစ်သင်္ဘောကြီးများ ဝင်ထွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ပိုင်နက်နယ်မြေကို ကာကွယ် စောင့်ရှောက်နိုင်ရန် စစ်စခန်းကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဘီနစ်ဂိုအက္ကိုနိုသည် မေ ၂၀ရက်တွင် ကျင်းပမည့် စစ်စခန်းအဆင့်မြှင့်တင်မှု အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ပြည်နယ်အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသရှိ အဆိုပါစစ်စခန်းသည် ရေတပ်စခန်း ဌာနချုပ်တစ်ခုဖြစ်ပြီး ပိုင်နက်အငြင်းပွားနေသော စပရက်လီကျွန်းစုနှင့် တောင်တရုတ်ပင်လယ်ရှိ ကျွန်းစုများနှင့် အနီးဆုံးနေရာတွင် တည်ရှိသည်။

ပီတီအိုင်။

ဂါဇာကမ်းမြောင်သို့ ဒုံးကျည်တင်ပို့မှု အစ္စရေးလိမ်လည်ဟု အီရန်ဝေဖန်

ဂါဇာကမ်းမြောင်ဒေသ၌ စစ်သွေးကြွများကို တွေ့ရစဉ်။

တီဟီရန် မတ် ၆

ဆီးရီးယားနိုင်ငံလုပ် ဒုံးကျည်များအား ဂါဇာဒေသရှိ ပါလက်စတိုင်းစစ်သွေးကြွများထံ တင်ပို့ရာတွင် နောက်ကွယ်မှ အီရန်နိုင်ငံ ပါဝင်ပတ်သက်နေသည်ဟူသော အစ္စရေး၏ စွပ်စွဲချက်ကို အီရန်နိုင်ငံက ပယ်ချလိုက်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာပက်ဇာရစ်က အစ္စရေးနိုင်ငံ၏စွပ်စွဲချက်သည် ပိရိမှုမရှိသော လိမ်ညာမှုဖြစ်သည်ဟု ဆိုသည်။

ယခုရက်သတ္တပတ်အစောပိုင်းကကျင်းပသော အမေရိကန်-အစ္စရေးပြည်သူ့ရေးရာ ကော်မတီ၏ညီလာခံနှင့် အချိန်ကိုက်ကာ ယင်းသို့ စွပ်စွဲခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

မတ် ၅ရက်က ဒုံးကျည်များ တင်ဆောင်လာသော သင်္ဘောတစ်စင်းကို ဆူဒန်နိုင်ငံ ကမ်းလွန်ပင်လယ်နီတစ်နေရာတွင် ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း အစ္စရေးစစ်ဘက်က ကြေညာခဲ့သည်။

ပနားမားအလံလွှင့်ထူထားသည့် ကလို့စ်-စီအမည်ရှိ အဆိုပါကုန်တင်သင်္ဘောအား အစောင့်အရှောက်များဖြင့် ခေါ်ယူလာခဲ့ရာ မတ် ၈ရက်တွင် အစ္စရေးနိုင်ငံတောင်ပိုင်း အီလတ်ဆိပ်ကမ်းသို့ ရောက်ရှိမည်ဟု မျှော်လင့်ရသည်။ ယင်းသင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၁၇ဦးပါရှိပြီး ၎င်းတို့အနေဖြင့် ရေယာဉ်ပေါ်၌ ဒုံးကျည်များပါရှိသည်ကို သိရှိပုံ မရပေ။

ကလို့စ်စီအမည်ရှိသင်္ဘောပေါ်တွင် သယ်ဆောင်လာသော အမ်-၃၀၂အမျိုးအစား ဒုံးကျည်ဒါဇင်ပေါင်းများစွာ ပါဝင်ပြီး အကွာအဝေးကီလိုမီတာ ၂၀၀(၉၃ဒသမ ၁၂၄မိုင်) အထိ ပစ်ခတ်နိုင်သော ဒုံးကျည်များဖြစ်ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် မိုတီအယ်လ်မိုဇ်က ပြောကြားသည်။

ယင်းကုန်သင်္ဘောပေါ်၌ အခြားသော လက်နက်များလည်း သယ်ဆောင်လာဖွယ်ရှိပြီး အီလတ်ဆိပ်ကမ်းရောက်မှသာ အသေးစိတ်သိခွင့်ရမည်ဟု ၎င်းကပြောကြားသည်။

ဘီဘီစီ။

တရုတ်ခရီးသည်တင်လေယာဉ်တစ်စင်းအနီးမှ မြောက်ကိုရီးယားဒုံးကျည် ဖြတ်သန်းခဲ့

ပေကျင်း မတ် ၆

မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ပစ်ခတ်သည့် ဒုံးကျည်များအနက် ဒုံးကျည်တစ်စင်းသည် တရုတ်လေကြောင်းဌာနတစ်ခု၏ ခရီးသည်တင်လေယာဉ်တစ်စင်း အနီးအပါးမှ ဖြတ်သန်းခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်း တရုတ်အစိုးရအဖွဲ့က မတ် ၆ရက်တွင် ပြောကြားလိုက်သည်။

မကြာသေးမီရက်များက တောင်ကိုရီးယားနိုင်ငံ၏ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသဘက်သို့ တာတိုပစ် ဒုံးကျည်ခြောက်စင်းကို မြောက်ကိုရီးယားနိုင်ငံက ပစ်ခတ်ခဲ့ခြင်းအတွက် တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့က ပြင်းထန်စွာဝေဖန်ခဲ့ကြသည်။ မြောက်ကိုရီးယားနိုင်ငံသည် မတ် ၄ရက်က ရော့ကက်ဒုံးကျည်များကို ပစ်ခတ်ခဲ့ရာတွင် ဒုံးကျည်တစ်စင်းပျံသန်းရာ လမ်းကြောင်းသည် တရုတ်ခရီးသည်တင်လေယာဉ်ပျံသန်းရာ လမ်းကြောင်းအတွင်းသို့ ဖြတ်သန်းခဲ့သည်ဟုဆို၏။

တရုတ်နိုင်ငံရှိ လေကြောင်းဌာနတစ်ခုမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ခရီးသည် ၂၀၀ကျော်ကို တင်ဆောင်လျက် ပျံသန်းလာချိန်တွင် ရော့ကက်ဒုံးကျည် စမ်းသပ်ခြင်းဖြစ်ပြီး ယင်းဒုံးကျည် ဖြတ်သန်းရာလမ်းကြောင်းအတွင်းသို့ အဆိုပါလေယာဉ်က မိနစ်ပိုင်းအနည်းငယ်နောက်ကျလျက် ပျံသန်းခဲ့သည်။

စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်ရာတွင် လုံခြုံရေးအစီအမံများကို ချမှတ်ဆောင်ရွက်ရန်လိုအပ်ပြီး အရပ်ဘက် လေယာဉ်များနှင့် ရေယာဉ်များ ထိခိုက်မှုမရှိစေရေးအတွက် လုံခြုံရေးအစီအမံများရှိရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ကျင်ဘန်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံကို သံတမန်ရေးအရ အကာအကွယ်ပေးထားသည့်နိုင်ငံဖြစ်ပြီး ကုန်သွယ်ရေးနှင့် စီးပွားရေးအရ ဆက်ဆံရေးကောင်းမွန်သည့် နိုင်ငံများလည်းဖြစ်ကြသည်။

ပီတီအိုင်။

ကင်ညာမြို့တော်ကားရပ်နားခကြီးမြှင့်၍ တက္ကစီများကန့်ကွက်

ယာဉ်ရပ်နားခ ကြီးမြှင့်မှုကို တက္ကစီယာဉ်မောင်းများက ကန့်ကွက်ဆန္ဒပြကြစဉ်။

နိုင်ရိုဘီ မတ် ၆

ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီတွင် ကားရပ်နားကြေး ကြီးမြှင့်လာသည့်အတွက် တက္ကစီမောင်းသူများက ကန့်ကွက်ဆန္ဒပြကြသဖြင့် ပြည်သူ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ အဆင်မပြေဖြစ်ရကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လမ်းများပိတ်ဆို့ထားခြင်းကြောင့် မြို့သူမြို့သားများသည် ၎င်းတို့၏ လုပ်ငန်းခွင်သို့ ခြေလျင်သွားခဲ့ကြရသည်။

မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့ခြင်းကို လျော့ပါးသွားစေရန်အတွက် နိုင်ရိုဘီမြို့တော်ဝန်အီဗန်ကီဒီဒိုက တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မြို့လယ်တွင် မြို့တော်ဝန်၏မော်တော်ယာဉ်တန်းကို တက္ကစီမောင်းသူများကတားဆီးထားသဖြင့် ၎င်း၏ရုံးတော်သို့ ၎င်းကိုယ်တိုင် လမ်းဆင်းလျှောက်သွားခဲ့ရကြောင်း သတင်းများက ဆိုသည်။

“မာတာတူ”ဟု လူသိများသော ပုဂ္ဂလိကပိုင် အသေးစားဘတ်(စ်)ကားတက္ကစီများသည် နိုင်ရိုဘီ၏ အဓိကသယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်ကြသည်။

မာတာတူပိုင်ရှင်များအသင်း၏ကိုယ်စားလှယ် မစ်ချဲလ်ကာရီယူကီက ကားရပ်နားကြေး တိုးမြှင့်လိုက်ခြင်းသည် ၎င်းတို့၏လုပ်ငန်းကို အလဲထိုးလိုက်ခြင်းဖြစ်သည်ဟုပြောကြားသည်။

၁၄ယောက်စီး ဘတ်စ်ကားတက္ကစီများ၏ကားရပ်နားကြေးကို နှစ်ဆနီးပါးတိုး၍ အမေရိကန်ဒေါ်လာ ၅၈ဒေါ်လာနှင့် ညီမျှသော ကင်ညာသျှီလင် ၅၀၀၀ကောက်ခံရန် မြို့တော် အာဏာပိုင်များက သတ်မှတ်ခဲ့ကြောင်း၊ ပိုကြီးသောကားများသည် ကားရပ်နားကြေးပိုပေးရမည်ဖြစ်ကြောင်း ကင်ညာနေ့စဉ် နေ့ရှင်းသတင်းစာက ကာရီယူကီ၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

ဘီဘီစီ။

နေတိုးတပ်ဖွဲ့ လေကြောင်းမှ တိုက်ခိုက် အာဖဂန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံး ခုနစ်ဦး ဒဏ်ရာရရှိ

ပါလ်ဘီအလမ် မတ် ၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လိုဂျာပြည်နယ်တွင် မတ် ၆ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း၊ ဖြစ်စဉ်ကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်က လိုဂျာပြည်နယ် ချားစ်ခရိုင် ဘန်ဒိုကာဒေသတွင် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသော်လည်း အသေးစိတ်ကိုမူ ပြောကြားခြင်း မရှိချေ။

ဆင်ဟွာ။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၆

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းအား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

One Stop Service ဖြင့် မော်တော်ဆိုင်ကယ် လိုင်စင်လုပ်ငန်းများ အဆင်ပြေအောင်ဆောင်ရွက်

နေပြည်တော် မတ် ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မတ် ၃ ရက် နံနက်ပိုင်းတွင် သထုံမြို့နယ် ရှိကုန်းလမ်းပို့ဆောင်ရေးကုန်စည်ဌာနခွဲ၌ ပို့ဆောင်ရေးစီမံကိန်းဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသည် တာဝန်ကိုစေတနာထားပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများကို ထိုးထွင်းတီထွင်ကြံဆ၍ လုပ်ဆောင်ရန်လိုကြောင်း၊ ပြည်သူကိုဝန်ဆောင်မှုပေးနေရသော ဝန်ကြီးဌာနဖြစ်သဖြင့် ပြည်သူဗဟိုပြုဝန်ဆောင်မှုဖြစ်ရေး အစဉ်သတိပြုကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပြည်သူလူထုအား ဝန်ဆောင်မှုပေးလျက်ရှိနေသည့်လုပ်ငန်းများတွင် စေတနာအပြည့်ထားပြီး မသမာမှု၊ အဂတိလိုက်စားမှုကင်းရှင်းစွာဖြင့် ဆောင်ရွက်ပေးသွားကြရန်တို့ကို မှာကြားသည်။

ထို့နောက် ကရင်ပြည်နယ် ဘားအံမြို့ရှိပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ မော်တော်ဆိုင်ကယ်မှတ်ပုံတင်နေသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအား မော်တော်ဆိုင်ကယ်လိုင်စင်ပြုလုပ်သူများကို ကူညီပေးရန်နှင့်လုပ်ငန်းများ အဆင်ပြေစေရေးဝန်ဆောင်မှုအပြည့်အဝ ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်လမ်း(၃၀)နှင့်(၃၁)လမ်းကြား မန္တလေး အဆင့်မြင့်ဘူတာကြီးခုံးအဆင်း အရှေ့ဘက် ၇၈ လမ်းပေါ်တွင် မတ် ၆ ရက်ည ၈ နာရီခန့်က မြောက်မှ တောင်ဘက်သို့ အရှိန်ပြင်းစွာမောင်းနှင်လာသော အနက်ရောင်ပြိုင်ကား ၂ဃ/------ တိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းနှင့် လမ်းသွားလမ်းလာများ ထိခိုက်မှုမရှိကြောင်း သိရသည်။
တင်မောင်(မန္တလေး)

စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၆

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနသည် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စားသောက်ကုန်များတွင် ခွင့်မပြုဆိုးဆေးများ ပါဝင်မှုမရှိစေရေးအတွက် စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးစိုးရန်နိုင်နှင့် ကျန်းမာရေးဌာနမှ ဒေါက်တာဝေဖြိုးအောင် ဦးစီးအဖွဲ့သည် မတ် ၂ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် မြို့မဈေးနှင့် သပြေကုန်းဈေး၌ ငါးပိစိမ်းစား၊ ငါးပိထောင်းဘူး၊ အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ လက်ဖက်၊ ချင်းနှင့် သားငါးတို့တွင် စားသုံးရန် မသင့်သော ခွင့်မပြု ဆိုးဆေးပါဝင်မှု ရှိ/မရှိ စစ်ဆေးရန် ကွင်းဆင်း၍ နမူနာရယူပြီး ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ ဓာတ်ခွဲစစ်ဆေးရန် ပေးပို့ခဲ့ကြောင်းနှင့် ဈေးရောင်းချသူများအား စားသုံးရန်မသင့်သည့် ဆိုးဆေးပါဝင်သော အစားအသောက်နှင့် ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ အစားအသောက်နှင့် ကုန်ပစ္စည်းများတွင် စားသုံးရန်မသင့်သည့် ဆိုးဆေးပါဝင်မှု ရှိ/မရှိ စစ်ဆေးပေးခြင်းကြောင့် စားသုံးသူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်ကုန်များကို စိတ်ချစွာဝယ်ယူစားသောက်နိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုရှပ(နေပြည်တော်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၃)နှစ်မြောက် နှစ်ပတ်လည်နေ့ကျင်းပ

နေပြည်တော် မတ် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဦးရဲထွဋ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားပြီး စံပြတိုင်းဒေသကြီး၊ ပြည်နယ် ရုံးဆု၊ စံပြခရိုင်ရုံးဆုနှင့် စံပြမြို့နယ်ရုံးဆု ရရှိကြသူများအား ဆုပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆန်းသစ်တီထွင်မှုဆု၊ မီဒီယာဆု၊ ရုံးချုပ် စံပြဝန်ထမ်းဆု၊ အင်္ဂလိပ်စာ၊ အရည်အသွေးထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ စာပေထူးချွန်ဆု၊ အနုပညာထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲနှင့် ဓာတ်ပုံပြိုင်ပွဲဆု ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၇-၃-၂၀၁၄ (သောကြာနေ့)
(၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ အဂ္ဂိတ်နေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၆း၃၅	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက
၆း၄၅	ကြည်ညိုဦးခိုက်ဖူးလိုက်စို့တူပျော် မကွေးမြသလွန်စေတီတော်
၁း၄၀	မြန်မာ့လက်မှုအနုပညာသီရိ မြန်မာကြေးပန်းထိမ်လက်ရာ
၄း၂၅	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၁၅	ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၁၄ ခုနှစ်(ရခိုင်) (နေတိုး၊ အိချောပို) (ဒါရိုက်တာ-ဇာဂနာ)
၈း၃၅	ပြည်သူတို့ရဲ့ စကားသံများ
၆း၄၅	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ -ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ -မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့

‘စာအုပ်စာပေ လူ့မိတ်ဆွေ’ ဟု အဆိုရှိရာ လူတိုင်းသည် စာပေနှင့် မကင်းကွာသင့်ပေ။ လူတိုင်းသည် စာပေကို လေ့လာလိုက်စားကြရပါမည်။ စာပေနှင့်ကင်းကွာသူသည် မျက်စိရှိလျက် အမြင်ခက်သော အကန်းဘဝသို့ပင်ဖြစ်ချေသည်။ ‘အလိမ္မာ စာမှာရှိ’ ဟူသကဲ့သို့ ကျွန်တော်တို့မသိသေး မတတ်သေးသော ပညာရပ်တို့ကို စာအုပ်စာပေ၌ လေ့လာဆည်းပူးနိုင်ပါသည်။ မကုန်ဆုံးနိုင်သော အတတ်ပညာရပ်တို့သည် စာအုပ်စာပေအတွင်း၌ ရှာဖွေတွေ့ရှိနိုင်ပါသည်။

ခန့်ဇော်လတ် (ပညာသု)

စာပေထဲကရရှိသော ဘဝအတွက်အားမာန်များ

ကျွန်တော်တို့ငယ်စဉ်ကလေးဘဝ၌ မိဘများက ဆုံးမပဲ့ပြင်လေ့ရှိပါသည်။ ပညာသင်ချိန် ကျောင်းစာသင်ခန်းတွင်လည်း ဆရာဆရာမများက ကောင်းသောဘဝလမ်းကို လမ်းညွှန်ပြခဲ့ပါသည်။ ဘဝခရီးလမ်းကို ကိုယ်တိုင်လျှောက်လှမ်းချိန်တွင် မိတ်ကောင်းဆွေကောင်းများက အမြဲကူညီဖေးမခြင်း မပြုနိုင်ပါ။ ကျွန်တော်တို့နှင့် မခွဲမခွာအမြဲထာဝရအတူရှိနေရမည့် မိတ်ဆွေကောင်းများမှာ စာအုပ်စာပေများသာ ဖြစ်ပါသည်။

စာအုပ်စာပေ လေ့လာဖတ်ရှုခြင်းနှင့်ပတ်သက်၍ ဆရာတော်ရှင်မဟာရဋ္ဌသာရက-

“မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို
ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။
ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက
သားမယားပင်
သိမြင်ကင်းကွာ၊ မလိမ္မာလည်း
စာပေစကား၊ နေ့တိုင်းကြားက
ထူးခြားလိမ္မာ၊ရှိသည်သာတည့်” ဟူ၍ လမ်းညွှန်နည်းပြ ဆိုဆုံးမခဲ့ပါသည်။

မှတ်သားဖွယ်ရာ စာပေကောင်းများကို မပြတ်လပ်အောင် ရှာဖွေကာ အိမ်တွင်အမြဲဖတ်ရှုရမည်ဖြစ်ကြောင်း၊ ထိုသို့ကြိမ်ဖန်များစွာ ဖတ်ရှုနေသည့် စာပေစကားများကို နေ့စဉ်နေ့တိုင်း ကြားသိနေရခြင်းအားဖြင့် ထူးထူးခြားခြား လိမ္မာယဉ်ကျေးမှုရှိလာပါလိမ့်မည်ဖြစ်ကြောင်း စာဆိုရှင်မဟာရဋ္ဌသာရက ဟောဖော်မိန့်ကြားထားသည်ကို မှတ်သားနာယူခဲ့ရပါသည်။

ကျွန်တော်သည် ငယ်စဉ်ကပင် စာပေလေ့လာဖတ်ရှုခြင်းကို အတန်အသင့် ဝါသနာပါခဲ့ပါသည်။ ကျွန်တော်၏ အသက် (၁၀) နှစ် ပဉ္စမတန်းကျောင်းသားအရွယ်တွင် ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်းနှင့် ရုပ်ပြကာတွန်းများ၊ မဂ္ဂဇင်းများ၊ ဝတ္ထုများစသည့် စာအုပ်စာပေများကို စာအုပ်အငှားဆိုင်များမှ အခပေး၍ ငှားရမ်းဖတ်ရှုခဲ့ရပါသည်။ ထိုအချိန်က စာအုပ်အငှားဆိုင်ဖွင့်သူများနှင့်စာအုပ်ငှားရမ်းဖတ်ရှုသူများသည်လည်း အင်မတန်များပြားလှပါသည်။ ရုပ်ပြကာတွန်းစာအုပ်တစ်အုပ်လျှင် တစ်ရက်ငှားရမ်းဖတ်ရှုခ ဆယ်ပြား၊ ဆယ့်ငါးပြား၊ တစ်မတ်(နှစ်ဆယ့်ငါးပြား)ပေး၍ ငှားရမ်းဖတ်ရှုရပါသည်။ မိသားစုစားဝတ်နေရေးအခြေအနေအရ ကိုယ်တိုင်စာအုပ်ငှားကာ မဖတ်နိုင်သော ကျွန်တော်သည် အခြားသူများဖတ်နေသည့်ဘေးတွင်နေ၍ ဖတ်ခဲ့ရပါသည်။ ထိုစဉ်အခါက ကျွန်တော်ကို နာမည်ပြောင်ဖြင့် ‘ကာတွန်းသရဲ’ ဟု ခေါ်ဆိုခြင်းခံခဲ့ရသည်ကို မှတ်မိနေပါသေးသည်။

ရုပ်ပြကာတွန်းစာအုပ်ဖတ်ခြင်းနှင့်ပတ်သက်ပြီး အမှတ်တရဖြစ်စရာတစ်ခုရှိခဲ့ပါသည်။ ကျွန်တော် ပဉ္စမတန်းကျောင်းသားအရွယ် သူများ၏ဘေးမှာနေပြီး စာအုပ်ဖတ်ခဲ့ရစဉ်က ဖြစ်ပါသည်။ စာအုပ်ကိုကိုင်၍ဖတ်နေသူသည် ကျွန်တော်နှင့်သက်တူရွယ်တူဖြစ်သော်လည်း အတန်းပညာကိုဆက်လက်သင်ယူခြင်းမပြုခဲ့သည့် မခင်ထားဆိုသူဖြစ်ပါသည်။ သူသည် တတိယတန်းအထိသာ ပညာသင်ကြားခဲ့ရသောကြောင့် ပဉ္စမတန်းကျောင်းသား ကျွန်တော့်လောက် စာမသွားသူဖြစ်ပါသည်။ ရုပ်ပြကာတွန်းဖတ်နေစဉ် ဇာတ်လမ်းသဘောအရ မိန်းမကြီးတစ်ဦးက ယောင်ယမ်းပြီးနှုတ်မှထွက်သည့် အာမေဋိတ်သံ စကားလုံးကို ‘ဟဲ့-ငြုပ်သီး’ဟု ရေးသားထားသည်ကို မခင်ထားက ‘ဟဲ့ ပြုပ်သီး’ဟု ပါးစပ်ကအသံထွက်၍ ဖတ်လိုက်ပါသည်။ ကျွန်တော် ‘ငရုပ်သီး’ကို ‘ငြုပ်သီး’ဟု ရေးသားထားခြင်းဖြစ်ကြောင်း စာလုံးပေါင်းအမှန်ကိုပြောပြလိုက်သောအခါမှ သူသိသွားပါသည်။ ထိုအချိန်မှစ၍ မခင်ထားငှားရမ်းဖတ်ရှုသော ရုပ်ပြကာတွန်းစာအုပ်များကို ကျွန်တော်ကိုယ်တိုင်ကိုင်၍ ဖတ်ခွင့်ရရှိခဲ့ပါသည်။ ထိုစဉ်က ‘သည်’ကို ‘သ်ု’ဟုလည်းကောင်း၊ ‘နံနက်’ကို ‘နံက်’ဟု ရေးသားခြင်းမျိုးတို့ကိုလည်း ဖတ်ရှုခဲ့ရဖူးပါသည်။ ထို့ကြောင့် စာကိုများများဖတ်ပါမှ စာလုံးပေါင်း သတ်ပုံများကို နားလည်သိရှိနိုင်ကြောင်းကိုလည်း သဘောပေါက်ခဲ့ပါသည်။

ရုပ်ပြကာတွန်းများကိုဖတ်ရှုခြင်းမှ စာပေလေ့လာဖတ်ရှုခြင်းကို ဝါသနာပါခဲ့သူ ကျွန်တော့်အတွက် အမြဲတမ်းအမှတ်တရဖြစ်စေခဲ့သည့်အကြောင်းတစ်ခုရှိပါသည်။ ကျွန်တော်၏အသက် (၁၅)နှစ်အရွယ်တွင် စာပေလေ့လာဖတ်ရှုမှုနှင့် ပတ်သက်၍ ဦးဆောင်လမ်းပြပေးခဲ့သည့် (ကျွန်တော့်ဘဝတစ်လျှောက်လုံးအတွက် ဆရာတစ်ဆူအဖြစ်သတ်မှတ်ထားသူ) ကျွန်တော်နှင့်တစ်လမ်းတည်းအတူနေသည့် ဦးလေးအရွယ် ဦးမျိုးသန့်ဆိုသူနှင့် တွေ့ဆုံခင်မင်ခဲ့ရပါသည်။ ဦးမျိုးသန့်က “ငါ့တူ မင်းစာဖတ်တာဝါသနာပါရင် ကာတွန်းတွေကိုပဲဖတ်မနေနဲ့တော့ မင်းဘဝတက်လမ်းအတွက် အားမာန်ဖြစ်စေမယ့် စာတွေကိုစဖတ်တော့”ဆိုပြီး တစ်ရက်ငှားရမ်းဖတ်ရှုခသုံးမတ်(ခုနစ်ဆယ့်ငါးပြား) ပေးရသည့် ဆရာကြီးမင်းသိခ်ရေးသားထားသော ‘မာလိန်မှူးထူးစိန်’အမည်ရှိစာအုပ်ကို ငှားပေးပါသည်။ အဲဒီအချိန်ကစပြီး ကျွန်တော်သည် ဝတ္ထုစာအုပ်များကိုစတင်ဖတ်ရှုခဲ့ပါသည်။ ကျွန်တော်ဖတ်ဖူးသမျှ ဆရာကြီးမင်းသိခ်၏ ဝတ္ထုစာအုပ်များထဲက ‘ဖြစ်ချင်ရာဖြစ် မောင်ဘချစ်’ဝတ္ထုကိုဖြင့် အစမှအဆုံး မဟုတ်သည့်တိုင် ယခုအချိန်အထိ အမှတ်ရနေဆဲဖြစ်ပါသည်။ အဲဒီ ဝတ္ထု၏ အဓိကဇာတ်ကောင် မောင်ဘချစ်၏ကြိုးစားအားထုတ်ပုံ၊ ဇွဲသတ္တိရှိပုံ၊ အတွေးအခေါ်မြင့်မားပုံတို့ကို များစွာ ဂုဏ်ယူအားကျခဲ့ရပါသည်။ ကျွန်တော့်အတွက် စာအုပ်စာပေမှရရှိသော ဘဝအတွက်အားမာန်များပင်ဖြစ်ပါသည်။

> **လောကတွင် မှန်ကန်သော ရွေးချယ်မှုကို ပြုလုပ်နိုင်ရန်အတွက်**
> **❒ သီလဟူသည့် ကောင်းသော အကျင့်၊**
> **❒ သမာဓိဟူသည့် အာရုံတစ်ခုတည်း၌သာ စိတ်ကိုထားရှိခြင်းနှင့်**
> **❒ ပညာဟူသည့် အကောင်းအဆိုးကို ကျယ်ကျယ်ပြန့်ပြန့် မှန်ကန်စွာသိရှိနိုင်ခြင်းဆိုသည်တို့ ပြည့်စုံရမည်။**

ကျွန်တော်သည် ဆရာကြီး ချစ်စံဝင်းရေးသားသော ‘စိစစ်ရမည့်ရွေးချယ်မှု’ ဟူသော စာအုပ်ကိုလည်းဖတ်ရှုခဲ့ဖူးပါသည်။ ဆရာကြီး၏စာအုပ်တွင် လောက၌ အောင်မြင်သူများနှင့် ရှုံးနိမ့်သူများဟူ၍ရှိကြကြောင်းနှင့် ထိုသူနှစ်ဦး၏ ကွာခြားချက်များဖြင့်ခေါင်းစဉ်တပ်ပြီး အကြောင်းအချက် ၃၅ ခုကို ရွေးချယ်ဖော်ပြထားပါသည်။ ၎င်းအနက်မှ အောင်မြင်သူများ၏ စွမ်းဆောင်ပြုလုပ်ချက်များသည် စာဖတ်သူများ၏ဘဝအတွက် ကူညီထောက်ပံ့ပေးမည့်ဘဝအတွက် အားမာန်များပင်ဖြစ်ပါသည်။

လောကတွင် မှန်ကန်သောရွေးချယ်မှုကို ပြုလုပ်နိုင်ရန်အတွက် သီလဟူသည့် ကောင်းသောအကျင့်၊ သမာဓိဟူသည့် အာရုံတစ်ခုတည်း၌သာ စိတ်ကို ထားရှိခြင်းနှင့် ပညာဟူသည့် အကောင်းအဆိုးကို ကျယ်ကျယ်ပြန့်ပြန့် မှန်ကန်စွာ သိရှိနိုင်ခြင်းဆိုသည်တို့ ပြည့်စုံရမည်ဖြစ်ကြောင်း ဖော်ပြထားပါသေးသည်။

ဆရာကြီးချစ်စံဝင်းက “ဘဝခရီးကိုလျှောက်လှမ်းရာတွင် ပေါ်ပေါက်လာတတ်သည့်ပြဿနာဆိုသည်မှာ ထိပ်ဆုံးသို့တက်ရန် အခွင့်အလမ်းပင်ဖြစ်ပါ၏။ ရင့်ကျက်တည်ငြိမ်မှုဟူသည်ပြဿနာကို သိုသိပ်စွာ ကိုင်တွယ်ဖြေရှင်းတတ်သော အချိန်မှစ၍ ရရှိပါ၏။ ဉာဏ်ရည်ထက်မြက်သောစီမံခန့်ခွဲသူတို့သည် စားပွဲပေါ်မှ စာရွက်စာတမ်းများကို အပြီးအပိုင်အဆုံးအဖြတ်ပေး၍ ရှေ့လျားစေပါ၏။ ဆုံးဖြတ်မှုတစ်ခုနောက်တွင် နှစ်ပေါင်းများစွာ ဆည်းပူးခဲ့သော အတွေ့အကြုံများရှိပါ၏။ ပြဿနာများကို ဖြေရှင်းခြင်းဖြင့် ကျွန်တော်တို့စိတ်တွင် ရင့်ကျက်သောအရာများရောက်ရှိလာကြ၏။ လူ၏တန်ဖိုးဆိုသည်မှာ ပြဿနာများကို မည်ကဲ့သို့ဖြေရှင်းခဲ့သည်ဟူသော အရာနှင့်သာတိုင်းတာရစမြဲဖြစ်၏”ဟု ဖော်ပြထားပါသည်။

ထို့ပြင် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို နှစ်ကြိမ်တိုင် ထမ်းဆောင်ခဲ့သော ဝန်စတန်ချာချီ၏ အောက်စဖို့ တက္ကသိုလ်ဘွဲ့နှင်းသဘင်အခမ်းအနားတစ်ခုတွင် သူ၏ကိုယ်ပိုင်ဟန်ဖြင့် ပရိသတ်ကို စူးစူးစိုက်စိုက်ကြည့်ပြီး ပြောကြားလိုက်သော “ဘယ်တော့မှ. . . ဘယ်တော့မှ ဘယ်တော့မှ လက်မြှောက်အရှုံးမပေးပါနဲ့”ဟု သမိုင်းတွင် အတိုဆုံးအဖြစ် တင်စားခဲ့သော မိန့်ခွန်းကိုလည်း ဖော်ပြထားပါသေးသည်။ ဖော်ပြပါ အကြောင်းအရာများသည်လည်း စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော ဘဝအတွက်အားမာန်များဖြစ်ပါသည်။

ကျွန်တော်၏ စာပေဖတ်ရှုမှုတစ်လျှောက်နှင့် ယခုအချိန်အထိ အချိန်ရလျှင်ရသလို ဖတ်ရှုနေသော စာအုပ်တစ်အုပ်ရှိပါသေးသည်။ အဲဒီစာအုပ်ကတော့ ဆရာကြီးဖေမြင့်၏ “ပြောတတ်ဆိုတတ်ပေါင်းသင်းတတ်တဲ့သူ” လို့ ခေါင်းစဉ်အမည်ပေးထားသော စာအုပ်ဖြစ်ပါသည်။

ဆရာကြီးရေးသားဖော်ပြချက်များမှာ “လူမှန်သမျှ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခုကို တတ်ဖို့လိုအပ်မြဲဖြစ်တယ်။ အတတ်ပညာရှိမှ လောကအလယ် တင့်တောင့်တင့်တယ် ရပ်တည်နိုင်မှာဖြစ်ပါတယ်။ မိမိတတ်မြောက်ထားသော အတတ်ပညာမှာ ကျွမ်းကျင်မှုရှိလေပို၍ တင့်တယ်အောင်မြင်လေဖြစ်ပါတယ်။ ပညာအခြေခံချင်းတူသော်လည်း ဘဝအခြေအနေကွာခြားသွားကြတာတွေ များစွာရှိနေပါတယ်။ အဲဒါရဲ့ အဓိကအချက်ကတော့ လူအများနဲ့ ဆက်ဆံရေးကိစ္စကြောင့် ဖြစ်ပါတယ်။ လူတချို့သည် အတတ်ပညာရှိသော်လည်း လူမှုဆက်ဆံရေးတွင် အလွန်ညံ့ဖျင်းကြသည်။ တချို့လူများကျပြန်တော့ ပညာလည်းရှိ၊ လူမှုဆက်ဆံရေးလည်း ကျွမ်းကျင်သောကြောင့် အခြားသူများထက် ပို၍ထူးခြားအောင်မြင်ကြောင်း တွေ့ရပါတယ်”ဟူ၍ ဖြစ်ပါသည်။ ထိုအပိုဒ်ကို ဖတ်ရသည့်အတွက် လူမှုဆက်ဆံရေးသည်လည်း လောကတွင် အရေးကြီးကြောင်း သိရှိခဲ့ရပြန်ပါသည်။

ကျွန်တော်သည် ဖော်ပြပါဆရာကြီးများ၏ စာပေများကိုလေ့လာဖတ်ရှုရခြင်းကြောင့် ဘဝအတွက်လိုအပ်သော အားမာန်များကိုရရှိခဲ့ပါသည်။ စာအုပ်စာပေများသည် လူသားတို့၏ အသိပညာများဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းအားများကို အင်မတန်ကြီးမားသော ခွက်ကြီးများနှင့် လောင်းချပေးနေသကဲ့သို့ ဖြစ်ပါသည်။ စာဖတ်သူများအနေဖြင့် မိမိကိုယ်တိုင် လက်ခံရယူနိုင်သော အတိုင်းအတာအထိ ရရှိနိုင်မည်ဖြစ်ပါသည်။ များများဖတ်ပြီး များများလက်ခံနိုင်လေ များများအကျိုးရှိလေဖြစ်ပါသည်။ ဘဝအတွက် လက်တွေ့ကျသော အားမာန်များကို ပေးစွမ်းနိုင်သည့် စာကောင်းပေကောင်းများကို ရှာဖွေလေ့လာဖတ်ရှုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အားမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။



ပြည်သူ့လွှတ်တော်အစည်းအဝေး

ကြက်ခြေနီအဖွဲ့သည် ပြည်သူများကို ကယ်တင်စောင့်ရှောက်နိုင်ရန် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ အဆင်သင့်ထားရှိ

နေပြည်တော် မတ် ၆

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် မည်သည့်နေရာတွင်မဆို လက်ကိုင်ဖုန်းအားလုံး ဆက်သွယ်နိုင်ရေးအတွက် မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိလိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်၌ ခရီးသွားပြည်သူများနှင့် ၎င်းလမ်းမကြီး ဘေးဝဲယာတွင် နေထိုင်ကြသည့်ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်စေရန်အတွက် GSM/UMTS ရေဒီယိုစခန်း(၃၁)ခုနှင့် CDMA-450 ရေဒီယိုစခန်း(၄)ခုကို မိုင်တိုင်အမှတ်(၂၀)၊ (၂၃၅)၊ (၂၅၆)နှင့် (၂၈၄)တို့တွင် တည်ဆောက်တပ်ဆင်ပေးခဲ့သဖြင့် ဆက်သွယ်မှုအဆင်ပြေလျက်ရှိပါကြောင်း။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် CDMA-450 ရေဒီယိုစခန်းများ တိုးချဲ့တပ်ဆင်ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် အဆိုပါအမြန်လမ်းမကြီးတစ်လျှောက်တွင် GSM နှင့် WCDMA မိုဘိုင်းတယ်လီဖုန်းများ ကောင်းမွန်စွာဆက်သွယ်ပြောဆိုနိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **နာဂစ်၊ ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်ဆိုးကြီးများနှင့် ကြုံတွေ့ရချိန်တွင် ပြည်သူများကို ကယ်တင်စောင့်ရှောက်နိုင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား လိုအပ်သော ဖွဲ့စည်းမှု၊ လေ့ကျင့်မှုများ တိုးတက်ရန် သက်ဆိုင်ရာဌာနများမှ စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း/ပြည်ပမှရရှိသော အလှူငွေနှင့် အထောက်အပံ့များကို (၆)လတစ်ကြိမ် ကျင်းပသော အထွေထွေညီလာခံများတွင် ဘဏ္ဍာရေးအစီရင်ခံစာနှင့်အမှုဆောင်အဖွဲ့အစီရင်ခံစာများကို အမြဲတင်ပြပြီး အတည်ပြုခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် တွေ့ဆုံရှင်းလင်းပွဲများတွင်လည်း တိုင်းဒေသကြီး/ ပြည်နယ်များနှင့် သက်ဆိုင်သည်များကို အမြဲတမ်းတင်ပြပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး။

ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို။

ဘဏ္ဍာရေးစာရင်းများကိုလည်း နှစ်စဉ်အတွင်း စာရင်းစစ်၊ အပြင်စာရင်းစစ်များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးအထောက်အပံ့နှင့် လုပ်ငန်းအစီရင်ခံစာရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့ကြပါကြောင်း။

နိုင်ငံတကာမှ ထောက်ပံ့သော လက်သုံးကိရိယာများ၊ အခြားပစ္စည်းကိရိယာများကိုလည်း မြို့နယ်အသင်းရုံးအဆောက်အအုံ၊ ရေတွင်း၊ ရေသိုလှောင်ကန်နှင့်အိမ်သာများကို စီမံချက်ဝင်မြို့နယ်နှင့် ကျေးရွာများသို့ ထောက်ပံ့ပေးပါကြောင်း။

အရေးပေါ်တာဝန်ထမ်းဆောင်ချိန်တွင် ခရီးစရိတ်၊ စားစရိတ်များကို သတ်မှတ်နှုန်းထားဖြင့် အမြဲထောက်ပံ့ပေးပါကြောင်း၊ ဌာနချုပ်/မြို့နယ်အစီအစဉ်များဖြင့် နေ့တွက်စရိတ်ကို သာမန်လူမှုကရုဏာလုပ်ငန်း အစီအစဉ်များတွင် တစ်နေ့ကျပ် ၅၀၀၀ နှုန်း သတ်မှတ်ပြီး အထူးတာဝန်ပေးအပ်သည့် ခက်ခဲဒေသခရီးစဉ်/ လုပ်ငန်းများတွင်တစ်နေ့ ကျပ် ၈၀၀၀ နှုန်း သတ်မှတ်ထောက်ပံ့လျက်ရှိပါကြောင်း။

ကြက်ခြေနီအဖွဲ့သည် ပြည်သူများကို ကယ်တင်စောင့်ရှောက်နိုင်ရန်အတွက် လိုအပ်သောဖွဲ့စည်းမှု၊ လေ့ကျင့်မှုများ တိုးတက်ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကျရောက်နေသူများကို ကူညီစောင့်ရှောက်ခြင်း၊ ရှေးဦးပြုစုပေးခြင်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်အောင်လည်း စဉ်ဆက်မပြတ် ပို့ချသင်တန်းပေးလျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ကျရောက်ပါက ဘေးဒဏ်ခံရသူများအား ချက်ချင်းထောက်ပံ့နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ရုံပေါင်း(၂၃)ခု ဖွင့်လှစ်၍ အဆင်သင့်ထားရှိပါကြောင်း၊ ကြက်ခြေနီလုပ်အားရှင်များအား လိုအပ်သည့်စွမ်းဆောင်ရည် မြင့်မားရေးအတွက် တင်ပြပို့ချထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာကိုတင်သွင်းခဲ့သည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

လစဉ် စက်နှိုးစမ်းသပ်ဆီနှင့် မီးလောင်မှုများတွင် အသုံးပြုရန်အတွက် ဘဏ္ဍာငွေခွင့်ပြုမှုတင်ပြဖြည့်တင်းပေးသွားမည်

နေပြည်တော် မတ် ၆

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့်၏ **"နိုင်ငံတစ်ဝန်းရှိ အရန်မီးသတ်ကားများအတွက် လိုအပ်လျက်ရှိသော စက်နှိုးဆီနှင့် ယာဉ်မောင်းများအတွက် သင့်တင့်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်မီးသတ်စခန်းနှင့် နယ်မြေမီးသတ်စခန်းများရှိ မီးသတ်ယာဉ်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကိုယ့်အားကိုယ်ကိုး ဖွဲ့စည်းထူထောင်ထားသည့် အရန်မီးသတ်စခန်းများတွင်ရှိသည့် မီးသတ်ယာဉ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ မီးသတ်ယာဉ်တစ်စီးလျှင် လစဉ် စက်နှိုးစမ်းသပ်ဆီနှင့် မီးလောင်မှုများတွင် အသုံးပြုရန်အတွက် စက်သုံးဆီ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးများမှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ ဘဏ္ဍာငွေခွင့်ပြုမိန့် တင်ပြထားပြီး ခွင့်ပြုမိန့်ရရှိပါက ဖြည့်တင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ရပ်ကွက်၊ ကျေးရွာများတွင် သက်ဆိုင်ရာမီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့နှင့် ရပ်မိရပ်ဖတို့၏ ကူညီပံ့ပိုးကြီးကြပ်မှုဖြင့် ကိုယ့်အားကိုယ်ကိုး ထူထောင်ထားသည့် အရန်မီးသတ်စခန်းများတွင်ရှိသည့် မီးသတ်ယာဉ်များကို သက်ဆိုင်ရာကော်မတီ၏ အစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်းယာဉ်မောင်းများက အလှည့်ကျတာဝန်ယူမောင်းနှင်ခြင်းဖြစ်၍ လိုအပ်မှုများကို သက်ဆိုင်ရာကော်မတီ၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်ပေးပါကြောင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအသီးသီးတွင်ရှိသည့် စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင်(၂၆၁၄၅၇) ဦးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးလျှင် တူညီဝတ်စုံစရိတ် ထောက်ပံ့ငွေကျပ် တစ်သောင်းနှုန်းဖြင့် ကူညီထောက်ပံ့ပေးခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ မီးသတ်ဦးစီးဌာနတွင် လက်ရှိ လိုက်နာကျင့်သုံးလျက်ရှိသည့် မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ပြဌာန်းချက်များအရလည်းကောင်း၊ အစဉ်အလာအရ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်ကျိုးမကြည့်ဘဲ စွန့်စွန့်စားစား ဆောင်ရွက်မှု၊ ပြည်သူ့ဝန်ထမ်းစိတ် အပြည့်အဝဖြင့် စေတနာအလျောက် ဆောင်ရွက်မှုစသည့် စိတ်ဓာတ်များအရလည်းကောင်း အရန်မီးသတ်တပ်ဖွဲ့တွင် ပါဝင်ထမ်းဆောင်မှုအပေါ် ငွေကြေးချီးမြှင့်ပေးခြင်းမရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာအေးမောင်၏ **"နိုင်ငံတော်အစိုးရမှ သံအမတ်ခန့်အပ်ကာ သံရုံးဖွင့်လှစ်ထားသည့်နိုင်ငံများရှိ နိုင်ငံပိုင်သံရုံးများ၊ စစ်သံရုံးများနှင့်ဆက်စပ်သည့် နိုင်ငံတော်မှပိုင်ဆိုင်သော ကမ္ဘာ့အရပ်ရပ်ရှိ သံရုံးမြေဧရိယာများ၊ သံရုံးများစာရင်းအား နိုင်ငံသူ၊ နိုင်ငံသားအားလုံးမှ ဂုဏ်ယူဝင့်ကြွားဖွယ် သိရှိနိုင်ရေး ကြေညာပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အရပ်ရပ်ရှိ မြို့တော်နှင့်မြို့ကြီး (၄၀)တွင် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး စုစုပေါင်းရုံး(၄၀) ဖွင့်လှစ်ထားရှိပြီး သံတမန်ရေးရာ ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့်။

ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ရာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဘာလင်မြို့၊ ဩစတြေးလျနေသဟာယနိုင်ငံ ကင်ဘာရာမြို့၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ အစ္စလာမာဘတ်မြို့၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ လန်ဒန်မြို့၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၊ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၊ ပြင်သစ်နိုင်ငံ ပါရီမြို့၊ တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့၊ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၊ စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၊ ဂျပန်နိုင်ငံ တိုကျိုမြို့၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တို့တွင် နိုင်ငံတော်ပိုင်သံရုံးများ၊ စစ်သံရုံးများ၊ သံရုံးမြေဧရိယာများ ဝယ်ယူပိုင်ဆိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး(၂၂)ရုံး အနေဖြင့် သက်ဆိုင်ရာနိုင်ငံများမှ ငှားရမ်းသုံးစွဲလျက်ရှိပြီး ငှားရမ်းသုံးစွဲခများအား နှစ်စဉ်နိုင်ငံတော် ဘဏ္ဍာငွေစာရင်း၌ ထည့်သွင်းရေးဆွဲပြီး ခွင့်ပြုမိန့်ရယူ၍ သုံးစွဲလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က လွှတ်တော်နှစ်ရပ် ပြင်ဆင်ထားသည့် ဥပဒေကြမ်းသည် နိုင်ငံတကာစံနှုန်းများနှင့် လိုက်လျောညီထွေမှုရှိပြီး စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်၍ ပြည်သူများထံသို့ နားလည်ရှင်းလင်းအောင် အသိပေးပြောကြားတင်ပြရန် လိုအပ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများအကြား မိမိနိုင်ငံသို့ ဦးတည်လာသော ဖောက်ခွဲဖျက်ဆီးရေးသမား အကြမ်းဖက်မှုများကို ကြုံတွေ့ပါက ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးနိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ကာကွယ်တားဆီးနှိမ်နင်းနိုင်ရန် အထူးစီမံချက်တစ်ရပ်ချမှတ်၍ ပြင်ဆင်ရေးဆွဲသင့်ပါကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီ၏ လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ဆောလျင်စွာ ထုတ်ပြန်ပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

လွှတ်တော်ဥက္ကဋ္ဌက ဦးနိန်းခင်းပေါင်၏ ဆွေးနွေးချက်နှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာပြန်လည်တင်သွင်းရန် ဆုံးဖြတ်ခဲ့ပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

✻ သောက်ရေ သုံးရေမှ

တာဝန်ခံဝန်ကြီးဌာနအနေဖြင့် *Central Dry Zone* နှင့် ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့များနှင့် အသေးစိတ် ညှိနှိုင်းခဲ့ပြီး *Central Dry Zone* ၏ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲထားပြီးဖြစ်ကာ ယင်းစီမံချက်ကို နိုင်ငံတော်စီမံကိန်းထဲတွင် ပါဝင်နိုင်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း။

စီမံချက်တွင်ပါဝင်သည့် လုပ်ငန်းစဉ်(၆)ရပ်မှာ မွေးမြူရေး၊ စိုက်ပျိုးရေးအတွက် ရေရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးလက်စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ကာ ယင်းလုပ်ငန်းစဉ်များကို ဦးစားပေးစီမံချက်အဖြစ် ဆောင်ရွက်သွားကြရန်လိုပါကြောင်း။

မိုးနည်းရပ်ဝန်းဒေသဟု အမည်ပေးထားသည့် အတိုင်း မိုးရေချိန်လက်မနည်းသည့်အပြင် ပုံမှန်ရေတွင်းတူးတိုင်း ရေချိုမထွက်ဘဲ ရေငန်ရေ၊ ဆပ်ပြာရေစသည်များ ထွက်ရှိနေသည့်အတွက် အဓိကသောက်ရေ၊ သုံးရေ ရရှိစေရန် စီမံချက်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စီမံချက်ကို ဦးစားပေးစီမံချက်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်သွားကြရန် လိုပါကြောင်း။

ပြီးခဲ့သည့်ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးသုံးခုတိုင်းသုံးတိုင်းစလုံး တင်ပြကြသည်မှာ ကျေးလက်ဖွံ့ဖြိုးရေးတွင် ရေသာအဓိကဖြစ်နေကြောင်း၊ ရေရသည့်ဒေသတွင် ဝင်ငွေကောင်းပြီး ရေမရသည့်ဒေသတွင် ဝင်ငွေနည်းနေကြောင်း၊ ဆည်ကြီးများများ လိုအပ်သကဲ့သို့ ချောင်းပိတ်၊ မြောင်းပိတ်၊ လျှိုပိတ်ဆည် တည်ဆောက်ပေးရန်၊ စက်ရေတွင်းများများ တူးဖော်ပေးရန်၊ ဧရာဝတီမြစ်ကြီးအပါအဝင် အခြားသောမြစ်လက်တက်၊ မြစ်ငယ်လေးများမှ မြစ်ရေတင်စီမံကိန်းများ ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၆ ရက်က မိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၌ တိမ်ကောနေသည့် ဆည်ကြီးများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်တူးဖော်ဆောင်ရွက်ပေးနေသည်ကို နိုင်ငံတော်သမ္မတ တက်ရောက်ချီးမြှင့်အားပေးခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း။

၎င်းဒေသများတွင် ဆည်ကြီး၊ ဆည်လေးများ များများလိုအပ်သကဲ့သို့ ဆည်များမှတစ်ဆင့် လိုအပ်သည့်နေရာသို့ ရေရောက်စေရန် လက်ကြားမြောင်းကို ရေဆုံးရှုံးမှုမရှိစေရေး အုတ်စီမြောင်းဖြင့် ပို့ပေးနိုင်မည်လား၊ *Conduit* ပိုက်ဖြင့် ပို့ပေးနိုင်မည်လား စသည်ဖြင့် တတ်နိုင်သည့် နည်းလမ်းများဖြင့် ရောက်အောင်ပို့ပေးနိုင်ပါမှသာ ရေကို အကျိုးရှိရှိ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအချက်များသည်လည်း ဘဏ္ဍာငွေကြေးပြည့်စုံမှု၊ မပြည့်စုံမှုများအပေါ်တွင် မူတည်နေပါကြောင်း။

မိမိတို့နိုင်ငံ၏ အခြေအနေကို ပြန်ကြည့်မည်ဆိုပါက မိုးနည်းရေရှားဆိုသော်လည်း မြန်မာနိုင်ငံ၏ တစ်နှစ်လုံးပျမ်းမျှမိုးရေချိန်သည် ၉၀ လက်မခန့်ရှိပါကြောင်း၊ မြစ်ကြီးလေးသွယ်အပါအဝင် ထောင်ပေါင်းများစွာရှိသည့် မြစ်ငယ်၊ ချောင်းငယ်များက စီးဆင်းသည့် မြစ်ရေထုထည်ပမာဏသည် ကုဗပေ ၅၈ သန်းရှိပါကြောင်း။

ယင်းမြစ်ချောင်းများတွင် စုမိသည့် ရေများသည် အငွေ့ပျံခြင်းနှင့် မြေကြီးတွင်စိမ့်ဝင်သည့် ပမာဏသည် ၆၂ ရာခိုင်နှုန်း၊ ပင်လယ်တွင်းသို့စီးဆင်းသွားသည့် ပမာဏသည် ၃၈ ရာခိုင်နှုန်းဟုဖော်ပြထားပါကြောင်း၊ ယင်းသို့များပြားသည့် ရေထုထည်ပမာဏကို သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးလုပ်ငန်းရေအဖြစ် ပြောင်းလဲပေးနိုင်မည့်နည်းပညာနှင့် အရင်းအနှီးတတ်နိုင်ပါက ယခုကဲ့သို့ ရေကြောင့်ရင်ဆိုင်နေရသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးပြဿနာကို မိမိတို့ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

အဓိကရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဝန်ကြီးဌာနများ၏ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးတတ်နိုင်မှု၊ နိုင်ငံတကာမှအကူအညီ ရယူနိုင်မှု၊ နိုင်ငံတကာ၏နည်းပညာပူးပေါင်းဆောင်ရွက်နိုင်မှုများနှင့် အပြည့်အဝအကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတကာအကူအညီချေးငွေဖြင့် ဆောင်ရွက်နေသောလုပ်ငန်းများစွာရှိနေပါကြောင်း။

ကမ္ဘာ့ဘဏ်*(WB)*မှ အမေရိကန်ဒေါ်လာသန်း ၈၀ ကို ၂၀၁၂-၂၀၁၉ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် လုပ်ငန်းဆောင်ရွက်ရန်လည်းကောင်း၊ *JICA* မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၄ သန်းကို အဆိုပါတိုင်းဒေသကြီးများတွင် ၂၀၁၂-၂၀၁၇ ခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် လည်းကောင်း၊ *UN-Habitat* မှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၆ သန်းကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်း။

UNICEF မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၇၇ သန်းကို ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်းလုပ်ငန်းများဆောင်ရွက်သွားနိုင်ရေးအတွက် လည်းကောင်း၊ *BAJ* မှအမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ သန်းကို ၂၀၁၁-၂၀၁၄ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးတွင် လည်းကောင်း၊ *IFAD* မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃ သန်းကို ၂၀၁၃-၂၀၁၅ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးတွင်လည်းကောင်း၊ *ADB* မှ အမေရိကန်ဒေါ်လာ ၁၂ သန်းကို ၂၀၁၃-၂၀၁၆ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

အလားတူ *KFW* (ဂျာမနီ)မှ ယူရိုငွေ ခုနစ်သန်းကို ၂၀၁၃-၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ *IRD* မှ အမေရိကန်ဒေါ်လာ သုံးသန်းကို ၂၀၁၃-၂၀၁၆ ခုနှစ်အတွင်း စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ အီတလီနိုင်ငံမှ ယူရိုငွေသန်း ၂၀ ကို ၂၀၁၄-၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်ငါးခုအတွင်း မြို့နယ်ငါးမြို့နယ်တွင်လည်းကောင်း၊ *UNDP* အနေဖြင့်လည်း ၂၀၁၃-၂၀၁၅ ခုနှစ်အတွင်း အကူအညီများပေးအပ်နိုင်ရေးအတွက် ငွေကြေးပမာဏကို ညှိနှိုင်းဆွေးနွေးဆဲဖြစ်ပါကြောင်း။

ထို့အတွက် ယင်းစီမံချက်များကို *Central Dry Zone* များရှိသည့် တိုင်းဒေသကြီးသုံးခု၏ ခရိုင် ၁၃ ခုတွင် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ရာ လိုအပ်သည့် ရန်ပုံငွေကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် *Central Dry Zone* တွင်ပါရှိသည့် တိုင်းဒေသကြီးအစိုးရများက နိုင်ငံတော်သို့တင်ပြတောင်းခံပြီး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ထောက်ပံ့သွားမည့် ငွေကြေးနှင့်အတူ နိုင်ငံတကာမှ ပေးအပ်မည့် အကူအညီများအပေါ် အခြေခံကာ လုပ်ငန်းစဉ်(၆)ရပ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းမိုးနည်းဒေသများတွင် မိုးခေါင်မှုကြောင့် သီးနှံများပျက်စီးမှု၊ တိရစ္ဆာန်အစာများ ရှားပါးမှု၊ သောက်သုံးရေခက်ခဲမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့နှင့် ဆက်နွှယ်နေသည့်အလုပ်အကိုင်ရှားပါးမှု စသည့် အခက်အခဲများကို အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားမှုဆိုင်ရာများ၊ စီမံချက်နှင့် စပ်လျဉ်း၍ ကျင့်သုံးဆောင်ရွက်သွားမည့်မဟာဗျူဟာများ၊ စီမံကိန်းဆိုင်ရာအကြောင်းအရာများ၊ အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များ၊ ရန်ပုံငွေလျာထားချက်များ၊ အခြားဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုအပိုင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က အပူပိုင်းမိုးနည်းရပ်ဝန်း၏ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့်စပ်လျဉ်း၍ မိမိတို့တိုင်းဒေသကြီးများအလိုက် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲအခြေအနေများအပေါ် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက စီမံချက်နှင့်စပ်လျဉ်းသည့် အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများအား မတ် ၅ ရက် ည ၈ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် Banquet Hall ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ကမ္ဘောဒီးယား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ လာအိုဒုတိယစစ်ဦးစီးချုပ်၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဗီယက်နမ်နိုင်ငံ စစ်ဦးစီးချုပ်နှင့် ဇနီးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်ဇနီးများအား ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာ စားပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(အပေါ်ဝဲပုံ)**

ညစာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့သည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်ဇနီးများနှင့်အတူ ကပြဖျော်ဖြေခဲ့သော မြဝတီတေးဂီတအဖွဲ့သားများအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

(မြဝတီ)

❐ အာဆီယံအဖွဲ့မှ

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများသည် ဗီယက်နမ်စစ်ဦးစီးချုပ် *Sr. Lt. Gen. Do Ba Ty* ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ အင်ဒိုနီးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် *Gen. Dr. Moeldoko* ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် *Gen. Tanasak Patimapragorn* ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ လာအို ဒုတိယစစ်ဦးစီးချုပ် *Brig. Gen. Khamlieng Outhakasone* ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် *Gen. Tan Sri Dato'Sri(Dr.)Zulkifeli Bin Mohd Zin* ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံအဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

(၆၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။

☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး။

11th(ACDFIM) အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဇနီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် *11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM)* အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဇနီးများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက မတ် ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နံနက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဇနီးများသည် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်၍ တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ ခင်းကျင်းပြသထားသော အိမ်ထောင်သည်ရဲမေမိသားစုများ ပြုလုပ်ထားသည့် အိမ်တွင်းမှုလက်မှုပညာများနှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဇနီးများသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်၍ ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

○ ပျော်ဘွယ်မှ

ပျော်ဘွယ်မြို့ အနောက်ဘက်တွင် ထရံကာအုပ်စုရှိပြီး ထရံကာအုပ်စုတွင် ကျေးရွာပေါင်း ၁၁ ရွာရှိသည်။ ထိုကျေးရွာ ၁၁ ရွာမှ ပျော်ဘွယ်မြို့သို့လာလျှင် စွေ့ချောင်းတံတားကိုဖြတ်၍ ဆောက်လုပ်ထားသော ကြက်သွန်ခင်းတံတားကိုဖြတ်၍ လာကြရသည်။ ကြက်သွန်ခင်းတံတား ပြုပြင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးမှ ရန်ပုံငွေကျပ်သိန်း ၃၀ ချပေးခဲ့ရာ ကြက်သွန်ခင်းတံတားကို အလျားပေ ၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၆ ပေရှိ ခေတ်မီသံကူကွန်ကရစ်တံတားအဖြစ် ငွေကျပ်သိန်းပေါင်း ၂၅၀ အကုန်အကျခံ တည်ဆောက်ထားသည်။

ပျော်ဘွယ်မြို့ အနောက်ဘက်တွင် သပြေပင်အုပ်စု၊ ထရံကာအုပ်စုနှင့် လွန်ဝင်အုပ်စုမှ ကျေးလက်ပြည်သူများသည် ပျော်ဘွယ်မြို့သို့သွားလျှင် စွေ့ချောင်းကိုဖြတ်၍ သွားရသည်။ စွေ့ချောင်းမှ ရေအဆက်မပြတ်စီးဆင်းနေသဖြင့် သွားရေးလာရေးခက်ခဲခြင်းကြောင့် မိုးတွင်းကာလတွင် ချောင်းရေကျ၍ မြို့နှင့် အဆက်အသွယ် ခေတ္တပြတ်တောက်ရသည်။ ကျောင်းသား ကျောင်းသူများမှာ မိုးတွင်းတွင် ကျောင်းပျက်ရသည်။

ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုဖြင့် သဲကန်တံတားသစ်ကိုတည်ဆောက်ပေးခဲ့သည်။ **(၁၁၁)**

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေး

ဗီယက်နမ်နိုင်ငံ စစ်ဦးစီးချုပ်နှင့် ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

(မြဝတီ)

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသည် မတ် ၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Bilateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj. Gen. Dato Seri Pahlawan Mohd Tawih Bin Abdullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဒုတိယစစ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်စစ်ဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ အင်ဒိုနီးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Dr. Moeldoko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tanasak Patimapragorn ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tan Sri Dato'Sri (Dr.) Zulkifeli Bin Mohd Zin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ဖိလစ်ပိုင်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Emmanuel T Bautista ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်စစ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် လည်းကောင်း နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၆

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ(Workshop on State Economic Enterprises)ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ကမ္ဘာ့ဘဏ်မှ Sector Manager Mr. Hormoz Aghdaey တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ရငွေနှင့်အသုံးစရိတ်ရှာဖွေသုံးစွဲမှုနှင့် နိုင်ငံတော်ဘတ်ဂျက်တွင်ပါဝင်သည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍတို့နှင့်ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံများနှင့် နှိုင်းယှဉ်သုံးသပ်ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း သိရှိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီနှင့်စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီတို့မှ ကိုယ်စားလှယ်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ အဆင့်မြင့်အရာထမ်းများ၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့အစည်း(MDRI)မှ သုတေသီများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)မှ ကိုယ်စားလှယ်များ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများမှ အဆင့်မြင့်အရာထမ်းများ ပါဝင်တက်ရောက်၍ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ နိုင်ငံတော်ကချမှတ်သင့်သည့် မူဝါဒရေးလုပ်ငန်းစဉ်များ အပေါ် အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်း ခရီးစဉ်များအတွက် လေယာဉ်လက်မှတ် ကြိုတင်ဝယ်ယူနိုင်

နေပြည်တော် မတ် ၆

မြန်မာ့လေကြောင်းမှ ပြည်တွင်းခရီးစဉ်များကို ရန်ကုန်မြို့နှင့်မန္တလေးမြို့များကို အခြေပြုလျက် မတ် ၁၅ ရက်မှစ၍ပျံသန်းပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်မြို့မှ ထွက်ခွာမည့် ခရီးစဉ်များတွင် ရန်ကုန်မြို့မှ နေပြည်တော်၊ မန္တလေး၊ ဟဲဟိုး၊ သံတွဲ၊ စစ်တွေ၊ မြိတ်မြို့နှင့် ကော့သောင်းမြို့များသို့ နေ့စဉ်၊ ညောင်ဦးမြို့သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့နှင့် တနင်္ဂနွေနေ့၊ ကလေးမြို့သို့ ဗုဒ္ဓဟူးနှင့် စနေနေ့၊ ဟုမ္မလင်းနှင့် မုံရွာမြို့သို့ အင်္ဂါနေ့၊ ဗန်းမော်မြို့သို့ ကြာသပတေးနေ့၊ မြစ်ကြီးနား၊ ပူတာအိုနှင့် ဘုတ်ပြင်းမြို့များသို့ အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့၊ မိုင်းဆတ်မြို့သို့ ကြာသပတေးနှင့်သောကြာနေ့၊ တာချီလိတ်မြို့သို့ အင်္ဂါနေ့နှင့်စနေနေ့၊ လွိုင်ကော်မြို့သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနှင့် တနင်္ဂနွေနေ့၊ ကျိုင်းတုံမြို့သို့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့်စနေနေ့၊ ကျောက်ဖြူမြို့သို့ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာနှင့်တနင်္ဂနွေနေ့၊ အမ်းမြို့သို့ တနင်္လာနေ့နှင့်ကြာသပတေးနေ့၊ ထားဝယ်မြို့သို့ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့နှင့် မော်လမြိုင်မြို့သို့ တနင်္လာနေ့တို့တွင် ပြေးဆွဲပျံသန်းပေးမည်ဖြစ်သည်။

မန္တလေးမြို့မှထွက်ခွာမည့် ခရီးစဉ်များတွင် မန္တလေးမြို့မှ ဗန်းမော်၊ ဟုမ္မလင်းနှင့် မြစ်ကြီးနားမြို့များသို့ တနင်္ဂနွေနေ့များနှင့် ခန္တီးမြို့သို့ ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့တို့တွင် ပြေးဆွဲပျံသန်းပေးမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်များအတွက် ကြိုတင်လက်မှတ်များကို မတ် ၇ ရက်မှစတင်ကာ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့လေကြောင်းရန်ကုန်(ရုံးချုပ်)၊ မင်္ဂလာဒုံရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပို့ဆောင်ရေးဌာနခွဲ)နှင့် သက်ဆိုင်ရာမြို့နယ် ဌာနခွဲများတွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ **ကျောဖုံးမှ**

မကြာမီကာလတွင် သမိုင်းဝင်ရေလယ်ရွှေမဥ္ဇူဘုရားပွဲတော် ကျင်းပတော့မည်။ ဘုရားပွဲကာလတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးလာပြည်သူများလာရောက်ကြတော့မည်ဖြစ်၍ ဘုရားဂေါပကဦးအောင်မင်္ဂလာ၏ ရှင်းလင်းပြောပြသည်များကို ဖော်ပြလိုက်ပါသည်။

ဂေါပကအဖွဲ့မှ ဦးအောင်မင်္ဂလာက ဂေါပကအဖွဲ့၌ တာဝန်ယူခဲ့သည်မှာ (၃၃)နှစ် ရှိပြီဖြစ်ကြောင်း၊ ဘုရားပွဲကို နှစ်စဉ်တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယမန်နှစ်များကထက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်စီစဉ်ထားကြောင်း၊ ပွဲတော်ရက်များအတွင်း ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ၊ ဖက်ရှင်ရှိုးပွဲနှင့် ကြည့်ချင်ဖွယ်များဖြင့် ဘုရားဖူးလာပြည်သူများကို ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ဘုရားပွဲကျင်းပချိန်တွင် အင်းတော်ကြီးအနီး ပတ်ဝန်းကျင်ရှိရွာများမှ စုပေါင်းပြီး ပွဲတော်ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ကြကြောင်း၊ ရွှေမဥ္ဇူစေတီတော်၏ ထူးခြားသည့်ဖြစ်စဉ်များကို ရှင်းပြရာတွင် ၂၀၀၄ ခုနှစ်တွင် မြွေသူတော်လာရောက်ဖူးမြော်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် နဂါးဟု ယူဆရသည့် သဏ္ဌာန်အမြီးပိုင်းကို ဘုရားဖူးလာပြည်သူများမြင်တွေ့ခဲ့ပြီး စေတီကို ပတ်၍စောင့်ရှောက်သည်ဟု ထင်မြင်မိကြောင်း၊ စေတီသို့သွားရာနတ်လမ်း၊ လူလမ်း နှစ်လမ်းစလုံးကို လုံးဝဖိနပ်မစီးရန် စည်းကမ်းထုတ်ပြန်ထားကာ ဘုရားပွဲတော်ပြီးမြောက်သည့်ကာလတွင် စီးခွင့်ပြုထားကြောင်း ရှင်းပြသည်။

အင်းတော်ကြီးရှိ ရေလယ်ရွှေမဥ္ဇူဘုရားပွဲတော်ကျင်းပချိန်သည် ရာသီဥတုသာယာကောင်းမွန်ချိန်ဖြစ်၍ ကားလမ်း၊ ရထားလမ်းတို့ဖြင့် သွားပါက မိုးတွင်းကာလကဲ့သို့ ကြန့်ကြာမှုမရှိတော့ဘဲ သွားလာမှုအဆင်ပြေသည့်ကာလဟု သတ်မှတ်နိုင်သည်။ ထို့ကြောင့် ဘုရားဖူးခရီးသွားပြည်သူများသည် မြန်မာနိုင်ငံအတွင်းရှိ ရှားပါးကုန်းတွင်းရေနေဒေသအားလေ့လာရင်း ဘုရားပွဲတော်နှင့်လည်း ကြုံဆုံချိန်ဖြစ်၍ သွားလာသင့်ကြောင်းကို ရေးသားလိုက်ပါသည်။ ။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၆

ဂျပန်နိုင်ငံ တိုကျိုမြို့ HIDA Tokyo Kenshu Center တွင် မတ် ၅ ရက်မှ ၁၁ ရက်အထိကျင်းပမည့် SMEs' Competitive Business Strategy (ENBS) Japan, Training Program သို့ တက်ရောက်ရန် UMFCCI မှ အသင်းဝင်များဖြစ်သော မြန်မာ့ SMEs' စီးပွားရေးလုပ်ငန်းရှင် ၃၀ တို့သည် မတ် ၃ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးမျိုးသက်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာဂန္ထဝင်ကားဟောင်းများ ပြပေးစေချင်

ကြည်ကြည်ကျော် (ရင်တွင်းပုံရိပ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တစ်ခေတ်တစ်ခါက နာမည်ကြီးမင်းသားနှုတ်ခမ်းမွှေးအလှပိုင်ရှင်'မောင်မောင်တာ'နဲ့ 'မေသစ်'တို့ပါဝင်သော ရုပ်ရှင်ကားတစ်ကားကို ပြန်လည်ပြသသည်ကိုကြည့်လိုက်ရပါတယ်။ ယခင်ခေတ်က ရုပ်ရှင်ကားတွေ ပြန်လည်ပြတိုင်းသဘောကျကျေးဇူးတင်ရပါတယ်။ စာရေးသူတို့ငယ်စဉ်က ကျေးဇူးရှင်ဖခင်ကြီးက ရုပ်ရှင်ကြည့်တာမနှစ်သက်လို့ မကြည့်ခဲ့ရတဲ့ကားတွေ အများကြီးပါ။ ကြည့်ရခဲ့သည့်ကားတွေ၊ မကြည့်ဖူးသည့်ကားတွေလည်း ပြန်လည်ပြသစေချင်ပါတယ်။ ကြည့်ရင်းကြည့်ရင်းက မင်းသမီးတစ်ယောက်ပေါ်လာ၊ အဲဒီခေတ်က ရေပန်းစားသည့် ရှန်ဟဲမယ်မင်းသမီးချော 'မေရီမြင့်'ပါ။

မေရီမြင့် ဟိုခေတ်တစ်ခါက နာမည်ကြီး၊ရုပ်ချော ကိုယ်လုံးလှရှမ်းတိုင်းရင်းသွေးပါသူမို့ အသားအရေပါလှသည့် မှဲ့လေးနဲ့မေရီမြင့်၊ တရုတ်ပြည်မှာ ခေတ္တနေစဉ် မယ်ရွေးပွဲမှာဝင်ရောက်ယှဉ်ပြိုင်ရာမှ 'ရှန်ဟဲမယ်'ရခဲ့တာပါ။ ချစ်စဖွယ် ရုပ်ရည်၊ နှုတ်ခမ်းမှာမှဲ့လေးပါလို့ တစ်မျိုးတစ်ဘာသာအလှထူး၊ပရိသတ်အချစ်တော်မင်းသမီးတစ်ဦးပါ။

မင်းသား'မောင်မောင်တာ' နိုင်ငံခြားဆန်ဆန်ရုပ်ရည်နဲ့တစ်မူထူး၊ စမတ်လည်းကျမို့ ကြိုက်ကြပါတယ်။ မောင်မောင်တာရဲ့ဇာတ်ကားတွေနည်းပေမယ့် နာမည်ရပါတယ်။ မောင်မောင်တာကဇာတ်ကားနည်းနည်းပဲ ရိုက်ကူးပြီး ပျောက်ကွယ်သွားသလို မေရီမြင့်ကလည်း ရေပန်းစားအအောင်မြင်ဆုံးအချိန်မှာ ကွယ်လွန်သွားသည့်အတွက် (သားအိမ်ပြင်ပမှာ သန္ဓေတည်၍)နှမြော ကြေကွဲစရာပါ။ မေရီမြင့် အောင်မြင်ချိန်က မင်းသားခင်မောင်နှင့် 'ဖာတစ်လုံးခေါင်းကျား'ဇာတ်ကားပဲကြည့်ဖူးပါတယ်။ မောင်မောင်တာရဲ့ကားဆို တစ်ကားမှမကြည့်ခဲ့ရဘဲ ယနေ့ MRTV ဖွင့်ကြည့်၍သာ ရှားရှားပါးပါး 'ဒေါက်တာအောင်ကျော်ဦး'ကားကို ကြည့်ဖူးတာပါ။ ကျေးဇူးတင်ပါတယ်။

စာရေးသူတို့ဖခင်ကြီးက ရှေးဆန်ပါတယ်။ စာရေးသူတို့ငယ်စဉ်ကျောင်းသူဘဝမို့ ရုပ်ရှင်ကြည့်တာ၊ ကာတွန်းဖတ်တာ၊ ပြင်ပစာဖတ်တာလုံးဝအားမပေးပါ။ စာရေးသူရဲ့သူငယ်ချင်းအစ်မ ဝယ်ဖတ်သော ရုပ်ရှင်မဂ္ဂဇင်းတွေထဲမှ 'မောင်မောင်တာ'ပါဝင်သောဇာတ်ကား၊ အနည်းအကျဉ်းကြုံသလောက်ခိုးဖတ်၍သိရတာပါ။ ထိုအထဲမှ 'မျှော်တလင့်လင့်' ဆိုသည့်ဇာတ်ကားမှာ မောင်မောင်တာပါဝင်ပြီး ကလေးသရုပ်ဆောင်က အကယ်ဒမီ တင်တင်ညိုရဲ့အစ်မ ထားထားနွယ်လို့ထင်ပါတယ်။ မင်းသမီးကိုမသိတော့ပါ၊ နှစ်တွေလည်းကြာခဲ့၊ မကြည့်လိုက်ရလို့ အမှတ်မှားတာဖြစ်မလားမပြောနိုင်ပါ။

ယခုကြည့်ရသော ဒေါက်တာအောင်ကျော်ဦးမှာ မင်းသားမောင်မောင်တာရဲ့ ဇာတ်ရုပ်နဲ့လိုက်ဖက်ပါတယ်။ တကယ် စမတ်ကျသရုပ်ဆောင်ကောင်းတဲ့မင်းသားပါပဲ။ မင်းသမီးချောမှဲ့လေးနဲ့မေရီမြင့်၊ စကားပြော လေယူလေသိမ်း တကယ်ချစ်စရာမို့ ယခုခေတ် အကယ်ဒမီများရှင်မင်းသမီးချော 'မေသန်းနု' (မဆင့်)နဲ့ ခပ်ဆင်ဆင်လေးပါ။ ကျန်းမာ သက်ရှည်မယ်ဆို မေရီမြင့်ခေတ်အတော့်ကို အောင်မြင်ဦးမှာ မြေကြီးလက်ခတ်မလွဲပါ။ မေရီမြင့်ဆုံးပါးစဉ်က ပြည်သူချစ်မင်းသမီးတစ်ဦးမို့ ရုပ်ရှင်ကြည့်ပရိသတ်များနှမြောတသကြေကွဲကြ၊ အမျိုးသမီးကြီး၊ငယ်များဝမ်းနည်းကြ၊ ငိုကြနဲ့မှန်ခေါင်းလေးထဲမှာ ပြုံးပြုံးလေးအိပ်နေသလိုပုံစံလေးကို စျာပနအခမ်းအနားမှာမြင်ဖူးခဲ့တာ မမေ့နိုင်ပါ၊ နှမြော မဆုံးပါ။

မင်းသားမောင်မောင်တာ ဘာလို့များဇာတ်ကားတွေဆက်မရိုက်ခဲ့ဘဲ အောင်မြင်မှုရဆဲမှာ ပျောက်ကွယ်သွားတာ စာရေးသူသေချာမသိပါ။ နှမြောစရာပါ။ စာရေးသူသိရှိခဲ့သမျှ ရုပ်မြင်သံကြားခေတ်မှာ မင်းသားမောင်မောင်တာရဲ့ ရုပ်ရှင်ကားဆိုလို့ ယနေ့ပြသသော 'ဒေါက်တာအောင်ကျော်ဦး'ပါပဲ။ ယခုကဲ့သို့ ရှားပါးသောဇာတ်ကားများမှာ ဒါရိုက်တာ အကယ်ဒမီများရှင်ဦးသုခ၏ နာမည်ကြီးဂန္ထဝင်ရုပ်ရှင်ကား "ဘဝသံသရာ"နှင့်ဇာတ်ကားကောင်းများ၊ သဘာဝမင်းသား စာရေးဆရာ ဒေါက်တာမောင်မောင်သင်၏ဇာတ်ကားများ၊ မြင်ကွင်းကျယ်ရုပ်ရှင်ကားကြီးကို စတင်တီထွင်ရိုက်ကူးခဲ့သည့် ဒါရိုက်တာသဘာဝမင်းသားကျော်ဆွေ၏ 'ပုလဲမျက်ရည်'(မမမေနှင့်)၊ 'ဖြေလျော့ခွေ'မှာ သရုပ်ဆောင်ကောင်း အကယ်ဒမီများရှင်မြင့်မြင့်ခင်(အန်တီဘေဘီ)နှင့်ရှမ်းပြည်၊ရှမ်းတိုင်းရင်းသားများကိုချစ်ခင်၊ အထူးသဖြင့် ရှမ်းစော်ဘွားများနှင့်ပဋ္ဌာန်းဆက်ရှိတဲ့ စာရေးသူ ရှမ်းပြည်မှာ ရိုက်ကူးခဲ့သော မင်းသား 'ကျော်ဆွေ' နှစ်ကိုယ်ခွဲ၊ သွားတက်လေးနှင့် သနားကရုဏာဇာတ်ရုပ်ပိုင်ရှင် မင်းသမီးအကယ်ဒမီ "မေသစ်" တို့ပါဝင်သော 'ဖူးစာနှစ်ခိုင်' ဇာတ်ကားဟာ ကောင်းလွန်းလို့ စွဲခဲ့ပြီး ယနေ့တိုင် မမေ့နိုင်ပါ။ ရှိဦးမယ်ဆိုရင် ကြည့်ချင်ပါတယ်။ စာရေးသူကဲ့သို့ ရှမ်းပြည်ကို ကြိုက်နှစ်သက်သော မင်းသားကျော်ဆွေကလည်းရှမ်းပြည်(တောင်ပိုင်း)အောင်ပန်းမြို့မှာ သူ့ရဲ့ (မိုးမခ)ဆိုသည့် အမည်လှလှလေးနဲ့ ခြံကျယ်ကြီးမှာ ရုပ်ရှင်လည်းရိုက်၊ အပန်းဖြေသည်ဟုလည်း ကြားသိရပါသည်။ မကြာမီက ကွယ်လွန်သွားသော စာရေးသူတို့ချစ်ခဲ့ရတဲ့ သရုပ်ဆောင်ကောင်း အကယ်ဒမီခင်ယုမေ(မမမေ)၏ ရုပ်ရှင်ကားများ၊ အထူးသဖြင့် စာရေးဆရာ၊ ဒါရိုက်တာ၊ မင်းသား၊ အဆိုတော် ဘက်စုံ ထူးချွန်ရာမှာ ရှားပါးသည့် ရုပ်ချောစမတ်ကျကျ မှဲ့လေးနဲ့ဆွဲဆောင်မှုရှိသည့် အကယ်ဒမီမင်းသား ဝင်းဦးနှင့် ခင်ယုမေ (မမမေ)၊ အခြားသရုပ်ဆောင်များပါဝင်သည့် 'ဘွေသိဟာ' နန်းတွင်းရာဇဝင်ကားကြီးကို မကြည့်ခဲ့ရ၍ ကြည့်ချင်လှပါတယ်။ ကြည့်ရခဲ့သော ဂန္ထဝင်ခေတ်ဟောင်းကားကြီးများရှိဦးမယ်ဆိုရင် MRTV မှ တာဝန်ရှိလူကြီးမင်းများ၊ အဖွဲ့သားများက အလျဉ်းသင့်သလို ပြသပေးစေချင်ပါတယ်ရှင်။ ။

ဖခင်အမည်မှန်

မနန်းခင်မွေး၏ဖခင်အမည်မှန်မှာ ဦးမြစန်း(ခ)ဦးမြဆန်း[၁၂/သလန(နိုင်)၀၆၂၂၈၉]တစ်ဦးတည်းဖြစ်ကြောင်း။

ao;@nftouf

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၈၃၃/၂၀၁၃)(၈-၈-၂၀၁၃)ဖြင့် ဒေါ်နုနု အေး[၁၂/တမန(နိုင်)၀၆၇၇၇၂]မှ ဦးစိုးဝင်း [၁၂/မဂတ(နိုင်)၀၂၈၇၄၁]အား ပေးထားသောအထူးကိုယ်စားလှယ်လွှဲစာအားနှစ်ဦးသဘောတူရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။



ပြည်တွင်းရေးရာ

တစ်နှစ်တစ်ကြိမ် သက်တမ်းမတိုးပါက အလုပ်သမားမှတ်ပုံတင်ကတ်ပြား ဖျက်သိမ်းမည်

ရန်ကုန် မတ် ၆

အလုပ်သမားမှတ်ပုံတင်ကတ်ပြားကို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးလဲလှယ်ခွင့်ပြုထားပြီး ယင်းသို့သက်တမ်းတိုး မလုပ်ဆောင်ပါက ဖျက်သိမ်းမည်ဖြစ်ကြောင်း အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ သိရသည်။

"သက်တမ်းတိုးဖို့ သတ်မှတ်ထားတဲ့ရက်မှာဖြစ်ဖြစ်၊ အဲဒီမတိုင်ခင်မှာဖြစ်ဖြစ် သက်တမ်းတိုးတဲ့အလုပ်ကို လုပ်ဆောင်ရမယ်။ ဒီလိုမှ မဟုတ်ရင် cancel ဖြစ်သွားရော"ဟု အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က သက်တမ်းတိုးလဲလှယ်ရန် အချိန်ကာလသတ်မှတ်ချက်ကို သုံးလသာ သတ်မှတ်ပေးရာ ယခုတစ်နှစ်အထိ တိုးမြှင့်သတ်မှတ်ပေးထားသည့်အပြင် ကိုယ်တိုင်လာရောက်လုပ်ဆောင်ရန်အခက်အခဲရှိပါက စာဖြင့်ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ လဲလှယ်နိုင်ကြောင်း သိရသည်။

ထိုအလုပ်သမားမှတ်ပုံတင် ကတ်ပြားပြုလုပ်ထားပါက အလုပ်သမားတစ်ဦးအနေဖြင့် လုပ်ငန်းခွင်အတွင်း နစ်နာသောဖြစ်ရပ်မျိုးကြုံတွေ့ချိန်တွင် အခွင့်အရေးအပြည့်အဝရရှိရန် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်ကိစ္စနှင့်ပတ်သက်၍လည်း ဦးစီးအရာရှိနှင့်လာရောက်တိုင်ပင်နိုင်ကြောင်း၊ လာရောက်တိုင်ပင်ရာတွင်ဖြစ်စေ အလုပ်အကိုင်ရရှိခဲ့ပြီးဖြစ်ပါကလည်း ကတ်ပြား၏အမှတ်စဉ်ကိုဖော်ပြ၍ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ အကြောင်းကြားရမည် ဖြစ်သည်။

"ကျွန်မကုမ္ပဏီတစ်ခုမှာလျှောက်တော့ လေဘာ (အလုပ်သမားမှတ်ပုံတင်) မူရင်းတောင်းလို့ပေးရတယ်။ အဲဒီမှာ တစ်နှစ်ကျော်လောက်လုပ်ပြီး နောက်အလုပ်တစ်ခုပြောင်းလုပ်ဖို့စီစဉ်တဲ့အခါကျတော့ လေဘာ(အလုပ်သမားမှတ်ပုံတင်)အသစ်ပြန်လုပ်ရတယ်"ဟု ကိုယ်တိုင်ကြုံတွေ့သူတစ်ဦးက ပြောသည်။

သို့ရာတွင် အချို့သော ကုမ္ပဏီ၊ လုပ်ငန်းများသည်လည်း အလုပ်သမားမှတ်ပုံတင်ကတ်ပြားတောင်းခံခြင်းမျိုးမလုပ်ဘဲ အလုပ်ခန့်ထားခြင်းများရှိနေသေးကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

မဟာပဋ္ဌာန်းပူဇော်ပွဲများ ကျင်းပမည်

မိတ္ထီလာ မတ် ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်သိမ်ကြီး ကိုးသိမ်ဖြစ်သော မိတ္ထီလာမြို့နယ် ဆည်ကုန်းရွာမှ ပဲသီတာသိမ်၊ အိုမတွေ့ရွာမှ ကတ္တူကန်သိမ်၊ ဝက်ကျောက်ရွာမှ ဝက်ကျောက်သိမ်၊ ရှင်မြို့ရွာမှ ရှင်ပင်ကူသိမ်၊ မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်မှ ထီးသုံးဆင့်သိမ်၊ ညောင်ဇောက်ရွာမှ သဖန်းသိမ်၊ ကျောင်းရွာမှ ကလိန်ခြေသိမ်၊ သာစည်မြို့နယ် ဘူးရုံရွာမှ ကူဖြူသိမ်၊ ကုန်းတောင်းရွာမှ ကုန်းတောင်းသိမ်တို့၌ နှစ်စဉ်တပေါင်းလပြည့်နေ့တွင် သိမ်တော်မြတ်များတည်ရှိရာ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများက အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲများကို တစ်နေ့တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ကျင်းပပူဇော်မည်ဖြစ်သည်။

သံဃာတော် အရှင်သူမြတ်များ ဦးစီး၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုများလှူဒါန်းခြင်း၊ တပေါင်းလပြည့်နေ့ (မတ် ၁၅ ရက်)တွင် မိတ္ထီလာမြို့မှ သိမ်ကိုးသိမ် လှည့်လည်ပူဇော်ရာတွင် ပြည်သူအပေါင်းလိုက်ပါပူဇော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုက်ပါပူဇော်သူများအား နေ့လယ်စာ အာဟာရဒါနကျွေးမွေးခြင်း၊ ပူဇော်မှုအောင်ပွဲအဖြစ် သိမ်ကိုးသိမ်တွင် ဓမ္မသဘင်ပူဇာကျင်းပခြင်းများကို နှစ်စဉ်အစဉ်အလာမပျက် အဋ္ဌမအကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ဝဝ၆)

ပေါက်တပင်-ဖောင်တော်သီလမ်း ကတ္တရာခင်း

ဒိုက်ဦး မတ် ၆

မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်းမရှိစေရန် ကျေးရွာနှင့် ကျေးရွာချင်း၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် ကျေးလက်ဒေသများတွင် လိုအပ်လျက်ရှိသော ချောင်းကူးတံတားများ၊ လမ်းများ၊ သောက်သုံးရေရရှိရေးနှင့် ကျေးလက်လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာအုပ်စု ပေါက်တပင်-ဖောင်တော်သီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကတ္တရာလမ်းသစ် (၀/၆)မိုင်အား ငွေစင်ဆန်းသစ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ငွေကျပ် ၆၆ ဒသမ ၄၂ သန်း အကုန်အကျခံကာ ဆောင်ရွက်လျက်ရှိသည်။

(၅၆၈)

ပြည်ရုပ်သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများ တပ်ဆင်နေစဉ်ကာလအတွင်း လက်ရှိ 10 KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

နေပြည်တော် မတ် ၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြား အစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်း တပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် မတ် ၇ ရက်မှ ၂၀ ရက်အတွင်း Digital ထုတ်လွှင့်မည့် Antenna တပ်ဆင်မှုများဆောင်ရွက်မည်ဖြစ်ပါသဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် Analogue 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။ ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို ပြည်စက်ရုံမှ အရှေ့ဘက်တွင် ပေါင်းတလည်၊ ပေါက်ခေါင်း၊ ဆင်မြီးဆွဲ၊ အနောက်ဘက်တွင် ဆင်တဲ၊ ပန်းတောင်း၊ ဥသျှစ်ပင်နှင့် တောင်ဘက်တွင် ရွှေတောင်၊ အင်းမ၊ ပေါင်းတည်၊ မြောက်ဘက်တွင် ပြလို့၊ ကံမ၊ ကျော်စွာ၊ ဝက်ထီးကန်အထိ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 10 KW ဖြင့် ထုတ်လွှင့်စဉ်ကရရှိနေသော ၁၅ မိုင်ကျော်နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 10 KW ဖြင့် ပြန်လည် ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂုဏ်ယူဖွယ် မြန်မာ့နွား ဦးကြီးများစိတ်ဝင်စား

နေပြည်တော် မတ် ၆

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကျင်းပသော မြန်မာ့ရိုးရာနွားအလှနှင့် လှည်းယဉ်ကြော့ပြပွဲကို နေပြည်တော်စက်စက်ယို ဧက ၃၀၀ စိုက်ကွင်း၌ကျင်းပရာ လှည်းနွားဝါသနာရှင်ဦးကြီးများ အားပေးကြည့်ရှုကြသည်။**(အောက်ပုံ)**

မြန်မာ့ရိုးရာနွားနှင့်လှည်းပြပွဲတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ညောင်အင်းအုပ်စု ချောင်းကောက်ကျေးရွာမှ လယ်သမားကြီး ဦးစိန်အောင်၏ ငွေနိုင်မင်းသားအမည်ရှိ နွားလိမ္မာက နှစ်ကောင်ဆွဲလှည်းကို အတိုင်အလှည့်မလိုဘဲ တစ်ကောင်တည်း ဒုန်းပြေးဆွဲ၍ မြန်မာ့နွား၏ သန်စွမ်းမှု၊ ယဉ်ကျေးလိမ္မာမှုကိုပြသရာ ပရိသတ်များ အထူးအားရနှစ်ခြိုက်ကြသည်ကို တွေ့ရသည်။

နွားလိမ္မာ ငွေနိုင်မင်းသားမှာ ဒေသခံမြန်မာနွားမျိုးစစ်ဖြစ်ပြီး ကာလတန်ဖိုး ကျပ်သိန်း ၃၀ ဖြစ်ကြောင်း၊ လှည်းရုံတိုင်၊ လှည်းပုံတောင်း၊ တံကူနေရာများတွင် နယားရုပ်နှင့် ကြေးကွင်း ကြေးမှိုများ ဆင်ယင်ထားသည့် လှည်းယဉ်မှာ နှစ် ၃၀ သက်တမ်းရှိ၍ ဆိပ်ဖြူမြို့နယ် လက်ဆယ်ရွာမှ ထုတ်လုပ်ခြင်းဖြစ်ပြီး တန်ဖိုးကျပ် ငါးသိန်းဖြစ်ကြောင်း သိရသည်။ **(ကိုကိုနေ)**





ပြင်ဆင်ဖတ်ရှု

၁-၃-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာ-၃ ပါ ကန့်ကွက်နိုင်ပါသည် သဃ်န်းကျွန်းမြို့နယ်ကြော်ငြာတွင် တိုက်အမှတ်(၄၀၃) အစား တိုက်အမှတ်(၄၃၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အော်စကာဇာတ်ပို့ဆုအတွက် ကျေနပ်နေသူ မင်းသမီး Lupita Nyong'o

မကြာမီက အပ်နှင်းချီးမြှင့်ခဲ့သည့် (၈၆)ကြိမ်မြောက် အော်စကာအကယ်ဒမီထူးချွန်ဆုပေးပွဲအခမ်းအနားတွင် ယခုနှစ်အတွက် ဆုအများဆုံးခန့်မှန်းထားသည့် 12 Years A Slave ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိခဲ့သူ မက္ကဆီကို-ကင်ညာမင်းသမီး Lupita Nyong'o က ဘဝတွင် ပထမဆုံးအကြိမ်အနေဖြင့် ယခုကဲ့သို့ ဆုရရှိခဲ့ခြင်းအပေါ် အတိုင်းမသိဝမ်းသာမိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၃၁)နှစ်အရွယ် မင်းသမီး Lupita Nyong'o က ယင်းဆုပေးပွဲ၏ ညတစ်ဝက်ခန့်တွင် ထိုဆုနှင့်ခာတ်ပုံပင်မရိုက်လိုသော တစ်ကိုယ်ကောင်းဆန်သည့် စိတ်ထားများဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ယင်းဆုထိန်းသိမ်းရန်အတွက် အိမ်ကြီးကြီးတစ်လုံးဝယ်ရန်လိုအပ်မည်ဖြစ်ကြောင်းလည်း ဟာသရော နှောကာ Live! သို့ ပြောကြားခဲ့သည်။

ဟောလိဝုဒ်ငွေကြယ်ပွင့် ဘရက်ပစ်ဒ်က ထုတ်လုပ်သူနှင့် ဇာတ်ပို့အဖြစ်ပါဝင်သရုပ်ဆောင်ထား သည့် အဆိုပါ သမိုင်းမှတ်တမ်းဇာတ်ကား 12 Years A Slave ကို ဒါရိုက်တာ Steve McQueen က ပုံဖော်ထားခဲ့ပြီး ယင်းဇာတ်ကားသည် အော်စကာဆုပေးပွဲတွင် အကောင်းဆုံးဇာတ်ကားဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုနှင့် အကောင်းဆုံးဇာတ်ညွှန်းဆုတို့ကိုပါ ရရှိဆွတ်ခူးနိုင်ခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ဇာတ်ကားသစ်တွင် မြင်တွေ့ရမည့် ခရစ္စတင်းစတီးဝပ်

ဗြိတိန်ဒါရိုက်တာ Nima Nourizadeh က စာရေးဆရာ Max Landis ၏ American Ultra အမည်ရှိ ဝတ္ထုကို ဇာတ်လမ်းအဖြစ် ပြန်လည်ပုံဖော်ရန်စိတ်ဝင်စားနေပြီး မူပိုင်ခွင့်အဖြစ် အမေရိကန်ဒေါ်လာ ခုနစ်သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားသစ်ကို နာမည်ကျော် Twilight မင်းသမီး ခရစ္စတင်းစတီးဝပ်နှင့် မင်းသား Jesse Eisenberg တို့က ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကာ ယင်းဇာတ်ကားကို ရှေ့လအတွင်း နယူးအော်လန်း၌ စတင်ရိုက်ကူးသွားမည်ဖြစ်သည်။

ယခုနှစ်အတွင်း ကျင်းပခဲ့သည့် Sundance ရုပ်ရှင်ဆုပေးပွဲတွင်လည်း မင်းသမီးစတီးဝပ်၏ ဇာတ်ကားသစ်ဖြစ်သည့် Camp X-Ray ကို ပြသခဲ့သည်။ ထို့အပြင် စတီးဝပ်သည် ၂၀၁၃ ခုနှစ်က Ask Men ဝက်ဘ်ဆိုက်၏ ထိပ်တန်းအမျိုး သမီးများစာရင်းတွင် ထိပ်တန်း နံပါတ်ခုနစ်တွင် ရပ်တည်နိုင်ခဲ့သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အနုပညာရှင်များ ဝိုင်းဝန်းပံ့ပိုးလျက်ရှိ

ရန်ကုန် မတ် ၆

မကြာမီကျင်းပမည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ရာ အနုပညာရှင်များအနေဖြင့်လည်း အကြိုလှုံ့ဆော်ဖျော်ဖြေပွဲများကျင်းပခြင်း၊ ပရိသတ်များနှင့် ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းကာအမှတ်တရပစ္စည်းများပေးအပ်ခြင်းနှင့် တေးသီချင်းများ၊ ဟာသပြက်လုံးများဖြင့် ဖျော်ဖြေခြင်း၊ ရုပ်သံအစီအစဉ်ဇာတ်လမ်းများတွင် ပါဝင်သရုပ်ဆောင်ခြင်းစသည်ဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးလျက်ရှိနေသည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်ပြီး တိုင်းရင်းသား လူမျိုးအလိုက် ရိုက်ကူးထားသည့် ဇာတ်လမ်းတိုများကို ဖေဖော်ဝါရီလဆန်းမှ စတင်ကာ ရုပ်သံလိုင်းအချို့တွင် စတင်ပြသလျက်ရှိသည်။

ယင်းဇာတ်လမ်းတိုများတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးများအလိုက် ရှစ်ကားရိုက်ကူးထားပြီး တိုင်းရင်းသားလူမျိုးစုံပါဝင်သည့်ဇာတ်ကား တစ်ကား၊ တိုင်းရင်းသားလူမျိုးစုံပါဝင်သည့် အမေးအဖြေစကားဝိုင်းအပါအဝင် ဇာတ်လမ်းတို ၁၁ ကား ပြသသွားမည်ဖြစ် ကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းတိုများတွင် သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် အခြေခံဗဟုသုတများ၊ ပြည်သူများဖြေဆိုရမည့် မေးခွန်းများ၊ သိလိုသည့် အချက်များကို ထည့်သွင်းရိုက်ကူးထားသည်။

မြန်မာအလှမယ် နန်းခင်ဇေယျာ

နေပြည်တော် မတ် ၆

နန်းခင်ဇေယျာသည် ကမ္ဘာတွင်မြန်မာ့ပုံရိပ်ကို ပိုမိုထင်ရှားလာအောင် တွန်းပို့နိုင်ခဲ့သူတစ်ဦးဖြစ်သည်။ သူသည် မြန်မာနိုင်ငံနှင့် နှစ်ပေါင်း ၅၀ ခန့် ဝေးကွာခဲ့သော Miss International ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နန်းခင်ဇေယျာကို ထိုပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် International Culture Association မှ ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင်သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ သူသည် ထိုပွဲကိုဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြည်တွင်းမှ အရေးကြီးအလုပ်ကိစ္စများကို ဖျက်ခဲ့သည်။ သို့သော် ကမ်းလှမ်းခံခဲ့ရခြင်းက သူ့အတွက်အားဆေးတစ်ခွက်ဖြစ်နေပေသည်။ သို့သော် သူ့အနေဖြင့် ထိုပြိုင်ပွဲကိုဝင်ပြိုင်လျှင် Camp တစ်လလောက် ဝင်ရလိမ့်မည်။ သူ့မှာ မော်ဒယ်အတွေ့အကြုံမရှိသောကြောင့် အခက်အခဲများစွာကြုံရလေရာ ပွဲမပြိုင်ခင်ငါးရက်လောက် အလိုတွင် မပြိုင်ဖြစ်တော့ဟုလူကြီးများကို အသိပေးလိုက်သည်အထိဖြစ်ခဲ့မိသေးသည်။သို့သော်အားလုံးက သူ့ကိုပြိုင်စေချင်ကြသောကြောင့် စပွန်ဆာဝိုင်းရှာကြရာ အဝတ်အစားအတွက် မမဥ္ဇူ မသွင်စုထွေး၊ ကိုပြည်စိုးအောင်တို့၏အကူအညီကိုရရှိခဲ့သည်။ သူသည် ဂျပန်သို့ရောက်သောအခါ မြန်မာဟု စာတန်းထိုးထားသော စလွယ်ကို လွယ်ထားရသည့်အတွက် သူ့စိတ်ထဲတွင် မြန်မာနိုင်ငံကိုကိုယ်စားပြုနေပြီး သူပြုလုပ်သမျှသည် မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိမည်ဖြစ်သဖြင့် အစစအရာရာ ထိန်းသိမ်းနေထိုင်တတ်ရပေမည်ဟု တွေးခဲ့မိပေသည်။ (မင်းဆက်ဝေ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရုံးအမှတ်(၁)၊ နေပြည်တော်
(၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်)

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော်တွင် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့၌ လူတွေ့စစ်ဆေးကျင်းပပြုလုပ်ခဲ့သည့် ဒုတိယဦးစီးမှူး၊ ကွန်ပျူတာစီစဉ်ရေးမှူးနှင့် စာရင်းကိုင်(၂) (လစာနှုန်း ၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ)ရာထူးနေရာများအတွက် စာမေးပွဲအောင်မြင်သူ (၂၇)ဦး၏ အမည်စာရင်းများကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။
ခုံအမှတ်- ၁၊ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၄၊ ၃၁၊ ၃၂၊ ၃၇၊ ၄၂၊ ၄၈၊ ၆၁၊ ၆၃၊ ၆၅၊ ၆၇၊ ၇၂၊ ၇၅၊ ၇၉၊ ၈၁၊ ၈၃၊ ၈၈၊ ၉၂၊ ၁၀၁
၂။ စာမေးပွဲအောင်မြင်သူများသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့ ၁၀-၃-၂၀၁၄ ရက်နေ့(တနင်္လာနေ့) နံနက် (၉း၀၀) နာရီ အရောက် လာရောက်သတင်းပို့ကြရန်ဖြစ်ပါသည်။



ဥတုရာသီ တောကိုမှီ

ဘရာဇီးက တောင်အာဖရိကအား ငါးဂိုးပြတ်နိုင် တိုက်စစ်မှူးနေမာ ဘရာဇီးအတွက် ဟက်ထရစ်ဂိုးသွင်းယူ

ဂျိုဟန်နစ္စဘတ်၌ ယှဉ်ပြိုင်ကစားခဲ့သော တောင်အာဖရိကအသင်းနှင့် ဘရာဇီးအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ဘရာဇီးတိုက်စစ်မှူးနေမာသည် ဘရာဇီးအသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဖီးလစ်ပီစကော်လာရီ၏ ဘရာဇီးအသင်းသည် အဝါရောင်ဝတ်စုံကို အမြဲတမ်းလိုလိုအသုံးပြုပွဲထွက်လာခဲ့ရာ ယခုပွဲစဉ်တွင် အပြာရောင်ဝတ်စုံကို အသုံးပြုခဲ့ပြီး တစ်ကိုယ်တော်အစွမ်းများနှင့်အတူ ပြိုင်ဘက်တောင်အာဖရိကအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဘရာဇီးအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူးနေမာက သုံးဂိုး၊ ကွင်းလယ်ကစားသမား အော်စကာက တစ်ဂိုးနှင့် ဖာနန်ဒင်ဟိုက တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့ကြပြီး တိုက်စစ်မှူးနေမာသည် ၂၀၁၂ ခုနှစ်က တရုတ်အသင်းအားရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင်လည်း ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး တစ်ဦးဖြစ်သည်။

ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(က)၌ ခရိုအေးရှား၊ မက္ကဆီကို၊ ကင်မရွန်းတို့နှင့် ယှဉ်ပြိုင်ကစားရရန်ရှိနေပြီး လက်ရှိအချိန်အထိ ခုနစ်ပွဲဆက်တိုက်နိုင်ပွဲရရှိထားကာ နည်းပြစကော်လာရီ နည်းပြခဲ့သည့် ပွဲစဉ်များတစ်လျှောက် ၁၄ ပွဲတွင် ၁၃ ပွဲဆက်တိုက်နိုင်ပွဲရရှိထားကြောင်းလည်း သိရသည်။

ငွေကြယ်

စပိန်အသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ကြောင်း တိုက်စစ်မှူး ဒီယေဂိုကော်စတာ ဖွင့်ဟပြောကြား

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဘရာဇီးနွယ်ဖွား တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် စပိန်အသင်းအတွက် ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့သည့် အီတလီအသင်းနှင့် ချစ်ကြည်ရေးပွဲစဉ်တွင် အကောင်းဆုံးစွမ်းဆောင်ရည်မပြသနိုင်ခဲ့သော်လည်း ယခုပွဲစဉ်သည် ၎င်း၏ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့သည့် ပွဲစဉ်ဖြစ်ခြင်းကြောင့်သာ ယခုကဲ့သို့ စပိန်အသင်းအတွက် အကောင်းဆုံးမကစားပေးနိုင်ခြင်းသာဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

စပိန်အသင်းနည်းပြ ဒယ်ဘိုစကေးသည် တိုက်စစ်မှူးဒီယေဂိုကော်စတာအတွက် စပိန်အသင်းအတွက် ပထမဆုံး ပွဲထွက်ကစားစေခဲ့သည့် ပွဲစဉ်ဖြစ်၍ ပွဲချိန်ပြည့်ကစားစေခဲ့သော်လည်း စပိန်အသင်းအတွက် အနိုင်ဂိုးတစ်ဂိုးကိုမူ ဘာစီလိုနာကစားသမား ပက်ဒရိုကသာ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းနှင့်အတူ ပထမဆုံးအကြိမ်ပွဲထွက်ကစားခွင့်ရရှိခဲ့သည့်အား ဝမ်းမြောက်ပျော်ရွှင်မိကြောင်း၊ ယင်းပွဲစဉ်တွင် အနိုင်ရလဒ်ဆောင်ကြဉ်းနိုင်ခဲ့လင့်ကစား စပိန်အသင်းအတွက် အကောင်းဆုံးမစွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် စပိန်အသင်းအတွက် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိရန် အက်သလက်တီကိုမက်ဒရစ်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားရန်ရည်ရွယ်ထားကြောင်း တိုက်စစ်မှူးဒီယေဂိုကော်စတာက ပြောကြားခဲ့သည်။

သို့ရာတွင် စပိန်အသင်းနည်းပြ ဒယ်ဘိုစကေးကမူ နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီတွင် ဘိုလီဗီးယား၊ အယ်လ်ဆာဗေးဒိုး စသည့်အသင်းများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များ ကစားရဦးမည်ဖြစ်၍ ကော်စတာအား ထည့်သွင်းကစားသွားရန် ရည်ရွယ်ထားကြောင်းလည်း ပြောကြားခဲ့သည်။

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Sunlife နှင့် Cepsa တို့က အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၅ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းဆွေ(ငြိမ်း)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် အောင်ကျော်နိုင်၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် မင်းမင်းနှင့် အောင်ကျော်နိုင်အတွဲ၊ အမျိုးသမီးအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် နီလာဝင်း၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ (Mixed Double)ပြိုင်ပွဲတွင် နီလာဝင်းနှင့် အောင်ကျော်နိုင်၊ အမျိုးသားအသက်(၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် မင်းမင်း၊ အသက်(၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် အေးထွန်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ဇော်ဇော်နှင့် အောင်မိုးအတွဲ၊(၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် အောင်မိုး၊ အသက် (၆၀)နှင့် အထက် တစ်ဦးချင်းပြိုင်ပွဲတွင် သိန်းအောင်၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ဇော်လေးနှင့် အောင်ဆန်းအတွဲတို့က အသီးသီးဗိုလ်စွဲသွားကြပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းဆွေ (ငြိမ်း)နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ကြသည်။

Myanmar CP ဖလားတင်းနစ်ပြိုင်ပွဲကို မတ် ၁၆ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ Myanmar Open ဖလားတင်းနစ်ပြိုင်ပွဲကို ဧပြီ ၂ ရက်မှ ၆ ရက်အထိလည်းကောင်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

ပရီမီယာလိဂ်ရင်ခုန်သံ – ၂၉

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ကို မတ် ၈၊ ၉ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကြောင့် ပွဲစဉ်အများစုကို ရွှေ့ဆိုင်းထားပြီး ငါးပွဲတည်းသာယှဉ်ပြိုင်ကစားစေမှာဖြစ်ပါတယ်။

ဝက်စ်ဘရွန်း - မန်ယူ ည ၇း၁၅ (၈-၃-၁၄)

မန်ယူကအဝေးကွင်းပွဲတွေမှာ ခြေစွမ်းတည်ငြိမ်မှုအားနည်းနေပြီးတိုက်စစ်ကလည်းပုံမှန်ဂိုးသွင်းခြေမရှိသေးတာကို သတိပြုရမယ်။ ဝက်စ်ဘရွန်းရဲ့လက်ရှိခြေစွမ်းပိုင်းမာကျောမှုရှိပြီး အိမ်ကွင်းမှာလည်းလီဗာပူး၊ချယ်လ်ဆီးတို့လိုအသင်းတွေကို သရေကစားနိုင်ခဲ့တာမို့ မန်ယူအတွက်ခက်ခဲတဲ့ပွဲဖြစ်လာနိုင်တယ်။ ဒါပေမယ့် မန်ယူက အဝေးကွင်းမှာနိုင်ပွဲပြန်လည်ရှာဖွေနိုင်ဖို့အားစိုက်လာမှာမို့ ဝက်စ်ဘရွန်းအတွက်လည်း ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာမှာပါ။ မန်ယူကပ်နိုင်သွားနိုင်တယ်။

ကာဒစ်ဖ် - ဖူလ်ဟမ် ည ၉း၃၀ (၈-၃-၁၄)

ဖူလ်ဟမ်က နောက်ဆုံး အဝေးကွင်းနှစ်ပွဲမှာ သရေရလဒ်တွေ ရယူနိုင်ခဲ့တယ်ဆိုပေမယ့်ခြေစွမ်းပိုင်းသာမန်သာရှိတယ်။ အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ ကာဒစ်ဖ်အသင်းဟာ အိမ်ကွင်းနိုင်ပွဲပြန်လည်ရှာဖွေနိုင်ဖို့ ခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် ကာဒစ်ဖ်ရဲ့ တိုက်စစ်ပိုင်းအနည်းငယ်အားနည်းနေတာကို သတိပြုရမယ်။ ကာဒစ်ဖ်အသင်း အိမ်ကွင်းနိုင်ပွဲ ပြန်လည်ရရှိနိုင်တဲ့ပွဲပါ။

ပဲလေ့စ် - ဆောက်သမ်တန် ည ၉း၃၀ (၈-၃-၁၄)

ဆောက်သမ်တန်ရဲ့ အဝေးကွင်းခြေကလည်းမာကျောမှုရှိကာ နောက်ဆုံးအဝေးကွင်းနှစ်ပွဲဆက် ရှုံးပွဲကြုံခဲ့ရလို့အခုပွဲမှာနိုင်ပွဲရဖို့ ပြန်လည်အားစိုက်လာမှာဖြစ်တယ်။ဒါပေမယ့် ပဲလေ့စ်က နောက်ပိုင်း အိမ်ကွင်းပွဲတွေမှာရလဒ်တွေကောင်းမွန်နေတယ်ဆိုပေမယ့် အသင်းလိုက် ခြေစွမ်းကသာမန်သာရှိတယ်။ ပဲလေ့စ်ရဲ့ ရှုန်းအားကြောင့် ဆောက်သမ်တန်ရဲ့အနိုင်ပြတ်သားဖို့တော့ခက်နိုင်တယ်။

နော့ဝှစ်ချ် - စတုတ် ည ၉း၃၀ (၈-၃-၁၄)

စတုတ်ရဲ့ ခြေစွမ်းကတော့ သာမန်သာရှိပြီး အမှတ်ပေးပြိုင်ပွဲ အဝေးကွင်းပွဲတွေမှာလည်း နိုင်ပွဲတစ်ပွဲသာရှိတဲ့အထိ ကစားပုံအားနည်းနေတယ်။ အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးအိမ်ကွင်းလေးပွဲဆက် ရှုံးပွဲမရှိခဲ့သလိုမန်စီးတီး၊ စပါးတို့နဲ့ ရင်ဆိုင်ခဲ့ရတဲ့ အိမ်ကွင်းပွဲတွေမှာလည်း ရှုန်းအားကောင်းမွန်ခဲ့တဲ့ နော့ဝှစ်ချ်ကို စတုတ်အသင်း ဖိအားပေးနိုင်ဖို့ခက်တယ်။ နော့ဝှစ်ချ်အသင်းကသာ အနိုင်ရရှိသွားမှာပါ။

ချယ်လ်ဆီး - စပါး နံနက် ၀၀း၀၀ (၉-၃-၁၄)

နောက်ဆုံး အဝေးကွင်းနှစ်ပွဲဆက် ရှုံးပွဲကြုံခဲ့ရတဲ့ စပါးကတော့ နော့ဝှစ်ချ်ကို အရေးနိမ့်ခဲ့ရတဲ့အဝေးကွင်းပွဲမှာ ခြေစွမ်းပိုင်းအသာစီးရဖို့ ရှုန်းကန်ခဲ့ရတာမို့ ချယ်လ်ဆီးကို ခြေရည်တူယှဉ်နိုင်ဖို့ခက်တယ်။ ချယ်လ်ဆီးက အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ အိမ်ကွင်းပွဲတွေမှာ ရှုံးပွဲမရှိသေးတဲ့အထိ ခြေစွမ်းပိုင်းတည်ငြိမ်ထက်မြက်နေတာကြောင့် စပါးကိုဖိအားပေးနိုင်မှာပါ။ ချယ်လ်ဆီးရဲ့ တိုက်စစ်က အားနည်းမှုရှိပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ရှုန်းအားမဆိုးဘူး။ ခြေစွမ်းပိုမိုတည်ငြိမ်ပြီး အိမ်ကွင်းအားလည်းရှိနေတဲ့ချယ်လ်ဆီးသာ အနိုင်ရရှိသွားမှာပါ။

မြေနှစ်ရှည်ငှားမည်

ရန်ကုန်-ပဲခူး ကားလမ်းနှင့် ကိုက် ၂၀၀ ခန့်အကွာ
မြေ (၉)ဧက ငှားမည်။
ဆက်သွယ်ရန်- ၀၁-၅၁၉၃၅၃
၀၉-၄၅၀၀၃၄၂၃၆

ပျောက်ဆုံးကြောင်း

ကျွန်မ မသစ်သစ်အေး၏ ပတ်စ်ပို့နံပါတ် 676148 ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
သစ်သစ်အေး **Ph: 09-8636984**

မသင်္ကာဖွယ်တွေ့ရှိသူ ဖမ်းဆီးအရေးယူ

ရန်ကုန်   မတ်   ၆

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒု-ရဲအုပ်ဌေးအောင်နှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ပြေးလေးပြေး ဖမ်းဆီးရမိရေးအတွက် နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် မတ် ၅ ရက် ညနေက အလုံမြို့နယ် သစ်တောရပ်ကွက် အလုံလမ်းနှင့် ကမ်းနားလမ်းသစ်(ကွန်ကရစ်လမ်း)ထောင့်တွင် အောင်နိုင်(၃၁)နှစ် အုတ်သဲကျောက်လမ်း ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေသူအား ကျောပိုးအိတ်အနက်ရောင်တစ်လုံး လွယ်လာသည်ကို မသင်္ကာဖွယ်တွေ့ရှိ၍ သက်သေများဖြစ်သော ဦးလှကျော်(ရာအိမ်မှူး)၊ ဦးလှမိုး (အရန်မီးသတ် ဒု-တပ်ခွဲမှူး)တို့နှင့်အတူ ခေါ်ယူစစ်ဆေးရာ ကျောပိုးအိတ်အတွင်းမှ အရှည် ၁၆ လက်မခန့်ရှိ ကျပ်လုံးသံချောင်း ၁၆ ချောင်းနှင့် အရှည် ၁၆ လက်မခန့်ရှိ သုံးမူးလုံးသံချောင်း ၁၈ ချောင်းတို့ကိုတွေ့ရှိ၍ မေးမြန်းရာ ၎င်းပိုင်ပစ္စည်းဖြစ်ကြောင်း ပြောပြနိုင်ခြင်းမရှိသဖြင့် အလုံမြို့မရဲစခန်းက (ပ)၅၉/၂၀၁၄၊

ပုဒ်မ ၃၇၉/၅၄ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

ကားနှင့်ဆိုင်ကယ်တိုက်မိ၍ တစ်ဦးသေ

နေပြည်တော်   မတ်   ၆

နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၃၁/၁-၂)အကြား၌ မတ် ၁ ရက် ည ၇ နာရီ ၁၀ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုရားတောင်အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

မန္တလေးမှ နေပြည်တော်သို့ မောင်စိုး(၃၈)နှစ်မောင်းနှင်ပြီး မစန်းဝင်းစိန်(၁၈)နှစ်လိုက်ပါလာသည့် ၂၉ယ/. . . ကန်ဘို ၁၁၀ အစိမ်းပုပ်ရောင်ဆိုင်ကယ်သည် ကိုကို(၃၄)နှစ် မောင်းနှင်လာသော ၁ဂ/. . . အာဖက်အဖြူရောင်ယာဉ်နှင့် တိုက်မိခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိမှုကြောင့် မောင်စိုးနှင့် မစန်းဝင်းစိန်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံသို့ တင်ပို့ကုသခဲ့ရာ မောင်စိုးမှာ မတ် ၂ ရက် ညနေ ၆ နာရီတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

(ရဲပြန်ကြား)

ယင်းမာပင်မြို့၌ လူမရှိဘဲ နွားနို့အိုးတည်ထားရာမှ မီးလောင်မှုဖြစ်ပွား

စစ်ကိုင်း   မတ်   ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ (က)ရပ်ကွက်တွင် ယနေ့နံနက် ၁၀နာရီက ဦးမြင့်လွင်၏နေအိမ်၌ လူမရှိဘဲ နွားနို့အိုးတည်ထားရာမှ ထရံသို့မီးကူးစက်လောင်ကျွမ်းခဲ့ရာ လူနေအိမ်သုံးလုံး၊ နွားစာတဲ တစ်လုံး၊ ဆိတ်ခြံ၊ လူနေအိမ်အဖီနှင့် အတွင်းပစ္စည်းအချို့ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးမြင့်လွင်၏ သွပ်မိုး၊ ပျဉ်ကာ၊ ကြမ်းခင်း ၂၄ ပေ× ၁၆ ပေ နှစ်ထပ်၊ ၁၆ ပေ ပတ်လည် ထန်းရွက်မိုး ဝါးကာ မြေစိုက်နွားစာတဲ၊ ၁၆ ပေပတ်လည် ထန်းရွက်မိုးထရံကာ မြေစိုက်လူနေအိမ်၊ ၂၄ ပေ × ၁၆ ပေ ကပ်မိုးထရံကာမြေစိုက်လူနေအိမ်နှင့် ၁၆ ပေပတ်လည် ဆိတ်ခြံတစ်ခြံ မီးလောင်ဆုံးရှုံးခဲ့သည်။

ယင်းမာပင်မြို့နယ်မှ မီးသတ်ယာဉ် နှစ်စီး၊ ပုလဲမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ ပုထိုးသာမှ တစ်စီး၊ မုံရွာမြို့မှ တစ်စီး၊ ဆားလင်းကြီးမြို့နယ်မှ တစ်စီး စုစုပေါင်း မီးသတ်ယာဉ် ခြောက်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် ဒေသခံ ၈၀ ကျော်တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ကာ ၁၀ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်သုံးလုံးမှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၅ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပြီး မီးလောင်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းစမ်းအေး၊ ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မီးကို ပေါ့ဆစွာအသုံးပြုသူ ဦးမြင့်လွင် (၄၄)နှစ်အား ယင်းမာပင် မြို့နယ် ရဲစခန်းက (ပ) အမှတ် ၅၁/၂၀၁၄၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မူဆယ်မြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ် မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ရောက်ရှိနေသည့် အမှတ်(၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များထံ မတ် ၃ ရက် မွန်းလွဲ ၂ နာရီခွဲက နယ်မြေခံ တပ်မှ တပ်မတော်သားများရောက်ရှိလာပြီး ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့နယ်ခွဲ မန့်ဝိန်းကျေးရွာနေ အိုက်နုတ်(၁၉)နှစ်အား 88/1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၉၄၅၀ (အလေးချိန် ၂ ဒသမ ၆၅၀၅ ကီလို) တန်ဖိုးငွေကျပ် ၅၈၉ သိန်းနှင့်အတူ လာရောက်အပ်နှံစေခဲ့သည်။ စစ်ဆေးချက်အရ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီ ၀၅ မိနစ်က မူဆယ်မြို့နယ် မုံးပေါ်ကျေးရွာ အုပ်စု မုန်းပေါ်ရွာနှင့် မန့်ဝိန်းရွာ ကြား၌ အိုက်နုတ်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများ တွေ့ရှိ ဖမ်းဆီးရမိခဲ့ခြင်းကြောင့် အိုက်နုတ်အား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)** **(ရဲပြန်ကြား)**

ဆိုင်ကယ် ၁၉ စီးသိမ်းဆည်းရမိသည့် ကော့သောင်းမြို့မှ ကြက်တိုက်လောင်းကစားပွဲ

ကော့သောင်း မတ် ၆

ကော့သောင်းမြို့ ဘန်းကချွန်ကျေးရွာအုပ်စု ၁၅ မိုင်ကျေးရွာ၌ မတ် ၂ ရက် ညနေ ၃ နာရီက ကြက်တိုက်လောင်းကစားဝိုင်းကို ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့ ဘန်းကချွန်ကျေးရွာအုပ်စု ၁၅ မိုင်ကျေးရွာမြောက်ဘက် ဥယျာဉ်ခြံတစ်ခု အတွင်း၌ ကြက်တိုက်လောင်းကစားဝိုင်းပြုလုပ်နေကြောင်း သတင်းအရ ကော့သောင်းရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ် အေးကြိုင်နှင့်အတူ နယ်ထိန်းအဖွဲ့ဝင် ငါးဦး၊ နယ်မြေခံ ပြည်သူ့စစ် ငါးဦးတို့ သွားရောက်ဖမ်းဆီးရာ ကုလားမဲ(ခ)စံရင်၊ ဝင်းသိန်း၊ အောင်မျိုးသက်၊ ငွေသိန်းတို့ လေးဦးအား ဖမ်းဆီးရမိပြီး ကျန်သူများမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

လောင်းကစားဝိုင်းမှ ဆိုင်ကယ် ၁၉ စီးနှင့် ငွေများ သိမ်းဆည်းရမိပြီး ထွက်ပြေးလွတ်မြောက်သူများကို ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

အမှတ်(၃)အခြေခံပညာဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
ကိုယ်ပိုင်ကျောင်းဆရာများလူတွေ့စစ်ဆေးမည့်ကိစ္စကို
အသိပေးကြေညာခြင်း

ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားသူများကို ၂၅-၃-၂၀၁၄ရက်(အင်္ဂါနေ့)၊ ၂၆-၃-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဤဦးစီးဌာနရှိ စံကားဖြူခန်းမနှင့် အ. ထ. က(၃) ကြည့်မြင်တိုင်တွင် လူတွေ့စစ်ဆေးမည်ဖြစ်၍ မူရင်းအထောက်အထားများနှင့် လာရောက်ကြရမည်။

အဖွဲ့(၉)ဖွဲ့ဖြင့် စစ်ဆေးမည်ဖြစ်ပြီး မိမိပါရှိမည့်အဖွဲ့အမှတ်ကို ၂၀-၃-၂၀၁၄ ရက်တွင် အမှတ်(၃)အခြေခံပညာဦးစီးဌာန၌ ကြော်ငြာမည်။

သတ်မှတ်ရက်တွင် လူတွေ့စစ်ရန်မရောက်ရှိပါက လျှောက်ထားသူ၏ တာဝန်ဖြစ်ပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်
အမှတ်(၃)အခြေခံပညာဦးစီးဌာန



မူပိုင်ခွင့်နှင့်ပတ်သက်၍ အသိဉာဏ်ပစ္စည်းဆိုင်ရာအသင်းမှ အခမဲ့ ကူညီသွားမည်

ရန်ကုန်၊ မတ် ၆

လုပ်ငန်းအမျိုးအစားပေါင်းစုံအား မူပိုင်ခွင့်အတွက် နည်းပညာပံ့ပိုးမှု လုပ်ငန်းများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများ၊ စတင်လုပ်ကိုင်မည့် လုပ်ငန်းများအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများကို အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အသိဉာဏ်ပစ္စည်းဆိုင်ရာအသင်းက အခမဲ့ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း မတ် ၄ ရက်တွင် Summit Park View ဟိုတယ်၌ ပြုလုပ်ခဲ့သည့် အသိဉာဏ်ပစ္စည်းအခွင့်အရေးကာကွယ်စောင့်ရှောက်မှု ဆွေးနွေးပွဲတွင် အဆိုပါအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်လှိုင်က ပြောကြားသည်။

"လက်ရှိအချိန်မှာ ကျွန်တော်တို့အသင်းက မှတ်ပုံတင်ထားတဲ့ ဖြစ်မြောက်ရေးအဖွဲ့အဆင့်ပဲ ရှိနေပေမယ့် မွန်ကန်တဲ့လုပ်ငန်းရှင်တွေရဲ့ အကျိုးကို ဆောင်ရွက်ပေးမှာပါ။ ကျွန်တော်တို့ဆီမှာ မူပိုင်ခွင့်နှင့်ပတ်သက်ပြီး အများကြီး အားနည်းနေသေးတယ်။ အတုအပတွေဖြစ်လာတော့မှ မှားတဲ့သူကတောင်းပန်လိုက် ပြန်လုပ်လိုက်နဲ့ပဲ ပြီးနေတာ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ အသင်းအနေဖြင့် အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေ ထွက်ရှိလာပါက ပေါ်ပေါက်လာမည့် အစိုးရမူပိုင်ခွင့်ရုံးများနှင့် ပြည်သူများကြား၊ စီးပွားရေးလုပ်ငန်းရှင်များကြားတွင် ပြည်တွင်းပြည်ပများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အသိဉာဏ်ပစ္စည်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းရန် သုတေသနပြုလုပ်မှုများ ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ၊ ပညာပေးရေးနှင့် လေ့ကျင့်သင်ကြားပေးရေးများ စသည့်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးသိန်းအောင်က ပြောသည်။

အဆိုပါအသင်းသို့ နိုင်ငံအတွင်းရှိ ပြည်တွင်းလုပ်ငန်းရှင်များ၊ ကုမ္ပဏီအစုအဖွဲ့များအနေဖြင့် အသင်းဝင်လိုပါက ရာသက်ပန်အသင်းဝင်ခွင့်ရမည်ဖြစ်ပြီး ပြည်ပလုပ်ငန်းရှင်များအနေဖြင့် တွဲဖက်အသင်းသားပုံစံများဖြင့် လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်ဦး

နိုင်ငံ့စွမ်းဆောင်ရှင်ဆု ပဏာမရွေးချယ်ရေးအဖွဲ့က မြိတ်မြို့နယ်အတွင်းရှိ လုပ်ငန်းတစ်ခုသို့ သွားရောက်စစ်ဆေးစဉ်။

ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး စီးပွားရေးလုပ်ငန်းရှင်ဆု ပဏာမရွေးချယ်ရေး အကဲဖြတ်စစ်ဆေး

မြိတ်၊ မတ် ၆

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရှင်ဆုများတွင် ပါဝင်သော ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု ရွေးချယ်ရေးအတွက် နိုင်ငံ့စွမ်းဆောင်ရှင်ဆု ပဏာမရွေးချယ်ရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား မတ် ၄ ရက် နံနက် ၉ နာရီက ပဏာမသွားရောက်စိစစ် အကဲဖြတ်စစ်ဆေးခဲ့ကြသည်။

အဆိုပါ ရွေးချယ်ရေးအဖွဲ့မှ အလတ်စားစီးပွားရေးလုပ်ငန်းခြောက်ခုနှင့် အသေးစား စီးပွားရေးလုပ်ငန်း လေးခုကို ကွင်းဆင်းစိစစ်ဆောင်ရွက်ရာတွင် ပဏာမရွေးချယ်ထားသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မေးခွန်းများ မေးမြန်းခဲ့ကြသည်။ ထို့နောက် ကုန်ထုတ်လုပ်မှုအခြေအနေ၊ ထုတ်ကုန်များ၏ ရောင်းချနိုင်မှုနှင့် ဈေးကွက်ထိုးဖောက်နိုင်မှု အခြေအနေများအပြင် လူမှုစီးပွားစောင့်ရှောက်မှုနှင့် တာဝန်သိမှုတို့အား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိ မရှိ ပဏာမသွားရောက်အကဲဖြတ်စစ်ဆေးခဲ့ကြောင်း သိရသည်။

နိုင်ထူး(မြိတ်ခရိုင် ပြန်/ဆက်)

ဘဝတူမသန်စွမ်းသူများ လူနေမှုဘဝမြင့်မားရေးအတွက် ပဋ္ဌမအကြိမ် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန်၊ မတ် ၆

သင်တန်းဆင်း မသန်စွမ်းလူငယ်များအနေဖြင့် သင်တန်းအတွေ့အကြုံများကို အသုံးချလျက် မိမိတို့ရပ်ရွာဒေသအတွက်ရှိ ဘဝတူမသန်စွမ်းသူများ၏ လူနေမှုဘဝမြင့်မားရေး၊ အခွင့်အရေးတန်းတူရရှိရေး၊ လူမှုအသိုင်းအဝိုင်းအတွင်း အများနည်းတူပါဝင်ဆောင်ရွက်လာနိုင်ရေးအတွက် ၎င်းတို့ကိုယ်တိုင် ဦးဆောင်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက် လာနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပဋ္ဌမအကြိမ် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင် ဟိုတယ်၌ ကျင်းပသည်။

အရည်အချင်းပြည့်ဝသော မသန်စွမ်းလူငယ်ခေါင်းဆောင်များ လေ့ကျင့်မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံအတွင်း မသန်စွမ်းသူများ အမှီအခိုကင်းစွာ ကိုယ်တိုင်ဆုံးဖြတ်ဘဝရပ်တည်နိုင်ရေးကို အထောက်အကူပြုသော လှုပ်ရှားဆောင်ရွက်မှုများပေါ်ပေါက်လာရန် ရည်ရွယ်ချက်ဖြင့် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

၎င်းသင်တန်းအား The Nippon Foundation ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က နှစ်စဉ် မတ်နှင့် စက်တင်ဘာလတို့တွင် ဖွင့်လှစ်လျက်ရှိရာ သင်တန်းအပတ်စဉ်တစ်ခုလျှင် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး လက်ခံပြီး၊ သင်တန်းကာလမှာ သုံးပတ်ကြာမြင့်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် မသန်စွမ်းဖြစ်ရမည်ဖြစ်ပြီး အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း တက်ရောက်နိုင်မည် ဖြစ်သည်။ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်၍ ဘဝတူ မသန်စွမ်းသူများ အရေးကိစ္စကို အမှန်တကယ်စိတ်ဝင်စားပြီး ကိုယ်တိုင်ပြန်လည်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

အောင်သူရ

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းရှိ ရွှေဆိုင်တစ်ဆိုင်တွင် ရွှေဆွဲကြိုးအခိုးခံရ

ရန်ကုန် မတ် ၆

ရွှေဆိုင်မှ ရွှေဆွဲကြိုးခိုးယူသွားသူကို စီစီတီဗီ မှတ်တမ်းမှတ်ရာဆင့် ရဲစခန်းသို့ အပ်နှံတိုင်ကြားခဲ့မှု ပန်းဘဲတန်းမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပန်းဘဲတန်းမြို့နယ်နေ မစုမွန်ရီသည် မတ် ၃ ရက် ညနေ ၆ နာရီခန့်က သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ရာတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၁ နာရီခန့်က ချိန်းလန်းရွှေဆိုင်တွင် အရောင်းတာဝန်ခံအဖြစ် ရှိနေစဉ် အမျိုးသမီးတစ်ဦး ရောက်လာပြီး ကျပ်သုံးသိန်းတန် ရွှေဆွဲကြိုးတစ်ကုံးဝယ်လိုကြောင်း ပြောဆိုသဖြင့် ကျပ် ၃၃၄၂၀၀ တန်ဖိုးကို ပြသခဲ့ပြီး ဝယ်ယူမည်ဆိုကာ ဈေးတွက်ခိုင်းခဲ့ကြောင်း ဆိုသည်။ ဈေးမတည့်သဖြင့် ပြန်လည်ထွက်ခွာသွားစဉ် မသင်္ကာသဖြင့် ရွှေဆွဲကြိုးကို ကြည့်ရှုခဲ့ရာ ပျောက်ဆုံးနေပြီး စီစီတီဗီမှတ်တမ်းကို ကြည့်ရှုခဲ့ရာ အဆိုပါအမျိုးသမီးက ခိုးယူသွားသည်ကို သိရှိခဲ့သည်။ ထို့နောက် မတ် ၃ ရက် ညနေ ၇ နာရီခန့်က အဆိုပါအမျိုးသမီးကို မျက်စောင်းထိုးရှိ နဝလီရွှေဆိုင်တွင် တွေ့ရသဖြင့် ခေါ်ဆောင်ကာ အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းဖြစ်သည်။ ပန်းဘဲတန်းမြို့မ ရဲစခန်းက (ပ) ၇၄/၁၄ ပြစ်မှုပုဒ်မ ၃၈၀ အရ အမှုဖွင့်ဆောင်ခဲ့သည်။ တရားခံဆိုသူမှာ မင်္ဂလာဒုံမြို့နယ်နေ မအိဖြူ(ခ)အေးအေး ၃၂ နှစ်ဖြစ်ကြောင်းနှင့် ဆက်လက်အရေးယူထားကြောင်း ရန်ကုန်တိုင်းရဲဖွဲ့မှူးရုံးမှ သိရသည်။

ရဲမြတ်ဘုန်းခေါင်

ခေတ်ရှေ့ဆောင်
09-449250191, 01-710082, 09-5073545 မတ် ၂၁၊ ဖွင့်ပြီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါပုံစံထုတ်ရောင်းမည့်ရက် - ၆-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၇-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၅/၂၀၁၄)
(က)	100-4913-14	50 Ton 4x4 Rough Terrain Mobile Crane	US$
(ခ)	100-4943-14	Blow Out Preventer	US$
(ဂ)	100-4933-14	Spares for Annular Blow Out Preventer	US$
(ဃ)	100-7963-14	Spares for Stone Line Manifold	US$
(င)	DOPPL-00513-14	6Kg & 2Kg Dry Chemical Powder Fire Extinguisher (ABCE)	KS
(စ)	Container-3/2014		KS
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖလင်ပါတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၄)
စီမံရေးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

မြန်မာနိုင်ငံတွင် အခွင့်အလမ်းများအား စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဆွေးနွေးမည်

ရန်ကုန်၊ မတ် ၆

ပရော်ဖက်ဆာ Philip Kotler သည် မြန်မာနိုင်ငံ၌ မတ် ၈ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ဆွေးနွေးပွဲ ကျင်းပသွားမည်ဖြစ်ပြီး အကြီးစားကုမ္ပဏီများ၏ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ Certified သင်တန်း တစ်ရက် ပေးသွားမည်ဖြစ်သည်။

၎င်းဆွေးနွေးပွဲသည် 'ဈေးကွက်ရှာဖွေရေးမှတစ်ဆင့် ပိုမိုကောင်းမွန်သော ကမ္ဘာအားဖန်တီးခြင်း' ဟူသော ရည်ရွယ်ချက်ဖြင့် နှစ်စဉ်ပြုလုပ်သော ဆွေးနွေးပွဲတစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတ၏ စီးပွားရေး အကြံပေး ပါမောက္ခဒေါက်တာ အောင်ထွန်းသက်မှ ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်၍ ၎င်းဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် Global Marketing ဆိုင်ရာ မဟာဘွဲ့သင်တန်းနှင့် ကမ္ဘာ့အဆင့်မီ စီးပွားရေးဗေဒကျောင်းတစ်ကျောင်း ဖန်တီးရာတွင် ကူညီမည်ဖြစ်သည်။

ပရော်ဖက်ဆာ Kotler သည် ဈေးကွက်ရှာဖွေရေး၏ နည်းစနစ်အသစ်ဖြစ်သော Marketing 3.0 ကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ပြီး အဆိုပါ နည်းစနစ်အသစ်တွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ဖန်တီးမှုအပေါ် မူတည်မည့် ဈေးကွက်ရှာဖွေရေး၏ အနာဂတ်ကို ပုံဖော်ရာတွင် အဓိကကျသော ကုမ္ပဏီတစ်ခု၏ ဦးတည်သော ဈေးကွက်ကို ထင်ဟပ်စေမည့် ကုမ္ပဏီ၏ လုပ်ရိုးလုပ်နည်းများ ပါဝင်ပါသည်။

ပရော်ဖက်ဆာ Kotler သည် အမေရိကန်ရှိ အဓိကကျသော ကုမ္ပဏီများနှင့် နိုင်ငံရပ်ခြားမှ ကုမ္ပဏီများအတွက် ဈေးကွက်ရှာဖွေရေး နည်းဗျူဟာ၊ ဈေးကွက်ရှာဖွေမှုနှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်ရှာဖွေရေးတို့တွင် တိုင်ပင်ခံနေရာမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ပါသည်။ **မေမွန်သူ**

ပြည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ မတ် ၁မှ ၃ ရက်ထိ ရွှေတံခါး၊ ရွာဘဲ၊ ရွှေကူ၊ အောင်ဆန်းပြည်သာယာ စသည့် ရပ်ကွက်ကြီးများအပါအဝင် မြို့ပေါ်ရပ်ကွက် ၁၀ ခုရှိပြည်သူများအား လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ မျိုးကျော်ကြီး(ပြန်/ဆက်)

လူနေမှုသိပ်သည်းသည့်ရန်ကုန်နှင့် မန္တလေးမြို့များ တွင် ရေနှင့် သန့်ရှင်းရေးအတွက် ဒေါ်လာလေးသန်း ထောက်ပံ့မည်

ရန်ကုန်၊ မတ် ၆

ရန်ကုန်နှင့်မန္တလေးမြို့များရှိ မြို့နယ်အချို့တွင် လိုအပ်နေသော ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဂျပန်နိုင်ငံရန်ပုံငွေ (JFPR) မှ အမေရိကန်ဒေါ်လာ လေးသန်းအား အာရှဖွံ့ဖြိုးရေးဘဏ်က ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်အခြေစိုက်သည့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ထုတ်ပြန်ချက်အရ သိရသည်။

"တချို့ ရပ်ကွက်တွေရဲ့ လူနေမှုအခြေအနေတွေက စိတ်ပျက်စရာကောင်းပြီး နေထိုင်တဲ့ပြည်သူတွေကို ရေကြီးတာတို့၊ နာတာရှည် ကျန်းမာရေးပြဿနာတွေ ဖြစ်စေတဲ့အတွက် စီးပွားရေးမှာလည်း အတားအဆီးဖြစ်နေပါတယ်။ အခု ထောက်ပံ့ကြေးက နေထိုင်တဲ့ပြည်သူတွေကို သူတို့ ပတ်ဝန်းကျင်ပြုပြင်ပြောင်းလဲဖို့နဲ့ စည်ပင်က ဝန်ထမ်းများနဲ့ ပူးပေါင်းလုပ်ကိုင်နိုင်ဖို့ လုပ်ပိုင်ခွင့်ပေးနိုင်မှာဖြစ်ပါတယ်" ဟု ADB ၏ အရှေ့တောင်အာရှဌာနမှ Social Development Specialist ဖြစ်သူ Linda Adams က ပြောသည်။

> ပြီးခဲ့သည့်နှစ်အတွင်းက ရန်ကုန်မြို့၏ ဆင်ခြေဖုံးဖြစ်သည့် ဒေါပုံမြို့နယ်တွင် ရပ်ကွက်သန့်ရှင်းစေရန် . . .

မြန်မာနိုင်ငံ၏ မြို့ပြတွင်နေထိုင်သူအများစုသည် ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များတွင် ဖော်ထုတ်ပြီး ပြန်လည်နေရာချထားသည့် မြို့သစ်များတွင် နေထိုင်ကြကာ မြို့သန့်ရှင်းရေးဆောင်ရွက်မှု အလွန်နဲပါးခဲ့ပြီး စီးပွားရေးပွင့်လန်းလာသည်နှင့် အတူ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်ကြသူများ ဖြစ်ပေါ်လာပြီး အဆိုပါနေရာများတွင်နေထိုင်သူများသည် ရေသန့်လုံလောက်စွာ မရရှိခြင်းနှင့် မိလ္လာပိုက်လိုင်းစနစ်တို့မှာ အခြေအနေ ဆိုးဝါးစေသော အကြောင်းအရင်းများ ဖြစ်ကြောင်း ၎င်းက ထောက်ပြသည်။

လူဦးရေ သိပ်သည်းမှုအလွန်မြင့်မားသောနေရာများတွင် ပြည့်ကျပ်နေသော ရေများကြောင့် လူ၏ စွန့်ပစ်အညစ်အကြေးများ ပေါ်လာခြင်းနှင့် ရေတွင် ပေါက်ပွားသော ရောဂါပိုးများဖြစ်ပေါ်ကာ ကူးဆက်ရောဂါများ ဖြစ်လာနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်းက ရန်ကုန်မြို့၏ ဆင်ခြေဖုံးဖြစ်သည့် ဒေါပုံမြို့နယ်တွင် ရပ်ကွက်သန့်ရှင်းစေရန်နှင့် ရေလျှံမှု လျော့နည်းစေရန်အတွက် ADB ၏ ငွေကြေးထောက်ပံ့မှုဖြင့် ရွှေ့ပြောင်းစမ်းသပ် စီမံကိန်းအရ အညစ်အကြေးများအား ပုံမှန်စွန့်ပစ်ခြင်း၊ အိမ်သာများ တည်ဆောက်ခြင်း၊ မိလ္လာကန်များအား အနည်ဆယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှု ရရှိခဲ့ခြင်းကြောင့် ရန်ကုန်နှင့် မန္တလေးမြို့များတွင် နှစ်မြို့နယ်စီ၏ စည်ပင်သာယာရေးကော်မတီများဖြင့် ပူးပေါင်းကာ ရပ်ရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုထောက်ပံ့မှုဖြင့် စိတ်ချရသည့် ရေ ပုံမှန်ရရှိနိုင်ရန်၊ သန့်ရှင်းရေး၊ ရေမြောင်းများနှင့် ရေကြီးခြင်းတို့အား ကာကွယ်ရန်အတွက် လုပ်ငန်းအစီအစဉ်များ နှင့် ၂၀၁၈ ခုနှစ်တွင် အိမ်သာအလုံး ၂၀၀၀၊ မြို့ပြကွန်ရက်သို့ ဆက်သွယ်သည့် ၁၇ ကီလိုမီတာရှည်သည့် ရေစီးဆင်းသည့်မြောင်းများ တည်ဆောက်ရန် ရည်ရွယ်ထားပြီး ရပ်ကွက်တွင်းနေသူများ၏ စွန့်ပစ်ပစ္စည်းများ၏ စွန့်ပစ်သည့်စနစ်တစ်ခုအား မြို့နယ်လေးခုတွင် တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

နေဇာ(ပိတောက်ရိပ်)

သတင်းတို

လိုင်းကားများကို မြို့ပြင်စခန်းသို့ပြောင်းရွှေ့

အိမ်မဲ-ရန်ကုန်၊အိမ်မဲ-ပုသိမ်၊ အိမ်မဲ-မြောင်းမြ မြို့များသို့ ပြေးဆွဲလျက်ရှိသော မှန်လုံအမြန်ယာဉ်ကားဂိတ်များကို မတ် ၄ ရက်က မြို့တွင်းမှ မြို့ပြင်ရှိ ရေသိုး၊ ညောင်ဝိုင်းကျေးရွာမြစ်ကူးတံတားအနီး၌ ပြောင်းရွှေ့ နေရာချထားပေးခဲ့ကြောင်း သိရသည်။ မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းဥက္ကဋ္ဌက ပြောကြားရာတွင် ယခုလို ကားဂိတ်များကို ပြောင်းရွှေ့ရခြင်းမှာ မြို့တွင်းမှာ ကားဂိတ်များရှိခြင်းကြောင့် လမ်းပိတ်ဆို့မှုဖြစ်ခြင်း၊ ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်ခြင်း၊မြို့တွင်းလမ်းများပျက်စီးခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ခရီးသွားများ သွားလာရေး အခက်အခဲမဖြစ်ရအောင် ကြို/ပို့ကားများလည်း စီစဉ်ပေးထားကြောင်းလည်း သိရသည်။

မြို့နယ် ပြန်/ဆက်

နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ပညာရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
အမည်ပြောင်း
အမည်ပြောင်း
အမည်ပြောင်း

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်း

ယမန်နေ့မှ အဆက်

အခန်း(၈)
အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၂။ အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်၍ လမ်းညွှန်မှုပြုခြင်း၊

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဌာနကြီးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ ခန့်အပ်သော အရာထမ်းသည် အသက် ၆၀ နှစ် ပြည့်ပါက သက်ပြည့် အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရ သော်လည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်လိုသော အဆိုပါ အရာထမ်းအား အသက် ၆၅ နှစ် ပြည့်သည့်အချိန်အထိ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဃ) ကုန်စည်အတင်အချ ကိုင်တွယ်ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်ချောမွေ့စေရေး၊ ဘေးကင်းလုံခြုံရေးနှင့်ကျန်းမာရေး အတွက်လည်းကောင်း၊ ကုန်သည်သင်္ဘောသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဆိပ်ကမ်းပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လည်းကောင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများက လက်တွေ့ကျင့်သုံးဆောင်ရွက်သည့် ကောင်းသော အလေ့အကျင့်များနှင့် လိုက်လျောညီထွေရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(င) ဆိပ်ကမ်းလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ဆိပ်ကမ်းပတ်ဝန်းကျင်ကောင်းမွန်ထိန်းသိမ်းရေးတို့အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် အစီအစဉ်များချမှတ်၍ လိုအပ်သော လုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) ဆိပ်ကမ်းလုံခြုံရေး ကြီးကြပ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းသည့်ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) အုပ်ချုပ်မှုအဖွဲ့၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဇ) ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆိပ်ကမ်းအတွင်း ကုန်စည်များ လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

အခန်း(၉)
ဆိပ်ကမ်းဝန်ဆောင်ခများ ကောက်ခံခြင်း၊ ကြွေးကျန်များအတွက် သိမ်းယူခြင်းနှင့် ထိုကြွေးကျန်များကို အရကောက်ခံခြင်း

၃၃။ (က) သင်္ဘောပိုင်ရှင်နှင့်ရေယာဉ်မှူးတို့သည် ဆိပ်ကမ်းများတွင် ပင်လယ်ကူးသင်္ဘောများနှင့် ပြည်တွင်းရေယာဉ်များ သွားလာခြင်း၊ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း၊ အသုံးပြုခြင်းစသည်တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို ခိုင်လုံသော အကြောင်းမရှိဘဲ ပေးဆောင်ရန် တမင်ပျက်ကွက်ပါက ထိုဆိပ်ကမ်းဝန်ဆောင်ခများ၏ ၅ ဆကို ဒဏ်ကြေးအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။ ထိုသို့ တောင်းခံသော်လည်း ပေးဆောင်ရန် ပျက်ကွက်ပါက ရေယာဉ်နှင့် ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာများကို အဆိုပါဒဏ်ကြေး အပြေအကျေမရမီအထိ ထိန်းသိမ်းထားနိုင်သည်။

(ဂ) ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်တွင် တာဝန်ထမ်းဆောင်သူ တစ်ဦးဦးသည် မိမိ၏ လုပ်ဆောင်မှု သို့မဟုတ် ပေါ့လျော့မှုကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိုင်ဆိုင်သော သို့မဟုတ် လက်ဝယ်ထားရှိ အသုံးပြုသော ဆိပ်ကမ်းတံတားကိုဖြစ်စေ၊ ဆိပ်ကမ်းဆိုင်ရာ လွယ်ကူအဆင်ပြေရေးအတွက် အသုံးအဆောင်ပစ္စည်းကိရိယာ တစ်ခုခုကိုဖြစ်စေ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားပါက ထိုသို့ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်သည့်အတိုင်း ပေးလျော်ရန် တာဝန်ရှိသည်။

၃၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဤဥပဒေအရ ပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ၊ ဒဏ်ကြေးများနှင့် လျော်ကြေးများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့အရတောင်းခံခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့အရတောင်းခံရာတွင် သင့်လျော်သော အရာရှိအား ကော်လက်တာအရာရှိ၏ လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ဤဥပဒေအရ ပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ သို့မဟုတ် လျော်ကြေးများကို ပေးဆောင်ရန် ပျက်ကွက်သည့် ကာလအတွင်းတွင် လည်းကောင်း၊ ထိုပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့ အရတောင်းခံနေသည့်ကာလအတွင်းတွင် လည်းကောင်း ထိုရေယာဉ်ကို ဆိပ်ကမ်းမှ ထွက်ခွာခွင့်လက်မှတ် ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာအရာရှိအား ညွှန်ကြားရမည်။

(ဃ) သက်ဆိုင်ရာ အရာရှိသည် ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားသည့်အခါ ထိုရေယာဉ်အား ထွက်ခွာခွင့်လက်မှတ် ထုတ်ပေးခြင်းမပြုရ။

အခန်း (၁၀)
ဘဏ္ဍာရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပြည်တွင်း ပြည်ပ ဘဏ်များနှင့် ငွေရေး ကြေးရေးအဖွဲ့အစည်းများထံမှ ငွေချေးယူနိုင်သည်။

၃၆။ (က) မည်သည့်ဘဏ္ဍာရေးနှစ်တွင်မဆို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဝင်ငွေမှ အောက်ဖော်ပြပါ ကုန်ကျစရိတ်များ ကျခံသုံးစွဲနိုင်သည်-

(၁) အုပ်ချုပ်မှုအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ အခကြေးငွေနှင့် ထောက်ပံ့စရိတ်များ။

(၂) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၊ အကြံပေးများ၊ ဝန်ထမ်းကိုယ်စားလှယ်များနှင့် အရာရှိများ၏လစာငွေများ၊ အခကြေးငွေများ၊ ချီးမြှင့်ငွေများ၊ အငြိမ်းစားလစာများ၊ နှစ်ပြည့်အငြိမ်းစား လစာခံစားခွင့်များနှင့် လုပ်သက်ဆုငွေများ။

(၃) ဝင်ငွေစာရင်းမှ ကျခံရမည်ဖြစ်သော လုပ်ငန်းလုပ်ဆောင်မှုစရိတ်များ၊ ပြုပြင်ထိန်းသိမ်းရေးစရိတ်များနှင့် တန်ဖိုးလျော့ လျာထားအသုံးစရိတ်များ။

(၄) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ချေးယူထားငွေအပေါ် ပေးဆောင်ရမည့် အတိုးစရိတ်များ။

(၅) အစိုးရထံမှ ချေးယူထားငွေများအပေါ် ပြန်လည်ပေးဆပ်ရန် လိုအပ်မည့် ငွေရပ်များ။

(၆) ကာလရှည်အကြွေးများ ပြန်လည်ပေးဆပ်ရန် သို့မဟုတ် ကုန်ခန်းတတ်သော ပိုင်ဆိုင်ပစ္စည်းများနှင့် တန်ဖိုးလျော့သော ပိုင်ဆိုင်ပစ္စည်းများကို ပြန်လည်အစားထိုးရန်အတွက် သီးသန့်ဖယ်ထားသော ရန်ပုံငွေစာရင်းသို့ ပြောင်းရွှေ့ရန် လိုအပ်သော ငွေရပ်များ။

(၇) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပိုင်ဆိုင်ပစ္စည်းများအား အသစ်အစားထိုးလဲလှယ်နိုင်ခြင်း သို့မဟုတ် တန်ဖိုးလျော့ကျခြင်းတို့အတွက် သီးသန့်ဖယ်ထားရန် သင့်လျော်သည်ဟု ယူဆသော ငွေရပ်များ။

(၈) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ခွင့်ပြုသော ဝင်ငွေစာရင်းမှ ကျခံသုံးစွဲခွင့်ရှိသည့် လုပ်ငန်းသစ်အတွက် ကုန်ကျစရိတ်များ၊ စက်ကိရိယာများ၊ ရေယာဉ်များ၊ ယာဉ်များ၊ ယန္တရားများ၊ တပ်ဆင်စက်ကိရိယာများအတွက် ကုန်ကျစရိတ်များ။

(၉) ဝင်ငွေစာရင်းမှ ကျခံသုံးစွဲသင့်သည်ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆုံးဖြတ်ထားသည့် အခြားအသုံးစရိတ်များ။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမြတ်လက်ကျန်ငွေကို သင့်လျော်သည့် ရာခိုင်နှုန်းသတ်မှတ်၍ အထွေထွေရန်ပုံငွေနှင့် သင့်လျော်သည့် သီးသန့်ရန်ပုံငွေ စာရင်းများ ဖွင့်လှစ်ထားရှိနိုင်သည်။

၃၇။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဘဏ္ဍာရေးနှစ်တိုင်းအတွက် အရအသုံးခန့်မှန်းခြေစာရင်းများကို ယခင်ဘဏ္ဍာရေးနှစ်များ၏ အမှန်ဝင်ငွေနှင့် အသုံးစရိတ်များအပေါ် အခြေခံ၍ ပြင်ဆင်ရေးဆွဲရမည်။

(ခ) နောက်ဆက်တွဲ ခန့်မှန်းခြေငွေစာရင်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးတွင် လက်ခံအတည်ပြုနိုင်သည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အတည်ပြုထားသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းနှင့် နောက်ဆက်တွဲ ရသုံးမှန်းခြေငွေစာရင်း မိတ္တူတစ်စုံကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ခံအတည်ပြုထားသော ရသုံးမှန်းခြေငွေစာရင်းနှင့် နောက်ဆက်တွဲ ရသုံးမှန်းခြေ ငွေစာရင်းများ၏ အကျဉ်းချုပ်တို့ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၃၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် သင့်လျော်သည်ဟု ယူဆသော ဘဏ် သို့မဟုတ် ဘဏ်များတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အမည်ဖြင့် ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်း ဖွင့်လှစ်ထားပိုင်ခွင့်ရှိသည်။ ဘဏ်စာရင်းတစ်ခုချင်းစီမှ ငွေထုတ်ယူသုံးစွဲမှုကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကိုယ်စားတာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များမှ လက်မှတ်ရေးထိုးသော ချက်လက်မှတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ဝင်ငွေ၊ ထွက်ငွေ အခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

၄၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိရရှိသော နိုင်ငံခြားဝင်ငွေကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိရမည်။

၄၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ထိရောက်သည့် စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၄၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါစာရင်းများကို ဝန်ကြီးဌာနမှ ညွှန်ကြားသည့်အတိုင်း တင်ပြရမည် -

(က) ငွေသားအခြေအနေ၊
(ခ) လက်ကျန်ရှင်းတမ်း၊
(ဂ) အရှုံး၊ အမြတ်စာရင်း၊
(ဃ) ဝန်ထမ်းအင်အားစာရင်း၊
(င) ကုန်စည် ထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း။

၄၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန် အကူအညီပေးခြင်းများအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၄၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိ၏ငွေကြေးအရင်းအနှီးများကို ရင်းနှီးမြှုပ်နှံနိုင်သည်။

၄၅။ ဇယားတွင် ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့်ပတ်သက်၍ အကျိုးသက်ရောက်စေရမည်။

၄၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် မည်သည့်နေရာတွင်မဆို တာဝန်ထမ်းဆောင်နေကြသော မည်သည့်ဝန်ထမ်းကိုမဆို ယင်းတို့၏ ကွယ်လွန်ခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်း၊ ရပ်စဲခြင်း၊ ပင်စင်ပေးခြင်းတို့ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် မူတည်၍ သင့်လျော်သော ကရုဏာကြေးကို ခွင့်ပြုပေးနိုင်သည်။

အခန်း (၁၁)
ရေကြောင်းပြမှူးကြီးလုပ်ငန်းလိုင်စင်နှင့် ရေကြောင်းပြတာဝန်ပေးခြင်း

၄၇။ (က) ရေကြောင်းပြမှူးကြီးအဖြစ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသူအား အရည်အချင်းပြည့်မီခြင်း ရှိ မရှိ စာတွေ့ လက်တွေ့စစ်ဆေး အကဲဖြတ်၍ အရည်အချင်းပြည့်မီသူအား ရွေးချယ်ပြီး ရေကြောင်းပြမှူးကြီးအဖြစ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီးများကို ကျွမ်းကျင်မှုအလိုက် အဆင့်သတ်မှတ်၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၄၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သော လုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီးအား စီမံခန့်ခွဲရေး နည်းလမ်းအရ သင့်လျော်သော ပြစ်ဒဏ်ချမှတ်ခြင်း၊ လုပ်ငန်းလိုင်စင်ကို ရပ်စဲခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်သည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တာဝန်ထမ်းဆောင်ရာ၌ ပေါ့ဆခြင်း သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားခြင်း၊

(ဃ) အခြားခိုင်လုံသော အကြောင်းတစ်ရပ်ရပ်အရ ရေကြောင်းပြမှူးကြီးအဖြစ် တာဝန်ပေးရန် မသင့်ဟုယူဆခြင်း။

၄၉။ ရေယာဉ်နှင့်ကုန်ပါလုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်များက ဆိပ်ကမ်းသို့ ဝင်ရောက်သော သို့မဟုတ် ဆိပ်ကမ်းမှ ထွက်ခွာသော ရေယာဉ် အသီးသီး၏ ရေယာဉ်မှူးသည် -

(က) ရေကြောင်းဌာနမှ သတ်မှတ်ထားသော ရေကြောင်းပြမှူးကြီး မပါဘဲ ဝင်၊ ထွက်ခွင့် တောင်းခံရယူနိုင်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှတစ်ပါး လုပ်ငန်းလိုင်စင်ရ ရေကြောင်းပြမှူးကြီး၏ အကူအညီကို မဖြစ်မနေ တောင်းခံရယူပြီး ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း နေရာရွှေ့ပြောင်းခြင်း ပြုရမည်။

(ခ) သတ်မှတ်ထားသော ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်ရောက်ရှိ ဆိုက်ကပ်သည့်အခါ ထိုသို့ရေယာဉ်ရောက်ရှိ ဆိုက်ကပ်ကြောင်း သတ်မှတ်ချက်များနှင့်အညီ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံသို့ သတင်းပို့ရမည်။ ထို့အပြင် အဆိုပါ ရေယာဉ်ပြန်လည်ထွက်ခွာသည့် အချိန်တွင်လည်း သတ်မှတ်ချက်များနှင့်အညီ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံသို့ သတင်းပို့ရမည်။

(ဂ) ရေယာဉ်နှင့်ကုန်ပါ လုံးပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ပြည်တွင်းကမ်းရိုးတန်းသွား ကုန်သွယ်ရေယာဉ်များသည် ရေကြောင်းဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီမှသာ ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်၊ ထွက်ခွင့် တောင်းခံရယူနိုင်သည်။

(ဃ) ရေကြောင်းပြမှူးကြီး မပါဘဲ ဝင်၊ ထွက်ခွင့် ရရှိသည့်တိုင်အောင် သတ်မှတ်ထားသော ရေကြောင်းပြ ငှားရမ်းခကိုမူ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။

(င) ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်းမပြုဘဲ ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ခြင်း သို့မဟုတ် ထွက်ခွာခြင်းပြုပါက ဤဥပဒေအရ ပြစ်မှုဖြင့် အရေးယူခံရမည်။

(စ) ရေယာဉ်ကြောင့်ဖြစ်စေ၊ ရေယာဉ်ကို ရေလမ်းကြောင်းအတိုင်း မောင်းနှင်ရာ၌ ချွတ်ချော်မှုကြောင့်ဖြစ်စေ၊ မတော်တဆ ရေယာဉ်ချင်းတိုက်မိမှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် တာဝန်ယူဖြေရှင်းပြီး ထိုက်သင့်သော လျော်ကြေးပေးရမည်။

၅၀။ ရေယာဉ်ကို ကြီးကြပ်လာသူ ရေကြောင်းပြမှူးကြီး၏ ဥပဒေနှင့်အညီ အကြံပေးချက်ကို လက်ခံရန် ရေယာဉ်တစ်စင်း၏ ရေယာဉ်မှူးက ငြင်းဆိုလျှင် ရေကြောင်းပြမှူးကြီးသည် ရေယာဉ်ကို ဘေးကင်းစွာ ကျောက်ချရပ်နားနိုင်သော ပထမဆုံးနေရာသို့ ရောက်ရှိသည့်အခါ ရေယာဉ်ကို ကျောက်ချပြီး ရေကြောင်းပြလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း ငြင်းဆိုနိုင်သည်။

အခန်း (၁၂)
ဆိပ်ကမ်း နယ်နိမိတ်အတွင်း ကျန်းမာရေးဆောင်ရွက်ခြင်း

၅၁။ ဝန်ကြီးဌာနသည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များတွင် သယ်ဆောင်လာသည့် ခရီးသည်နှင့် ကုန်စည်များမှတစ်ဆင့် ကူးစက်သော ရောဂါ

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

များ ဝင်ရောက်လာပြီး အများပြည်သူ ကျန်းမာရေးကို အန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ရန်အလို့ငှာ ပင်လယ်ကူးသင်္ဘောဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်းအသီးသီးတွင် ကျန်းမာရေးအရာရှိများအား ခန့်အပ်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၅၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကိုယ်တိုင်ဖြစ်စေ၊ ပုဒ်မ ၅၁အရ ခန့်အပ်တာဝန်ပေးသော ကျန်းမာရေးအရာရှိကို လွှဲအပ်၍ဖြစ်စေ ပင်လယ်ကူးသင်္ဘောဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကူးစက်ရောဂါ ကာကွယ်ရေး၊ နာမကျန်းသူများ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များမှ ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများ ကာကွယ်တားဆီးရေး၊ စစ်ဆေးရေး၊ ကုသရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်များကို စီမံဆောင်ရွက်ထားရှိခြင်း၊

(ခ) ရေယာဉ်ပေါ်တွင် ကူးစက်တတ်သောရောဂါ ဖြစ်ပွားနေသော သို့မဟုတ် ဖြစ်ပွားသည်ဟု သံသယရှိသော ရေယာဉ်များ အတွက်လည်းကောင်း၊ ရေယာဉ်ထွက်ခွာလာချိန်တွင် ထွက်ခွာလာသည့် ဆိပ်ကမ်း၌ ဖြစ်စေ၊ ယင်းဆိပ်ကမ်း၏ အနီးအနား ပတ်ဝန်းကျင်၌ ဖြစ်စေ၊ ကူးစက်တတ်သော ရောဂါဖြစ်ပွားသည်ဟု ယုံကြည်ရသော သို့မဟုတ် အမှန်တကယ်ဖြစ်ပွားခဲ့သော ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာရေယာဉ်များ အတွက်လည်းကောင်း အချက်ပြအလံတင်ခြင်း၊ ကျောက်ချရန် နေရာသတ်မှတ်ပေးခြင်းနှင့် အများပြည်သူအား ထိုသို့ကူးစက်ရောဂါဖြစ်ပွားကြောင်း အရေးပေါ် အသိပေးကြေညာခြင်း၊

(ဂ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ပေါ်တွင် ပါရှိသူများကို ကျန်းမာရေး စစ်ဆေးခြင်း၊

(ဃ) ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ပေါ်ရှိ ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် အခြားပုဂ္ဂိုလ်များက ကူးစက်ရောဂါ ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားရမည့် မေးခွန်းများနှင့် ပေးပို့ရမည့် သတင်းအချက်အလက်များ သတ်မှတ်ခြင်း၊

(င) ကူးစက်တတ်သော ရောဂါမျိုးဖြစ်ပွားသည့်အခါ ထိုရေယာဉ်များ၏ ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် ရေယာဉ်ပေါ်ရှိ အခြားပုဂ္ဂိုလ်များက ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်ခြင်း၊

(စ) ကူးစက်ရောဂါ စွဲကပ်နေသည့် သို့မဟုတ် စွဲကပ်နေကြောင်း သံသယရှိသည့် ရေယာဉ်ပေါ်ရှိ မည်သည့်ပုဂ္ဂိုလ်ကိုမဆို ကျန်းမာရေးအရာရှိက သဘောတူသော ဆေးရုံ၊ ဆေးခန်း တစ်ခုခုသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်းနှင့် အဆိုပါ ရေယာဉ်အား ထိန်းသိမ်းထားခြင်း၊

(ဆ) ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ကိုဖြစ်စေ၊ ရေယာဉ်၏ အစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ၊ ကူးစက်တတ်သော ရောဂါပိုးများ ရှိနေနိုင်သည့် ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာ တစ်စုံတစ်ရာ ကိုဖြစ်စေ သန့်စင်ခြင်း၊ လေကောင်းလေသန့်ရအောင် ဆောင်ရွက်ခြင်း၊ ပိုးသတ်ခြင်းနှင့် ဆိုခဲ့သော ရေယာဉ်ပေါ်ရှိ ကြွက် သို့မဟုတ် ကူးစက်တတ်သော အခြားပိုးမွှားများကို သုတ်သင်ခြင်း၊

(ဇ) ရေယာဉ်ပေါ်၌ ကူးစက်ရောဂါကြောင့် သေဆုံးသူများအတွက် စီမံဆောင်ရွက်ခြင်း၊

(ဈ) ရေယာဉ်ပေါ်ရှိသူများနှင့် ကုန်စည်များမှ ကူးစက်ရောဂါ ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော ကြိုတင်ကာကွယ်မှုများနှင့် ကုသမှုများ ဆောင်ရွက်နိုင်ရန်နှင့် ကူးစက်ရောဂါ ပြန့်ပွားမှု မရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အကြောင်းကြားခြင်း။

၅၃။ ပြည်ပမှဝင်ရောက်လာသည့် ရေယာဉ်မှူးသည် -

(က) နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်း တစ်ခုခုသို့ ဆိုက်ကပ်ခြင်းမပြုမီ သင်္ဘောပေါ်တွင် ကူးစက်ရောဂါကင်းရှင်းကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ကြိုတင်အကြောင်းကြားရမည်။

(ခ) နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်း တစ်ခုခုသို့ ဆိုက်ကပ်သည့်အခါ မိမိကိုယ်တိုင် ဖြစ်စေ၊ ထိုသင်္ဘော၏ ကျန်းမာရေးအရာရှိ ပါရှိလာလျှင် ထိုအရာရှိက ထောက်ခံလက်မှတ် ရေးထိုး၍ ဖြစ်စေ၊ ကျန်းမာရေးအန္တရာယ် ကင်းရှင်းကြောင်း ကြေညာချက်ကို သတ်မှတ်ထားသည့် ပုံစံဖြင့် ကျန်းမာရေး အရာရှိသို့ ပေးအပ်ရမည်။

၅၄။ ကျန်းမာရေးအရာရှိသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုကို ခံယူ၍ မိမိအား တာဝန်ပေးထားသည့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း၌ အောက်ပါလုပ်ပိုင်ခွင့်များ ရရှိစေရမည် -

(က) ရေယာဉ်ပေါ်တွင် ရေထောက်ပံ့ ဖြည့်ဆည်းမှုများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ၊ အစားအသောက်များနှင့် သင်္ဘောသားများ၏ နေရာထိုင်ခင်းများမှာ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ ရေယာဉ်ပေါ်သို့ တက်ရောက် စစ်ဆေးပိုင်ခွင့်၊

(ခ) မည်သည့် ရေယာဉ်ပေါ်သို့မဆို တက်ရောက်ပြီး သင်္ဘောပေါ်ရှိ သင်္ဘောသားများ၊ အလုပ်သင်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ကျန်းမာရေး စစ်ဆေးပိုင်ခွင့်၊

(ဂ) ရေယာဉ်ပေါ်ရှိ ပုဂ္ဂိုလ်များ၏ ကျန်းမာရေးနှင့် ဆေးဝါးကုသမှု အခြေအနေကို စစ်ဆေးကြည့်ရှုရန်အတွက် လိုအပ်သည့် သင်္ဘောနေ့စဉ် မှတ်တမ်းစာအုပ်နှင့် အခြားစာအုပ်များ၊ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို ထုတ်ပြစေရန် တောင်းဆိုခွင့်နှင့် ငြင်းဆိုပါက အတင်းအကြပ် ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) အဆိုပါ ရည်ရွယ်ချက်တစ်ခုခုအတွက် ဆိုခဲ့သည့်ပုဂ္ဂိုလ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ မိမိရှေ့မှောက်သို့ ခေါ်ယူ မေးမြန်းခွင့်နှင့် မိမိသင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း မေးမြန်းသော မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုစေရန် တောင်းဆိုခွင့်၊

(င) မေးမြန်းခံရသူက မှန်ကန်စွာ ဖြေဆိုကြောင်း ဝန်ခံချက်ရေးသား လက်မှတ်ရေးထိုးရန် တောင်းဆိုခွင့်။

၅၅။ ကျန်းမာရေးအရာရှိသည် တာဝန်ကျ ဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ ဝင်ရောက် ဆိုက်ကပ်သော ပင်လယ်ကူးသင်္ဘောများပေါ်တွင် ပုဒ်မ ၅၄ ပါ လုပ်ပိုင်ခွင့်များနှင့်အညီ တက်ရောက်စစ်ဆေးပြီး ထိုသင်္ဘောတွင် ကာကွယ်ဆေးထိုးပြီးကြောင်း၊ ကူးစက်ရောဂါ ကာကွယ်ပြီးကြောင်းနှင့် ကူးစက်ရောဂါ ကင်းရှင်းကြောင်း သက်ဆိုင်ရာရေယာဉ်မှူးနှင့် တာဝန်ရှိသူများအား ထောက်ခံချက် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

၅၆။ ကျန်းမာရေးအရာရှိသည် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊ ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ကျန်းမာရေးကင်းရှင်းကြောင်း ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးခြင်းတို့အတွက် အခကြေးငွေတောင်းဆိုခြင်း မပြုရ။

အခန်း (၁၃)
ဆိပ်ကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၅၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းအသီးသီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ တစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ ဖြစ်စေ ခန့်အပ်တာဝန် ပေးနိုင်သည်။

(ခ) ဆိပ်ကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်နှင့် တာဝန်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုအပ်ပါက ဆိပ်ကမ်းထိန်း သိမ်းစောင့်ရှောက်သူများအား လွှဲအပ်တာဝန် ပေးနိုင်သည်။

(ဂ) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူများ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်သူများအား ချီးမြှင့်ခြင်းနှင့် ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်သူများအား အရေးယူခြင်းတို့ ပြုနိုင်သည်။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်းတွင် ဖြစ်စေ၊ ဆိပ်ကမ်းနယ်နိမိတ် ပြင်ပတွင်ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီမံထားရှိသော ဖော်ယာများနှင့် အခြားသော ရေကြောင်းပြ အထောက်အကူ ပစ္စည်းများကို ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည်။

(င) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဘေးအန္တရာယ်ရှိ ကုန်စည်များအား စနစ်တကျ ထိန်းသိမ်းထားသိုခြင်းနှင့် တစ်ဆင့်သယ်ယူခြင်း များပြုလုပ်နိုင်ရန် စီမံဆောင်ရွက်ရမည်။

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကုန်စည်များ နေရာချထားခြင်းနှင့် စပ်လျဉ်း၍ စနစ်တကျ ရှိစေရန် စီမံဆောင်ရွက်ရမည်။

(ဆ) ရေယာဉ်မှူး၊ ပိုင်ရှင်၊ ကိုယ်စားလှယ်နှင့် အခြားမည်သည့် ပုဂ္ဂိုလ်ကိုမဆို ဆိပ်ကမ်းတံတားများတွင် ကုန်စည်အတင်အချ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အချိန်နှင့် အချက်အလက်များ ပေးပို့ရာတွင် စနစ်တကျရှိစေရန် စီမံဆောင်ရွက်ရမည်။

(ဇ) ရည်ရွယ်ချက်တစ်ခုအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်ထားသော နေရာမှတစ်ပါး ရေယာဉ်ပေါ်သို့ ခရီးသည်များ အတက်အဆင်းမပြုလုပ်ရန် လိုအပ်သလို စီမံဆောင်ရွက်ရမည်။

(ဈ) ဤဥပဒေအရကောက်ခံရမည့် ဆိပ်ကမ်းဝန်ဆောင်ခများ ပေးဆောင်ရမည့် နည်း လမ်းများ စီမံဆောင်ရွက်ရမည်။

(ည) သင်္ဘောဆိုက်ရန် နေရာများ၊ ဆိပ်ကမ်းတံတားများ၊ ဆင်းတက်ရန်နေရာများ၊ တံတားဦးတိုများ၊ ကုန်းတက်ရန်နေရာများ၊ ရထားသံလမ်းများ၊ ကုန်လှောင်ရုံများ၊ အခမဲ့ကုန်ရုံများ၏ အတွင်း၌ဖြစ်စေ၊ ယင်းတို့နှင့် ဆက်စပ်ဒေသများတွင်ဖြစ်စေ တည်ဆောက်ထားသည့် အခြားအလုပ်များကို ဘေးအန္တရာယ် ကင်းရှင်းစွာ လွယ်လင့်တကူ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

(ဋ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သည့် အဆောက်အအုံ၊ မြေ၊ ဥပစာအတွင်း ကုန်စည်များကို လက်ခံခြင်း၊ ရွှေ့ပြောင်း သယ်ယူခြင်းဆိုင်ရာကိစ္စရပ်များ၊ သင်္ဘောမှ မချမီ ကုန်စည်များ ပျက်စီးနေခြင်း သို့မဟုတ် ယင်းသို့ ပျက်စီးနေသည်ဟု အဆိုပြုထားခြင်းခံရသော ကုန်စည်များကို လက်ခံရာ၌ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးရမည်။

၅၈။ (က) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသည် ဆိပ်ကမ်းအတွင်းရှိ မည်သည့်ရေယာဉ်ကိုမဆို ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် စည်းကမ်းသေဝပ်ရေးတို့အတွက် အမိန့်ထုတ်ဆင့်၍ ညွှန်ကြားနိုင်သည်။

(ခ) မိမိ ထုတ်ဆင့်၍ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူအား ဤဥပဒေအရ ပြစ်မှုဖြင့် အရေးယူနိုင်သည်။

၅၉။ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသည် -

(က) ဆိပ်ကမ်းတွင် ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်သဖြင့် ရေယာဉ်များကို ချက်ချင်းဖယ်ရှားရန် လိုအပ်သည့်အခါ ရေယာဉ်များအား ချည်နှောင်ထားသည့်ကြိုး သို့မဟုတ် ကျောက်ကြိုး စသည်တို့ကို ဖြတ်တောက်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် သင့်လျော်သူတစ်ဦးဦးအား ဆောင်ရွက်စေခြင်း ပြုနိုင်သည်။

(ခ) ရေယာဉ်များလွတ်လပ်စွာ သွားလာမှုကိုဖြစ်စေ၊ သင်္ဘောဆိုက်ကပ်ရန်နေရာ၊ ဆိပ်ကမ်းတံတား၊ ကုန်ချရန်နေရာ၊ ကျောက်ချရန် နေရာတစ်ခုခု အသုံးပြုမှုကို ဖြစ်စေ အတားအဆီး ဖြစ်စေသော သစ်ဖောင်၊ ဝါးဖောင် သို့မဟုတ် ရေကြောင်းသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသော မည်သည့်အခြားအရာဝတ္ထုကိုမဆို ဖယ်ရှားခြင်းကိုသော်လည်းကောင်း၊ ရေယာဉ်အပျက်အစီး၊ သောင်တင်ရေယာဉ် သို့မဟုတ် နစ်မြုပ်ရေယာဉ်ကို ဖော်ယူခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးပစ်ခြင်းကို သော်လည်းကောင်း ပြုနိုင်သည်။ ထိုသို့ပြုလုပ်ရာ၌ ကုန်ကျစရိတ်ငွေနှင့် ထိုငွေ၏ ၂၀ ရာခိုင်နှုန်းတို့ကို ထပ်ဆောင်းပြီး သက်ဆိုင်ရာ ကုန်စည်ပိုင်ရှင်ထံမှ တောင်းခံနိုင်သည်။ ထိုသို့ တောင်းခံ၍ မရပါက အဆိုပါကုန်စည်များအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ထုခွဲရောင်းချပြီး အဆိုပါကုန်ကျစရိတ်ကို ရယူနိုင်သည်။ ထုခွဲရောင်းချငွေသည် ကုန်ကျစရိတ်နှင့် လုံလောက်မှု မရှိပါက ဝင်ငွေခွန်မပြေ ကျန်ငွေကဲ့သို့အရ တောင်းခံနိုင်သည်။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ပြစ်မှုတစ်ခုခုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဖွယ်ရာအကြောင်း၊ ယုတ္တိရှိကြောင်း သတင်းရရှိပါက မည်သည့်ရေယာဉ် သို့မဟုတ် အဆောက်အအုံအတွင်း သို့မဆို ဝင်ရောက်စစ်ဆေးခြင်း ပြုပိုင်ခွင့်ရှိသည်။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း မီးဘေးကာကွယ်တားဆီးရေး အတွက်သော်လည်းကောင်း၊ မီးငြိမ်းသတ်ရန်အတွက်သော် လည်းကောင်း ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ မည်သူကိုမဆို အကူအညီတောင်းခံ၍ ရယူဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(င) ဆိပ်ကမ်းနယ်နိမိတ်နှင့် ကမ်းပါးနယ်၊ ကမ်းနားနယ်အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်သူများအား တည်ဆဲဥပဒေနှင့်အညီ ဖယ်ရှားနှင်ထုတ်နိုင်သည်။

(စ) စည်းကမ်းချက်နှင့်မညီဘဲ စွန့်ပစ်သော သို့မဟုတ် စုပုံသော သင်္ဘောဝမ်းစာများအား ရေလမ်းကြောင်း မထိခိုက်စေရန် ဖယ်ရှားရှင်းလင်းခြင်း၊ ထိုသို့ ဖယ်ရှားရှင်းလင်းရာတွင် ကုန်ကျစရိတ်များကို သက်ဆိုင်ရာ ရေယာဉ်မှူးထံ တောင်းခံခြင်းနှင့် သင်္ဘောဝမ်းစာများကို စွန့်ပစ်သော သို့မဟုတ် စုပုံသော ရေယာဉ်မှူးအား အရေးယူခြင်း ပြုနိုင်သည်။

(ဆ) ဆိပ်ကမ်းသို့ အဝင်အထွက်ပြုလုပ်မည့် ရေယာဉ်များ၏ကုန်စည်နှင့် ခန့်မှန်းကြာချိန်များကို ရှင်းလင်းစွာသိရှိရန် လိုအပ်သည်ဟု ယူဆပါက ဆိပ်ကမ်းအတွင်း အဝင် အထွက် မပြုလုပ်မီနှင့် ဆိပ်ကမ်းအတွင်းသို့ အဝင် အထွက်ပြုလုပ်မည့် ရေယာဉ် တစ်စင်းစင်း၏ ပိုင်ရှင်၊ ကိုယ်စားလှယ်နှင့် ရေယာဉ်မှူးများအား သတင်းအချက်အလက်များပေးရန် ညွှန်ကြားမှုပြုနိုင်သည်။

(ဇ) တားမြစ်ကန့်သတ်ထားသောနေရာများ၌ ရေယာဉ်များနေရာ ချခြင်း၊ ကျောက်ချရပ်နားခြင်း၊ လမ်းကြောင်းသတ်မှတ်ပေးခြင်းတို့ကို သတင်းထုတ်ပြန်ကြေညာရမည်။

၆၀။ ဆိပ်ကမ်းသို့ရောက်ရှိသော ရေယာဉ်၏ပိုင်ရှင်၊ ကိုယ်စားလှယ် သို့မဟုတ် ရေယာဉ်မှူးသည် -

(က) ရေယာဉ်ဆိပ်ကမ်းသို့ ဝင်ရောက်သည့်အခါ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ အခါအားလျော်စွာ ညွှန်ကြားချက်အတိုင်း ထိုသို့ ရောက်ရှိကြောင်းကို သတင်းပို့ရမည်။

(ခ) သတ်မှတ်ပေးသည့်အချိန်အတွင်း အောက်ပါတို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ဆိပ်ကမ်းထိန်းသိမ်း စောင့်ရှောက်သူ ထံတင်ပြ သတင်းပို့ရမည် -

(၁) သတ်မှတ်ထားသည့် ပုံစံဖြင့် ရေယာဉ်ရောက်ရှိကြောင်း အထွေထွေ ကြေညာချက်၊

(၂) နောက်ဆုံးထွက်ခွာခဲ့သော ဆိပ်ကမ်း၏ ထွက်ခွာခွင့် လက်မှတ်၊

(၃) ရေယာဉ်ပေါ်ပါ ခရီးသည်စာရင်း၊

(၄) သင်္ဘောသားများစာရင်း၊

(၅) ဆိပ်ကမ်းတွင် ကုန်တင်၊ ကုန်ချ ပြုလုပ်မည့်စာရွက်စာတမ်း မိတ္တူ၊

(၆) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူကအခါအားလျော်စွာ သတ်မှတ်သော အခြားစာတမ်း အမှတ်အသားများ။

၆၁။ ဤဥပဒေတွင် အကျုံးဝင်သော ဆိပ်ကမ်းတစ်ခုခုမှ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ ဆောင်ရွက်သည့် လုပ်ဆောင်မှု သို့မဟုတ် ပျက်ကွက်မှု တစ်စုံတစ်ရာအတွက် လည်းကောင်း၊ ရေကြောင်းပြမှူးကြီး တစ်ဦးဦး၏ လုပ်ဆောင်မှု သို့မဟုတ် ပျက်ကွက်မှု တစ်စုံတစ်ရာအတွက် လည်းကောင်း၊ ရေယာဉ်က အသုံးပြုသည့် နိုင်ငံတော်အစိုးရပိုင် ကျောက်စွဲကိရိယာ၊ သင်္ဘောချည်ကြိုးနှင့် အခြားပစ္စည်းတစ်ခုခု၏ တစ်စုံတစ်ရာ ချွတ်ယွင်းခြင်းကြောင့် ဖြစ်ပေါ်လာသော ရေယာဉ်ပျက်စီးမှုတစ်စုံတစ်ရာအတွက်လည်းကောင်း လျော်ကြေးပေးရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၌ တာဝန်မရှိစေရ။

အခန်း (၁၄)
ဆိပ်ကမ်းတံတားများနှင့် သင်္ဘောကျင်းများ ဆောက်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်း

၆၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ လွယ်ကူအဆင်ပြေစွာ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်းနှင့်ထွက်ခွာခြင်း ပြုနိုင်ရေးအတွက်လည်းကောင်း၊ ခရီးသည်အတက်အဆင်းနှင့် ကုန်စည်များအတင်အချပြုလုပ်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သော ဆိပ်ကမ်း တံတားများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုရမည်။

၆၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်းပြည်ပသွား ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းများအတွက် လိုအပ်သော သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွှန်းလမ်းတို့ကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် တည်ဆောက်ပြီး ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းတို့အတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများနှင့် ကျွမ်းကျင်သူ အင်ဂျင်နီယာများကို စီစဉ်ထားရှိရမည်။

၆၄။ (က) ပုဂ္ဂလိကလုပ်ငန်းရှင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်းဆိပ်ကမ်း တံတားတစ်မျိုးမျိုးကို တည်ဆောက်လုပ်ကိုင်လိုလျှင်သော် လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွှန်းလမ်းတစ်မျိုးမျိုးကို တည်ဆောက်လုပ်ကိုင်လိုလျှင်သော် လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လျှောက်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မခွဲ(က)အရလျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အကယ်၍ ခွင့်ပြုပါက လျှောက်ထားသူအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် အတွက် သတ်မှတ်ထားသော လိုင်စင်ကြေးကိုပေးသွင်းပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၆၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်း လိုင်စင် ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဤဥပဒေအရ ခွင့်ပြုထားသည့်

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ပါက ထိုဖောက်ဖျက်သူအား သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ကြေးတပ်ရိုက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ရပ်စဲခြင်းတို့ ပြုနိုင်သည်။

အခန်း (၁၅)
တားမြစ်ချက်များ

၆၆။ မည်သည့် ပုဂ္ဂလိက လုပ်ငန်းရှင်မျှ ဤဥပဒေအရ ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်မရှိဘဲ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းတံတား တစ်မျိုးမျိုးကိုသော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွှန်းလမ်း တစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်ခြင်း သို့မဟုတ် လုပ်ကိုင်ခြင်း မပြုရ။

၆၇။ မည်သည့် ရေယာဉ်မှူးမျှ -

(က) ရေယာဉ်နှင့် ကုန်ပါလုံးပေါင်း တန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်တစ်မျိုးမျိုးကို ရေကြောင်းပြမှူးကြီး မပါရှိဘဲ ဤဥပဒေနှင့်သက်ဆိုင်သော ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ခြင်း၊ ဆိပ်ကမ်းဆိုက်ကပ်ခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းအတွင်း နေရာပြောင်းရွှေ့ခြင်း မပြုလုပ်ရ။

(ခ) သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုသို့ ပင်လယ်နှင့် ဆက်သွယ်ထားသည့် မြစ်ကြောင်း သို့မဟုတ် ရေလမ်းကြောင်း အစိတ်အပိုင်းတစ်ခုခု၏ နယ်နိမိတ်အတွင်းထားရှိသော အချက်ပြဌာနတစ်ခုခုမှ အချက်ပြမှုကို မြင်သာသည့် အကွာအဝေးသို့ ရောက်သည့်အခါ ရေကြောင်းပြရေယာဉ်မှ ရေကြောင်းပြမှူးကြီးက အချက်ပြရန် တောင်းခံလျှင် အပြည့်အစုံ ဆိုင်ရာသုံး အချက်ပြအလံလွှင့်ထူရန် ပျက်ကွက်ခြင်း မရှိစေရ။

၆၈။ မည်သည့် ရေယာဉ်မှူးမျှ -

(က) ဆိပ်ကမ်းအတွင်း ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသော အချက်ပြမီးများကို ထွန်းညှိထားရန် ပျက်ကွက်ခြင်း မရှိစေရ။

(ခ) ဆိပ်ကမ်းတစ်ခုခုတွင် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက အခြားရေယာဉ် တစ်စီးစီးအတွက် မိမိရေယာဉ်တွင်ချည်နှောင်ခွင့် တောင်းဆိုလျှင် လိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း သို့မဟုတ် ချည်နှောင်ထားသည့် ကြိုးကိုဖြုတ်ရန်အတွက် အကြောင်းကြားချက် မရမီအတွင်း အဆိုပါကြိုးကို ဖြုတ်ခြင်း မပြုရ။

(ဂ) နေဝင်ပြီး နောက်ပိုင်းတွင် ဆိပ်ကမ်းအတွင်း အခြားရေယာဉ်များ သွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေအောင် မိမိ၏ ရေယာဉ်တွင် ချည်နှောင်ထားသည့် ကြိုးတစ်စုံတစ်ရာကို ထုတ်ထားခြင်း၊ ပစ္စည်းတစ်စုံတစ်ရာ အစွန်းထုတ်ထားခြင်း မပြုရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း တရားမဝင်သော အလံ သို့မဟုတ် အချက်ပြအမှတ်အသားတို့ကို လွှင့်ထူခြင်းမပြုရ။ သို့မဟုတ် သတ်မှတ်ထားသောအလံနှင့် အချက်ပြတစ်ခုခုကို လွှင့်ထူရန် ပျက်ကွက်ခြင်း မရှိစေရ။

(င) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သင်္ဘောကိုဘေးချင်းယှဉ်၍ ဆိုက်ကပ်ရပ်နားခြင်း မပြုရ။ ထို့ပြင် ဆိပ်ကမ်းတံတားမှ သင်္ဘောအားဖယ်ရှားရန် အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

(စ) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက သင်္ဘောကို လိုသည့်နေရာရောက်အောင် ကြိုးဖြင့် ဆွဲရေးအတွက် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဆ) ဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ ရေယာဉ်ဆိုက်ရောက်ကြောင်း သတင်းပို့ရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် မမှန်မကန် သတင်းပို့ခြင်း မပြုရ။

၆၉။ မည်သည့် ရေယာဉ်မှူး သို့မဟုတ် ပိုင်ရှင်မျှ ဆိပ်ကမ်းဝန်ဆောင်ခများကို တိမ်းရှောင်ရန် အလို့ငှာ-

(က) ရေယာဉ်ကို မောင်းနှင်ထွက်ပြေးခြင်း မပြုရ။

(ခ) ကုန်စည်များကို အလေးချိန် သို့မဟုတ် အရေအတွက်ကို လျှော့၍ပြခြင်း၊ ကုန်စည်များကို ရွှေ့ပြောင်းခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း မပြုရ။

(ဂ) သင်္ဘော၏ မှတ်ပုံတင်တန်ချိန်နှင့် ကုန်စည်တန်ချိန်တို့ကို မမှန်မကန် လျှော့ပြခြင်း မပြုရ။

၇၀။ မည်သူမျှ ဤဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင်မရှိဘဲ -

(က) ပုဂ္ဂလိကရေယာဉ်လုပ်ငန်းရှင်က ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များကို ရေ၊ ရိက္ခာ၊ ကြမ်းခင်းပြား ထောက်ပံ့ပေးသည့် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ခ) ပုဂ္ဂလိကတွဲဆွဲရေယာဉ်များ၊ တွန်းသည့်ရေယာဉ်များ၊ သောင်တူးသင်္ဘောများနှင့် ဆယ်ယူရေးရေယာဉ်များက တွဲဆွဲခြင်း၊ ရေယာဉ်တွန်းခြင်း၊ သောင်တူးခြင်း သို့မဟုတ် သင်္ဘောဆယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဝင်ထွက်သွားလာသော ရေယာဉ်နှင့် ကုန်ပါလုံးပေါင်း တန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်များအတွက် ရေကြောင်းပြမှူးကြီးအဖြစ် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၇၁။ မည်သူမျှ -

(က) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဆိပ်ကမ်းတစ်ခုခု၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဖြစ်စေ၊ ၎င်း၏ အမိန့်အရဖြစ်စေ စိုက်ထူထားသော သို့မဟုတ် စီမံချထားသော ဗော်ယာ၊ ကျောက်စွဲကိရိယာ သို့မဟုတ် အမှတ်အသားတစ်ခုခုကို ဖယ်ရှားခြင်း၊ ဖော်ခြင်း၊ ထိခိုက်ပျက်စီးစေခြင်း၊ ဖျက်ဆီးခြင်း၊ ကြိုးလျှော့ခြင်း၊ ရေတွင်မျှောခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်ဆိုက်ကပ်ရန်နေရာ သို့မဟုတ် ဆိပ်ကမ်းတံတား တစ်ခုခုကို သော်လည်းကောင်း၊ ရေကြောင်းလမ်းညွှန် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းလုပ်ငန်းများ လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အသုံးအဆောင်ပစ္စည်းကိရိယာတစ်ခုခုကိုသော် လည်းကောင်း ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းအတားအဆီးဖြစ်စေသည့် သစ်ဖောင်၊ ဝါးဖောင်တို့ကို မျှောထားခြင်း မပြုရ။

(င) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူများက သင်္ဘောပေါ်နှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဝင်ရောက်စစ်ဆေးခြင်းကို ဟန့်တားနှောင့်ယှက်ခြင်း မပြုရ။

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဥပဒေနှင့်မညီဘဲ လက်နက် ခဲယမ်းများ ပစ်ဖောက်ခြင်း၊ မီးပန်းလွှတ်ခြင်း မပြုရ။

(ဆ) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက မီးဘေးကာကွယ်တားဆီးရေးအတွက်သော် လည်းကောင်း၊ မီးငြိမ်းသတ်ရန်သော် လည်းကောင်း ညွှန်ကြားသည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် မမှန်မကန် သတင်းပို့ခြင်း မပြုရ။

(ဇ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကျောက်ချ ဆိုက်ကပ် ရပ်နားထားသော ရေယာဉ်ကို ခွင့်ပြုချက်မရှိဘဲ ကျောက်ကြိုးကို ဖြေလျှော့ခြင်း မပြုရ။

(ဈ) ရေယာဉ်တစ်စီးစီးက ကျောက်စွဲကိရိယာများ သို့မဟုတ် ဗော်ယာများနှင့် ငြိတွယ်ခြင်း၊ ချိတ်မိနေခြင်းဖြစ်ပါက ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက် သို့မဟုတ် အကူအညီမပါဘဲ ထိုကျောက်စွဲကိရိယာ၊ ဗော်ယာအား ဖော်ယူခြင်း၊ လွတ်အောင် ဖယ်ရှားခြင်း မပြုရ။

၇၂။ မည်သူမျှ ရေထုညစ်ညမ်းမှုများ သို့မဟုတ် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေရန် ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ-

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာနေသော ရေနံတင်၊ ဆီတင်သင်္ဘော၊ ရေယာဉ်၊ ဆီတွဲတို့မှလည်းကောင်း၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှ လည်းကောင်း၊ သင်္ဘောတိုက်ခိုက်မှု သို့မဟုတ် သောင်တင်မှု ဖြစ်ပေါ်ရာမှ လည်းကောင်း ဆီယိုဖိတ်စေခြင်း သို့မဟုတ် ဆီနှင့် ရောနှော အညစ်အကြေးများ စွန့်ပစ်ခြင်း မပြုရ။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သင်္ဘောများ၊ ရေယာဉ်များနှင့် ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့်အဆောက်အအုံ များမှ အညစ်အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်း ပစ်ချခြင်း၊ စွန့်ထုတ်ခြင်း သို့မဟုတ် ကျရောက်စေခြင်း မပြုရ။

(ဂ) သင်္ဘောမှ ရေကြောင်းသွားလာမှုကို ဟန့်တားခြင်း ဖြစ်ပေါ်နိုင်သော အခြားပစ္စည်းများကို အဆိုပါ ဆိပ်ကမ်းတစ်ခုခုအတွင်းသို့ ပစ်ချခြင်း၊ စွန့်ပစ်ခြင်း၊ သို့မဟုတ် ကျရောက်စေခြင်း မပြုရ။

(ဃ) ဒီရေကြောင့်ဖြစ်စေ၊ မုန်တိုင်း သို့မဟုတ် ကုန်းပေါ်၌ ရေလျှံမှုကြောင့်ဖြစ်စေ ဆိပ်ကမ်းအတွင်းသို့ လျှောကျနိုင်သည့် ပစ္စည်းများကို ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့၌ စွန့်ပစ်ခြင်း သို့မဟုတ် ချထားခြင်းမပြုရ။

၇၃။ မည်သူမျှ-

(က) ဆိပ်ကမ်းတစ်ခုခုအတွင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ညွှန်ကြားချက်နှင့် ဆန့်ကျင်၍ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တားမြစ်ထားသော အချိန် သို့မဟုတ် နယ်မြေအတွင်း၌ဖြစ်စေ မည်သည့်ရေယာဉ်ကိုမဆို ကမ်းထိုးတင်ခြင်း၊ မီးမြှိုက်ခြင်း သို့မဟုတ် မိုင်းတိုက်ခြင်း မပြုရ။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ ဆိပ်ကမ်းအတွင်း ရေယာဉ်ပေါ်၌ဖြစ်စေ၊ တားမြစ်နယ်မြေအတွင်း၌ဖြစ်စေ၊ ကတ္တရာ၊ အင်တွဲ၊ ပွဲ့လျက်၊ တာပင်တိုင်၊ ဆီ သို့မဟုတ် မီးစွဲလောင်နိုင်သည့် အခြားအရာဝတ္ထုများကို ကျိုချက်ခြင်း၊ ဂဟေဆော်ခြင်း မပြုလုပ်ရ။

(ဂ) ဆိပ်ကမ်းတစ်ခုခု၌ ရေယာဉ်ပေါ်တွင် အကာအကွယ်မရှိသော မီးကိုထွန်း၍ လောင်စာဆီများ ထုတ်ယူခြင်း မပြုရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက်မရရှိဘဲ ပျောက်ဆုံးသော သို့မဟုတ် ပျောက်ဆုံးသည်ဟု ယူဆသော ကျောက်ဆူး၊ ကျောက်ကြိုးနှင့်အခြားပစ္စည်းများကို ရေငုပ်၍ ဖြစ်စေ၊ ကြိုးတိုက်၍ဖြစ်စေ ရှာဖွေခြင်းမပြုရ။

(င) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက်မရဘဲ ဆိပ်ကမ်းတစ်ခုခု၏ ကမ်းပါးနယ်နှင့် ကမ်းနားနယ်မှကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စရစ်၊ သဲမြေ သို့မဟုတ် ကမ်းမပြိုအောင် ကာကွယ်ထားသည့် အရာများကို ဖယ်ရှားခြင်း သို့မဟုတ် ရွှေ့ပြောင်း သယ်ဆောင်ခြင်း မပြုရ။

(စ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်တွင် ခွင့်ပြုချက်မရှိဘဲ ဗော်ယာ၊ သင်္ဘောချည်တိုင်၊ ကျောက်ဆူး သို့မဟုတ် အခြားမည်သည့် အရာကိုမှ စိုက်ထူမြှုပ်နှံခြင်း မပြုရ။

(ဆ) သင်္ဘောဟန်ချက်ညီစေရန် သင်္ဘောဝမ်းစာများကို စည်းကမ်းချက်နှင့် မညီဘဲ စွန့်ပစ်ခြင်း သို့မဟုတ် စုပုံခြင်းမပြုရ။

၇၄။ မည်သည့် အုပ်ချုပ်မှုအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အရာထမ်း၊ အမှုထမ်းတစ်ဦးဦးမျှ ဆိပ်ကမ်းဆိုင်ရာ စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ မိမိအကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် ပတ်သက်ခြင်း သော်လည်းကောင်း၊ ဆိပ်ကမ်းဆိုင်ရာ စီးပွားရေးလုပ်ငန်းအတွက် ချုပ်ဆိုသော စာချုပ်တွင် ပါဝင်ချုပ်ဆိုခြင်း သို့မဟုတ် ပတ်သက်ခြင်း သော်လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ အကျိုးအမြတ်ဖြင့် ငွေချေးခြင်း သော်လည်းကောင်း မပြုရ။

အခန်း (၁၆)
ပြစ်မှုနှင့် ပြစ်ဒဏ်

၇၅။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ် ၅ သိန်း မှ အများဆုံး ကျပ် သိန်း ၅၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သည့် ရေယာဉ်မှူးမဆို ပုဒ်မ ၆၇၊ ၆၈ သို့မဟုတ် ၆၉ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၇၇။ မည်သူမဆို ပုဒ်မ၇၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၁၊ ၇၂ သို့မဟုတ် ၇၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လ ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သောင်းမှ အများဆုံး ကျပ် ၅ သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၉။ မည်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အုပ်ချုပ်မှုအဖွဲ့ဝင် သို့မဟုတ် ဆိပ်ကမ်းအရာထမ်း၊ အမှုထမ်းမဆို ပုဒ်မ ၇၄ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ၃ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သောင်းမှ အများဆုံး ကျပ် ၃ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၁။ မည်သူမဆို ဤဥပဒေအရ ပေးအပ်သောတာဝန်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူ သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ တစ်ဦးဦး၏ အမိန့် သို့မဟုတ် ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ၁ သောင်းမှ အများဆုံး ကျပ် ၅ သောင်း အထိ ချမှတ်ရမည်။

၈၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် ဖြစ်စေ၊ ပြစ်မှု ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း(၁၇)
ဆုကြေးငွေချီးမြှင့်ခြင်း

၈၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိ၏ စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်လျှင်သော်လည်းကောင်း ဆုကြေး ချီးမြှင့်ပိုင်ခွင့် ရှိရမည်။

၈၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆုကြေးချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုးအစားအရ ဝန်ထမ်းများကို ဆုကြေးများ ခွဲဝေသတ်မှတ်ပေးပြီးနောက် ကျန်ရှိနေသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းအလိုက် သော်လည်းကောင်း၊ အဖွဲ့အလိုက်သော် လည်းကောင်း အောက်ပါ အခြေခံမှုများအပေါ် မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှု ဆုကြေးများ ထပ်မံချီးမြှင့်နိုင်သည် -

(က) သတ်မှတ်ထားသော စံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်မှု၊ ဝန်ဆောင်နိုင်မှု၊

(ခ) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနည်းစနစ်သစ်များ တီထွင်နိုင်မှု၊

(ဂ) ထုတ်လုပ်သည့် ကုန်စည်အရည်အသွေး စံချိန်မီမှုနှင့် တီထွင်ထုတ်လုပ်နိုင်မှု၊

(ဃ) ကုန်ကြမ်းသုံးစွဲမှု စံချိန် လျော့နည်းလာမှု၊

(င) အလေအလွင့်၊ အပျက်အစီး၊ အဆုံးအရှုံး လျော့နည်းလာမှု။

၈၅။ ဝန်ထမ်းသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် ဆုကြေးငွေကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

အခန်း (၁၈)
အထွေထွေ

၈၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ အလုပ်ဌာနခွဲများ၏ တာဝန်ခံဝန်ထမ်းများသည် မိမိတို့တာဝန်ယူသည့် လုပ်ငန်း၏ တိုးတက်အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံရမည်။

၈၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်သည်နှင့်အညီ ယင်းက ပိုင်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းမှန်သမျှသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်။

၈၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ လုပ်ငန်း တစ်ခုခုကို လုပ်ကိုင်ခွင့် ပြုခြင်းနှင့် စပ်လျဉ်း၍ လိုင်စင်သက်တမ်း၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားဝန်ဆောင်ခများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားရမည်။

၈၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် မှတ်ယူဆောင်ရွက်ရမည်။

၉၀။ နိုင်ငံတော်သမ္မတသည် အများပြည်သူအကျိုးငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမှ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၉၁။ ရေယာဉ်ပေါ်မှ ကုန်စည်များ ချပေး၍ လွှဲပြောင်း လက်ခံပြေစာ ရရှိပြီးဖြစ်လျှင် ထိုကုန်စည်များကို ရေယာဉ်ပေါ်မှချပြီး နောက်ပိုင်းတွင် ပျောက်ဆုံးမှု၊ ပျက်စီးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်မှု အတွက် ရေယာဉ်မှူး သို့မဟုတ် ပိုင်ရှင်အပေါ်တွင် တာဝန်မရှိစေရ။

၉၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အုပ်ချုပ်မှုအဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးက ဤဥပဒေအရ ပေးအပ်သောတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်မှုအပေါ် တရားမကြောင်းအရ သော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော် လည်းကောင်း အရေးယူခြင်း မပြုရ။ သို့ရာတွင် အဆိုပါပုဂ္ဂိုလ်သည် မိမိ၏လုပ်ပိုင်ခွင့်ကို မလျော်သောနည်းဖြင့် အလွဲသုံးစား ပြုလုပ်ပါက ထိုသူ့အပေါ်တွင် တာဝန်ရှိစေရမည်။

၉၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင်များ၊ ဤဥပဒေအရ တာဝန်ပေး

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှ

အပ်ခြင်းခံရသည့် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူများနှင့် ဝန်ထမ်းများသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၉၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရာနှုန်းပြည့် နိုင်ငံပိုင်ဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေး အကျိုးအမြတ်မယူဘဲ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သင့်လျော် သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရေး ပြည်ထောင်စုအစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကျိုးအကြောင်းပြည့်စုံစွာဖြင့် လျှောက်ထားခွင့်ပြုချက် တောင်းရမည်။

၉၅။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားရှိ အပိုဒ် ၁၄၉သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားဖြစ်စေ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၉၆။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဆိပ်ကမ်းများအက်ဥပဒေ၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေနှင့် ပြင်ပဆိပ်ကမ်းများအက်ဥပဒေ တစ်ရပ်ရပ်အရ ထုတ်ပြန် ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ကျင့်သုံးနိုင်သည်။

၉၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူ တို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၉၈။ အောက်ပါ အက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Yangon Port Act (Act No. IV of 1905)

(ခ) The Ports Act (Act No. XV of 1908)

(ဂ) The Outports Act (Act No. II of 1914)

ပြည်သူအများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ဘူးသီးတောင်၊ မောင်တောရှိကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းများပြီးစီး၍သာ ရပ်ဆိုင်းခြင်းဖြစ်

ရန်ကုန်၊ မတ် ၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ဘူးသီးတောင်၊ မောင်တောရှိ ကျန်းမာရေး စောင့်ရှောက်မှုများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်မှစ၍ ရပ်ဆိုင်းရခြင်းမှာ နယ်စည်းမခြား ဆရာဝန်အဖွဲ့ (AZG) ၏ ဆောင်ရွက်မှုများအား ပြည်နယ်အစိုးရတာဝန်ရှိသူများမှ ယာယီပိတ်ထားခြင်းနှင့် သက်ဆိုင်ခြင်းမရှိဘဲ စီမံကိန်းပြီးစီး၍သာဖြစ်ပြီး လက်ရှိစစ်တွေမြို့တွင် ဒေသခံများက နယ်မြေမှထွက်ခွာရန် တောင်းဆိုမှုကြောင့် စီမံကိန်းအား အဓိကထောက်ပံ့ပေးနေသော ကုလသမဂ္ဂဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က မကျေနပ်၍ ထောက်ပံ့မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရပ်ဆိုင်းသည်ဟု ထင်မြင်နေကြကြောင်းသိရသည်။

“အခုဘူးသီးတောင်၊ မောင်တောမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ မလုပ်တော့တာက စီမံကိန်းဆောင်ရွက်တာ ပြီးသွားလို့ပါ။ အခြားကိစ္စတွေနဲ့ သက်ဆိုင်မှု မရှိပါဘူး။ စီမံကိန်းပြီးသွားလို့ အဲဒီမှာအသုံးပြုခဲ့တဲ့ပစ္စည်းတွေ၊ ကျန်းမာရေးသုံးကားတွေကိုလည်း အဲဒီဒေသကျန်းမာရေးအတွက် အကုန်လှူခဲ့ပါတယ်” ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ဘူးသီးတောင်၊ မောင်တောမြို့တွင် စီမံကိန်းပြီးဆုံး၍ ရပ်ဆိုင်းခဲ့သော်လည်း လက်ရှိစစ်တွေမြို့တွင် စေတနာ့ဝန်ထမ်း ၂၀ ဦးအပြင် တစ်လစီအလိုက် အခြားပြည်နယ်နှင့်တိုင်းများမှ ရွှေ့လျားဆေးခန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ယာယီအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ကျန်းမာရေးအတွက် ပညာပေးဆောင်ရွက်ပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ချိပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (ICRC)နှင့်ပူးပေါင်း၍ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေသန့် ဖြန့်ဖြူးပေးခြင်းတို့ ဆောင်ရွက်ကာ ၂၀၁၂ ဇွန်မှ ၂၀၁၃ အောက်တိုဘာအတွင်း ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားဒေသခံများနှင့် ဘင်္ဂါလီလူမျိုး အိမ်ထောင်စု ရှစ်သောင်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

“မောင်တောမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းက UNHCR ရဲ့ အထောက်အပံ့နဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်နေတာပါ။ ဖေဖော်ဝါရီထဲက သဘောတူညီမှုရပ်ဆိုင်းပြီး ဆက်လက်ထောက်ပံ့မှု မပေးတော့ဘူးလို့ သိရပါတယ်။ ဒီစီမံကိန်းက မောင်တောနဲ့ ဘူးသီးတောင် နှစ်ခုထဲပါ” ဟု စစ်တွေမြို့ရှိ လူမှုရေးလုပ်ငန်းဆောင်ရွက်ပေးနေသော ဒေသခံတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးစောင့်ရှောက်မှုများရပ်ဆိုင်းခြင်းသည် နယ်စည်းမခြားဆရာဝန်အဖွဲ့(AZG) အား နယ်မြေမှထွက်ခွာရန်. . .

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကုလသမဂ္ဂဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ အကူအညီဖြင့် ဘူးသီးတောင်၊ မောင်တောတွင် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်ထိ စီမံကိန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီခဲ့ပြီး ရခိုင်ပြည်နယ်ရှိ ရသေ့တောင်မြို့တွင် ရွှေ့လျားဆေးခန်းဖြင့် ကူညီရန် စီစဉ်နေကြောင်း သိရသည်။

လက်ရှိ ရခိုင်ပြည်နယ်တွင် နယ်စည်းမခြား ဆရာဝန်အဖွဲ့အား ပြည်နယ်အစိုးရမှ ယာယီလုပ်ငန်းဆောင်ရွက်ခွင့် ရပ်ဆိုင်းထားပြီးနောက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း ခုနစ်ခုနှင့် ကုလသမဂ္ဂလက်အောက်ခံမဟုတ်သော လူမှုကူညီရေးအဖွဲ့အစည်း ၂၀ နီးပါးရှိကြောင်း သိရသည်။

ကျန်းမာရေး စောင့်ရှောက်မှုများကူညီ ဆောင်ရွက်ပေးနေကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ သိရသည်။

ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘူးသီးတောင်၊ မောင်တောရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကျန်းမာရေးစောင့်ရှောက်မှုများရပ်ဆိုင်းခြင်းသည် နယ်စည်းမခြား ဆရာဝန်အဖွဲ့ (AZG) ကို

စိုးအောင်ဖေ

ခရီးသည်တင် ဒိုင်နာယာဉ် တိမ်းမှောက်မှုများလာသောကြောင့် မ.ထ.သ(ဗဟို)မှ စည်းကမ်းများထုတ်ပြန်မည်

ရန်ကုန်၊ မတ် ၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိနေသော ခရီးသည်တင်ဒိုင်နာယာဉ်များသည် ယာဉ်တိမ်းမှောက်မှု ပိုမိုများပြားလာသောကြောင့် အဆိုပါဒိုင်နာယာဉ်များ၏ ပြေးဆွဲခွင့်နှင့်ပတ်သက်သည့် လိုအပ်သောအပိုင်းများကို ပြန်လည်သုံးသပ်၍ စည်းကမ်းများထုတ်ပြန်မည်ဖြစ်ကြောင်း မတ် ၅ ရက်က မထသ(ဗဟို)၌ ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် ဥက္ကဋ္ဌဦးလှအောင်က ပြောသည်။

“တတ်နိုင်သမျှ ယာဉ်တိမ်းမှောက်မှုတွေ မဖြစ်အောင်လို့ ဒီမှာဖွင့်လှစ်တဲ့ သင်တန်းတွေမှာ အမြဲတမ်းပြောပေမယ့် လိုက်နာတဲ့အပိုင်းတွေမှာကျတော့ အားနည်းတယ်။ အဲဒါတွေကို ထိန်းသိမ်းနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားပါမယ်” ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် ခရီးသည်တင် ဒိုင်နာယာဉ်များကို ရန်ကုန်မြို့လယ်၌ ပြေးဆွဲခွင့်မရှိဘဲ အခြားမြို့နယ်များတွင် ပြေးဆွဲခွင့်ပြုထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့် အဆင့်ဆင့် လျှော့ချ၍ အဆိုပါယာဉ်များနေရာ၌ ခရီးသည်တင်ဘက်(စ်)ကားများအား အစားထိုးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မထသ(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ပြောသည်။

“ခရီးသည်တင်ပြေးဆွဲနေတဲ့ ဟိုင်းလပ်နဲ့ ဒိုင်နာယာဉ်တွေနေရာမှာ ယာဉ်အန္တရာယ်ကင်းစွာနဲ့ သွားလာနိုင်မယ့် ခရီးသည်တင်ဘက်(စ်)ကားတွေ အစားထိုးဖို့ကို အရင်ခေတ်အဆက်ဆက်က ဆောင်ရွက်လာတာပါ။ အဲ့ဒါတွေက အခုမှလုပ်တာမဟုတ်ဘူး။ ဟိုင်းလပ်ယာဉ်တွေ ပြောင်းလဲပြီးတဲ့နောက် ဒိုင်နာတွေကိုလည်း အခုလို ပြောင်းလဲသွားမှာပါ” ဟု ၎င်းကပြောသည်။

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီအတွင်း ယာဉ်တိုက်မှုနှင့် တိမ်းမှောက်မှု ၂၄ မှု ဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်နေ့မှ ၂၈ ရက်အတွင်း ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု ၁၃ မှုတွင် ဒိုင်နာယာဉ်တိုက်မှုနှင့် တိမ်းမှောက်မှု ငါးမှုအထိ ဖြစ်ပွားခဲ့သည်။ ယခင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီအတွင်း ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု ၁၉ ကြိမ်ဖြစ်ပွားခဲ့ကြောင်း မထသ (ဗဟို) မှ ထုတ်ပြန်သောစာရင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ခရီးသည်တင် ဒိုင်နာယာဉ်ပေါင်း ၁၈၆၈ စီးဖြင့် သတ်မှတ်ထားသည့် မြို့နယ်များအတွင်းတွင်သာ ပြေးဆွဲလျက်ရှိကြောင်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလ စာရင်းများအရ သိရသည်။

တင်မောင်ဦး

ဧည့်မှုရေး/ စီးပွားရေး ကြော်ငြာ
ပျောက်ဆုံးကြောင်း
ဖခင်အမည်မှန်
FUTURE BRIGHT STAR
Education Centre
School Bus
Summer Special For Children (Age 10 ~ 17)
1 Month 5,000 Ks
Mon,Tue,Wed,Thurs (8 am - 10 am)
English 4 Skills
Grammar and Vocabulary,
Arts and Crafts, Music
Mar 11 ~ May 30
09 51 12518

ပြည်တွင်းသတင်း

ဗောက်ယားယံခြင်းအတွက် အိမ်တွင်းကုထုံး

wifkufkufZrf

လူလားမြောက်သူ ကျား/မ မရွေး ဦးရေပြားခြောက်သွေ့မှုစွဲခြင်းကြောင့် ဗောက်ထလေ့ရှိကြပါတယ်။ ခေါင်းပေါ်မှာ အဖြူအဖတ်များဖြင့် အကြည့်ရဆိုးသလောက်၊ အင်မတန်မှယားယံလို့နေရထိုင်ရခက်စေပါတယ်။ ရှန်ပူ(ခေါင်းလျှော်ရည်)အချို့ဖြင့် ဗောက်ပျောက်စေ သော်လည်း လုံးဝအမြစ်ပြတ်ပျောက်ကင်းသွားလေ့မရှိကြပါဘူး။ (အပူခတ်စီး ဆင်းကားဦးရေပြားခြောက်သွေ့စေတတ်တဲ့ ကော်ဘီးများကို (လုံးဝ)မသုံးပါနှင့်။ ခေါင်းလျှော်သည့်အခါတိုင်း သုံးနေကျ ဘီး၊ ကလစ်၊ ခေါင်းစည်းကြိုး၊ ဘီးကုပ်တို့ကို ဆပ်ပြာဖြင့် သန့်စင်အောင်ဆေးကြောရန်နှင့် ခေါင်းအုံးစွပ် အသစ်လဲရန် မမေ့ပါနှင့်။

(၁) ရှာလကာရည်က ဦးရေပြားပေါ်ရှိဆဲလ်အသေတွေကိုဖယ်ရှားပေးပြီး ယားယံခြင်းကို သက်သာစေပါတယ်။ ဦးစွာခေါင်းပေါ်ရှိ ဗောက်ဖတ်များကို စင်အောင်ဘီးနဲ့ဖြီးချပါ။ ပြီးနောက် ရှာလကာရည်နဲ့ ရေအေးတို့ ဆတူရော၍ (သို့မဟုတ်) ရှာလကာရည် အနည်းငယ်ပိုထည့်ပြီး ဦးရေပြားအနှံ့ နှိပ်နယ်လိမ်းကျံပေးပါ။ မိနစ်အနည်းငယ်အကြာ ရေဖြင့်လောင်းလျှော်ပြီးနောက် ပုံမှန်သုံးနေကျ ရှန်ပူဖြင့် စင်အောင်လျှော်ပေးပါ။

(၂) မုန့်ဖုတ်ဆော်ဒါက ဦးရေပြားပေါ်ရှိမှိုများကိုသေစေနိုင်တဲ့ အာနိသင်ရှိပါတယ်။ ခေါင်းတစ်ခုလုံးကိုရေစွတ်ပြီး လက်တစ်ဆုပ်စာ မုန့်ဖုတ်ဆော်ဒါမှုန့်ဖြင့် ဦးရေပြားထိရောက်အောင် အားရပါးရပွတ်တိုက်၍ ရေဖြင့်စင်စင်လျှော်ချပေးပါ။ (မည်သည့်ရှမ်ပူကိုမှ မသုံးပါနှင့်၊ ရေဖြင့်သာလျှော်ပါ) ဗောက် အထူ/အပါးပေါ်မူတည်ပြီး တစ်ပတ်လျှင် နှစ်ကြိမ်/ သုံးကြိမ်မျှလျှော်ပေးပါ။ လျှော်ပြီးခါစမှာ ဆံသားများခြောက်ကပ်နေသော်လည်း ရက်အနည်းငယ်အကြာ ဆံသားများ ပုံမှန်အတိုင်းစိုပြည်၍ပိုမိုနူးညံ့လာကာ ဗောက်များ ကင်းစင်သွားပါလိမ့်မယ်။

(၃) အိန္ဒိယအစားအစာများထဲတွင် အသုံးပြုလေ့ရှိသော ပဲနံ့သာသည် ပရိုတင်းဓာတ်ကြွယ်ဝပြီး အမိုင်နိုအက်စစ်နှင့် လက်စီသင်းဓာတ်တို့ပါရှိကြသဖြင့် ဆံပင်သန်စွမ်းနက်မှောင်ကာ ဦးရေပြားအေးမြပြီးဗောက်ပျောက်စေပါတယ်။ ပဲနံ့သာပင်အရွက်ကလည်း ဆံသားကိုနူးညံ့ချောမွေ့စေပါတယ်။ ပဲနံ့သာလက်တစ်ဆုပ်စာကို ရေတစ်ညစိမ်သိပ်ပြီး နောက်တစ်နေ့ နံနက်မှာ အနှစ်ဖြစ်အောင်ကြိတ်ချေ၍ ဦးရေပြားအနှံ့ စိမ့်ဝင်အောင်လိမ်းပါ။ နာရီဝက်ခန့်အကြာမှာ မိမိသုံးနေကျ ရှန်ပူဖြင့် လျှော်ချပေးပါ။

(၄) ဆင်တုံးမနွယ်ပင်၏ အခါးဓာတ်များက ဗောက်ဖြစ်စေတဲ့ မှိုပိုးများကို သေစေသောအစွမ်းသတ္တိရှိပါတယ်။ ဆင်တုံးမနွယ်ရွက်ကို ကြိတ်ချေ၍ ဦးရေပြားအနှံ့ လိမ်းကျံပါ။ ဆင်တုံးမနွယ်ရွက်ရင့်ရင့် နှစ်ရွက်ကို ရေနွေးတစ်ညတာစိမ်ပေးပြီး နံနက်မိုးလင်းတဲ့အခါ ထိုအရေဖြင့်ဆံသားများကိုလိမ်းပေးပါ။ တစ်နာရီခန့်အကြာမှာ ရေအေးဖြင့်သန့်စင်လျှော်ချလိုက်ပါ။

(၅) အယ်လ်ကိုဟောကို အခြေခံထုတ်လုပ်ထားတဲ့ Listerine(ခေါ်)ခံတွင်းသန့်စင်ရည်ကလည်း ဗောက်များကို သေစေတဲ့ အာနိသင်ရှိပါတယ်။ ဒါကြောင့် မိမိလျှော်နေကျ ခေါင်းလျှော်ရေသုံးပြီးနောက် ခံတွင်းသန့်စင်ရည်ဖြင့် လျှော်ချပေးပါ။

(၆) ပဋိဇီဝဆေးတစ်မျိုးဖြစ်တဲ့ အက်စပရင် (ခေါ်) ဖျားနာကိုက်ခဲပျောက်ဆေးထဲမှာ Salicylic အက်စစ်ပမာဏ အမြောက်အမြားထည့်၍ဖော်စပ်ထားပါတယ်။ အဲဒီအက်စစ်ဓာတ်ဟာ ဗောက်များကိုသေစေနိုင်တဲ့အစွမ်းရှိလို့ ဗောက်ပျောက်ရှမ်ပူများတွင် ထည့်သွင်းအသုံးပြုလေ့ရှိကြပါတယ်။ အက်စပရင်ဆေးနှစ်ပြားကို အမှုန့်ကြိတ်ကာ မိမိနှစ်သက်ရာရှန်ပူဖြင့် သမအောင်ရောမွှေပြီး တစ်ခေါင်းလုံးအနှံ့ လိမ်းကျံ၍နှပ်ထားပေးပါ။ နှစ်မိနစ်အကြာမှာ ပုံမှန်ခေါင်းလျှော်သကဲ့သို့ လျှော်ပေးရုံပါပဲ။

(၇) အာဟာရပြည့်ဝစွာစားသောက်နေထိုင်ခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေသလို၊ အသားအရေစိုပြည်ကောင်းမွန်စေကာ အသားအရည်နှင့်ပတ်သက်ဆက်စပ်လျက်ရှိတဲ့ ဗောက်ရောဂါကိုလည်း မဖြစ်စေနိုင်ပါဘူး။ အသားအရေခြောက်သွေ့ခြင်းကင်းဝေးပြီး ဗောက်ပျောက်စေရန်အတွက် ဘရိုကိုလီ (ခေါ်) ပန်းဂေါ်ဖီစိမ်း၊ မုန်ညင်းထုပ်အဖြူ၊ ဆလတ်ရွက်၊ အဆီများသောငါး (ငါးကြီးဆီ)၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ အစေ့အဆန်နှင့် မြေပဲတို့ စားပေးပါ။

(၈) သံပရိုသီးထဲမှာပါတဲ့ သဘာဝအက်စစ်ဓာတ်ဟာ ဗောက်ဖြစ်စေတဲ့မှိုများကို အင်တိုက်အားတိုက်ဖြိုခွင်းပေးနိုင်စွမ်းရှိပါတယ်။ သံပရိုသီးအလုံးလိုက်ကိုစားပွဲပေါ်တင်လှိမ့်၍ ထက်ခြမ်းခြမ်းပြီး ဗောက်ယားယံ သော ဦးရေပြားအနှံ့ခပ်ကြမ်းကြမ်းပွတ်တိုက်ပါ။ နာရီဝက်ခန့်အကြာမှာ ရေသန့် သန့်ဖြင့်လျှော်ချပေးပါ။ အလွန်အယားပြေစေရုံသာမက သံပရိုသီးရနံ့ ဆံပင် မှာစွဲကျန်ခဲ့စေပါမယ်။ ထိုရနံ့ကို ဗောက်မှိုများကြောက်သဖြင့် တော်တော်နှင့် ဗောက်မစွဲစေတော့ပါဘူး။

(၉) လက်ဖက်ရွက်အဆီဟာ အဆိပ်ရှိသတ္တဝါအကိုက်ခံရခြင်းအတွက် အဆိပ်အတောက်ပြေစေသလို အရေပြားပေါ်ရှိမှိုပိုးများကို နှင်ထုတ်ပေးနိုင်သည့် ဆေးဖက်ဝင်အရွက်ဖြစ်၍ ရှေးရာစုနှစ်ပေါင်းများစွာကတည်းကပင် တရုတ်ရိုးရာကုထုံးများတွင် အသုံးပြုလာခဲ့ကြပါတယ်။ လက်ဖက်ရွက်အဆီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို ရေနွေးတစ်ခွက်ဖြင့် သမအောင်ရောမွှေထားပါ။ ခေါင်းကို ပုံမှန်လျှော်နေကျ ရှမ်ပူဖြင့် လျှော်ပြီးနောက် စောစောကရောစပ်ထားသောလက်ဖက်ရွက်ဆီဖြင့် ဦးရေပြားထဲထိစိမ့်ဝင်အောင် လိမ်းကျံနှိပ်နယ်ပေးပါ။ (ခေါင်းကိုရေဖြင့် ထပ်မလျှော်ပါနှင့်) ၁၀မိနစ်ခန့်အကြာဆံပင်ပေါ်ရှိရေများကို ပုံမှန်နည်းအတိုင်း ခြောက်အောင်သုတ်ပေးရုံပါပဲ။ ဗောက်များပါးသွားသည့်အပြင် ဆံသာများနက်မှောင်လာပါလိမ့်မယ်။

(၁၀) ရှားစောင်းလက်ပပ်ပင်က အရေပြားပေါ်ရှိဆဲလ်များ တည်ဆောက်မှုကို သူမတူအောင် ကောင်းကျိုးပြုပါတယ်။ ခေါင်းမလျှော်ခင် ၁၅ မိနစ်လောက်ကြိုတင်၍ ရှားစောင်းဂျယ်လီ(အနှစ်)များဖြင့် ဦးရေပြားအနှံ့ပွတ်လိမ်းပေးပြီး ပုံမှန်လျှော်နေကျ ရှမ်ပူဖြင့် လျှော်ချပေးရုံပါပဲ။

(၁၁) အိမ်သုံးဆားများဟာ အရေပြားပေါ်ရှိပိုလျှံသောအဆီများနှင့် ဗောက်ကဲ့သို့ သေနေသောအရေပြားအဖတ်လွှာများကို သဘာဝနည်းကျကျ သန့်စင်ပေးနိုင်စွမ်းရှိပါတယ်။ စားပွဲတင်ဇွန်း သုံးဇွန်းစာပမာဏရှိတဲ့ ဆားများဖြင့် ဦးရေပြားအနှံ့ပွတ်တိုက်ပြီး ၁၀ မိနစ်အကြာ ရေစင်စင်လောင်းချ၍ ပုံမှန်လျှော်နေကျ ရှမ်ပူဖြင့် လျှော်ပေးပါ။

သတင်းတိုများ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့တွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ အမှတ် ၃ ရပ်ကွက်၊ သရက်တောကျောင်းတိုက်တွင် လာမည့် မတ် ၈ ရက်နေ့မှ စတင်ကာ ကမ္ဘာ့ပညာရှင်များက အသိအမှတ်ပြု လက်ခံထားသည့် (CCA) Child Central Approach နည်းစနစ်ဖြင့် အပတ်စဉ် စနေနှင့် တနင်္ဂနွေရက်များတွင် 'လိမ္မာယဉ်ကျေးဘာသာသွေး' ဓမ္မစကူးလ်သင်တန်းကိုသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

သစ်သားမီးတိုင်ဟောင်းများနှင့်ကြိုးဟောင်းများလဲလှယ်

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ အမှတ် (၄)ရပ်ကွက် အနော်ရထာလမ်းနှင့် မြစ် ငယ်လမ်းရှိ သစ်သားမီးတိုင် ၁၇ တိုင်အား ၉ မီတာကွန်ကရစ်ကျောက်တိုင်များဖြင့်လည်းကောင်း၊ ကြိုးဟောင်းများ ဖြစ်သည့် ၂ သွင် ၃ ကြိုး ACSR 35 mm^2 ပေ ၁၀၀၀ အား ၃ သွင် ၄ ကြိုး HDBC NO_4 ကြိုးများဖြင့်လည်းကောင်း၊ ပြည်သူအများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဗို့အားပြည့်မီစွာရရှိရေး၊ ဓာတ်အားပြတ်တောက်မှုလျော့ နည်းစေရေးတို့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဇော်သိန်းနှင့်အဖွဲ့က မတ် ၅ ရက်မှစတင်၍ လဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

ဒဂုံဧရာအဝေးပြေးဝင်းအတွင်း ညစ်ညမ်းနှင့်ဆင်ဆာမဲ့ အခွေရောင်းချသူကို ဖမ်းဆီးအရေးယူ

ဒဂုံဧရာအဝေးပြေးကားဝန်းအတွင်းညစ်ညမ်းနှင့် ဆင်ဆာမဲ့အခွေများရောင်းချနေသည်ဆိုသူကို သက်ဆိုင်ရာက ဖမ်းဆီးအရေးယူမှု ဖြစ်ပွားခဲ့သည်။ သက်ဆိုင်ရာက မတ် ၃ ရက် နံနက် ၁၀ နာရီခန့်တွင် ဒဂုံဧရာအဝေးပြေးကားဝန်းအတွင်း ဆင်ဆာမဲ့ညစ်ညမ်းခွေများ ရောင်းချနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ကျိုက်လတ်လမ်းရှိ သူရထွန်းကားဂိတ်ရှေ့တွင် လှိုင်သာယာမြို့နယ်နေ မဇင်မာထွန်း ၂၉ နှစ်ထံမှ မြန်မာသီချင်းကူးခွေ ၁၈၉ ချပ်၊ ဆင်ဆာမဲ့အငြိမ့်ခွေ ၅၃ ချပ်၊ ညစ်ညမ်းခွေ ၁၁ ချပ်နှင့် အခွေရောင်းရငွေကျပ် ၁၅၀၀ တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် သောင်ကြီးနယ်မြေရဲစခန်းက ဗီဒီယိုအက်ဥပဒေပုဒ်မ ၃၂(ခ) အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၃၁)**

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇော်(ထန်း)

အသက်(၅၁)နှစ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်အေး

Grade-10 (B)

ဝမ်းနည်းကြေကွဲခြင်း

သုခမ္မမဏိဇောတရေ၊ အဘိဓမ္မရေ၊ သီဟသုခမ္မမဏိဇောတရေ

သီတဂူဒေါက်တာဦးစိုးမြင့် (၅၈)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့(ရန်ကုန်)၏ အမှုဆောင် အဖွဲ့ဝင် သီတဂူ ဒေါက်တာဦးစိုးမြင့်သည် ၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေရောဂါကုဆရာဝန်များအဖွဲ့(ရန်ကုန်)
မြန်မာနိုင်ငံဆရာဝန်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်မြင့်

အသက်(၇၂)နှစ်

City Mart Holding Co.,Ltd. မှ ဒေါ်ခင်နီလာမြင့်(Branch Manager-Aung San Branch)၏ ဖခင် ဦးကျော်မြင့် အသက်(၇၂)နှစ်သည် ၂-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

City Mart Holding Co.,Ltd
လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျော်မြင့်

အသက်(၇၂)နှစ်

City Mart Holding Co.,Ltd. မှ ဒေါ်ခင်နီလာမြင့်(Branch Manager-Aung San Branch)၏ ဖခင် ဦးကျော်မြင့် အသက်(၇၂)နှစ်သည် ၂-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Managing Director
နှင့် မိသားစု City Mart Holding Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ပထမ ပုဂ္ဂလိကဘဏ်(မော်လမြိုင်)ကြီးကြပ်ရေးကော်မတီဝင် ဦးကျော်သိန်း သည် ၅-၃-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ အထူးဝမ်းနည်းရပါကြောင်း။ **သုခမ္မစာရအသင်း**

ဝမ်းနည်းကြေကွဲခြင်း

ပထမ ပုဂ္ဂလိကဘဏ်(မော်လမြိုင်)ကြီးကြပ်ရေးကော်မတီဝင် ဦးကျော်သိန်း သည် ၅-၃-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ပူဆွေးသောကရောက်ရပါကြောင်း။

ပထမပုဂ္ဂလိကဘဏ်(မော်လမြိုင်)
ဝန်ထမ်းများ

BEC INTERNATIONAL

SUMMER ENGLISH PROGRAM

PH : 01397742, 09736080975, 09431931111, 09031932223

IBTC Group of Companies

ဝမ်းနည်းကြေကွဲခြင်း

ဦးလှထွန်းအောင်

အသက်(၃၀)နှစ်

Client Focus Technology Group Co.Ltd ၏ Manager (IT/OA)

Client Focus Technology Group Co.Ltd (C.F.T.G)

ဝမ်းနည်းကြေကွဲခြင်း

ပထမ ပုဂ္ဂလိကဘဏ်(မော်လမြိုင်)ကြီးကြပ်ရေးကော်မတီဝင် ဦးကျော်သိန်း သည် ၅-၃-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ အထူးတလည်ဝမ်းနည်းရပါသည်။

ဦးချန်ထွန်း၊ ဦးလှရှိန်၊ SS ဦးကျော်ဝင်း၊ ဦးစိန်ဝင်း၊ ဦးတင်မောင်၊ ဦးယဉ်မောင်၊ ဦးဝင်းနိုင်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း(၇၇)နှစ်

ပြည့်ပြည့်ဇော်မော်တော်ယာဉ်ထုတ်လုပ်ရေး

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ ဘဏ္ဍာရေးမှူးဖြစ်သူ ဦးဇော်ဝင်း သည် ၂၇-၂-၂၀၁၄ရက်က ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့
တောင်သာမြို့နယ်အသင်း(ရန်ကုန်)

တစ်နှစ်ပြည့်အမှတ်တရ

ဦးအောင်မြင့်ဆွေ(ခ)မော်စီ

တရားလွှတ်တော်ရှေ့နေ

(၇-၃-၂၀၁၃ - ၇-၃-၂၀၁၄)

ဖေကြီး၏ ဆုံးမစကားများနှင့်ညွှန်ပြခဲ့သော လမ်းကြောင်းအတိုင်း လိုက်နာလျှောက်လှမ်းခဲ့ပါသည်။ ဖေကြီးကိုရည်စူး၍ မိသားစု၏ နေ့စဉ်နေ့တိုင်း လစဉ်လတိုင်း ပြုလုပ်လှူဒါန်းခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်အစုစုတို့ကို ဖြစ်လေရာဘုံဘဝ၊ ရောက်လေရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပါစေ။ နိဗ္ဗာန်သို့ မျက်မှောက်ပြုသည့် ဘဝတိုင်အောင်လည်း ရရှိခံစားနိုင်ပါစေ။

ဇနီး ဒေါ်သိန်းသိန်းနှင့်မိသားစု

သံဝေဂရရှိခြင်း

ပထမ ပုဂ္ဂလိကဘဏ်(မော်လမြိုင်)ကြီးကြပ်ရေးကော်မတီဝင် ဦးကျော်သိန်း သည် ၅-၃-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ သံဝေဂရရှိပါကြောင်း။

ဖားအောက်တောရစကြာကျောင်း

No. 6 March

EVER ENGLISH

5 Skills

CD

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

လသာမြို့နယ်တရားရုံး

၂၀၁၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

ဒေါ်သန်းသန်းဆင့်	နှင့်	ဦးမိုးကျော်သူ
(တရားလို)		**(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ထီးတန်းအိမ်ရာ၊ တိုက်(၄)၊အခန်း(၀၀၂)၊ မြေညီ(၂လွှာ)နေဦးမိုးကျော်သူ(ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ငွေယုံကြည်အပ်နှံမှုကတိစာချုပ်အတိုင်း ငွေကျပ်သိန်း(၁၀၀)(ကျပ်သိန်းတစ်ရာတိတိ)ပြန်လည်ရယူလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄-ခုနှစ်၊ မတ်လ(၂၅)ရက်၊ (၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၀)ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ရဲဝင်းရှိန်)
မြို့နယ်တရားသူကြီး
လသာမြို့နယ်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း(ခ)ဦးရှိုးတီ

(မော်လမြိုင်)

အသက်(၅၈)နှစ်

(နယူးပွင့်ဖူးပါတိတ်+ KMဖက်ရှင်စတိုး)

B.Sc(Physics)

ဒေါ်တင်တင်နွဲ့(နယူးပွင့်ဖူးပါတိတ်)၏ ချစ်လှစွာသော ခင်ပွန်း ဦးဇော်ဝင်း(ခ)ဦးရှိုးတီသည် ၂-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မပို့၊ မချို
ယုဇနပလာဇာ

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇော်(ထန်း)

အသက်(၅၁)နှစ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအုန်းမောင်

အသက်(၉၆)နှစ်

(ရေကြည်)

ရောဝတီတိုင်းဒေသကြီး၊ရေကြည်မြို့နယ်၊ အောင်ဆန်းရပ်ကွက်(၂)လမ်း၊ အမှတ်(၆၉) နေ(ဒေါ်သန်းရီ(ခ)ဒေါ်ဝက်)၏ခင်ပွန်း၊ ဦးအုန်းကျော်(အသင်းပိုင်ရှင်) ရောဝတီယူနိုက်တက် FC ဘောလုံးအသင်း၊ ဦးဇော်ဇော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ)၏ဘကြီး သည် ၂၈-၂-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ ကြောင်း။

အသင်းပိုင်ရှင်များနှင့်
ရောဝတီယူနိုက်တက် FCဘောလုံးအသင်း

အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထွန်း[၁၂/အစန(နိုင်)၀၄၇၉၉၁]သည် အောက်ဖော်ပြပါ မြေကွက်ကြီးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်း၌တစ်ဦးတည်းအမည်ပေါက် တရားဝင်ပိုင်ရှင်ဖြစ်ပါသည်။ **ရည်ညွှန်းမြေကွက်တည်ရာနှင့်လိပ်စာ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ထနီးလမ်းသွယ်၊ အရှေ့ဘက်ခြမ်း၊ မြေတိုင်းအခေါ်-အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁-ဘီ)၊ လူနေရပ်ကွက်အမှတ် (ပေါက်တော)၊ မြေကွက်အမှတ်(၄/၁-ဘီ၄)မြေအမျိုးအစား(ဘီ/လန-၃၉)၊ ဧရိယာ(၀. ၉၉၂)ဧကရှိ မြေကွက်ကြီးနှင့်အကျိုးခံစားခွင့်အားလုံး။

ဖော်ပြပါ မြေနှင့်အကျိုးခံစားခွင့်တို့အပေါ် ပိုင်ရှင်ဖြစ်သူ ဦးကျော်ထွန်း၏စာဖြင့် သဘောတူခွင့်ပြုချက်မပါဘဲ မည်သူမျှလွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းစသည့် မည်သည့်လွှဲပြောင်းမှုမျှ မပြုမိစေရန်နှင့် မြေကွက်အား ခွဲခြမ်း၊ စိတ်ဖြာ၊ ပိုင်းခြားပြီး အိမ်ရာဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းစသည့် မည်သည့်စီမံခန့်ခွဲမှုမျှ မပြုမိစေရန်နှင့် ထိုသို့ပြုသည်ကို အားပေးကူညီပါဝင် မဆောင်ရွက်မိကြစေရန် သတိပေးတားမြစ်လိုက်ပါသည်။ သို့ပါလျက်ပြုမူဆောင်ရွက်လာသည်ရှိသော် မည်သူ့ကိုမဆို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမျိုးကျော် အထက်တန်းရှေ့နေ(စဉ်-၁၈၆၈၇) ဖုန်း-၀၉-၇၃၀၄၉၃၈၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ မြေကွက်အမှတ်(၁၀၂/၁)၊ အကျယ်အဝန်းပေ(၃၀×၅၇)၊ (၁၇၁၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၈)လမ်း၊ အမှတ်(၁၀၂/၁)ဟုခေါ်တွင်သည့် မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ဒေါ်ခင်လှ(ခ)ဒေါ်ခင်ခင်[၁၂/ဥကတ(နိုင်)၁၀၂၆၉၂]ထံမှ ဦးထွန်းချို[၁၂/သဃက(နိုင်)၀၉၀၁၃၇]မှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သီတာလွင်	**ဒေါ်အေးနန္ဒာဝင်း**	**ဒေါ်မိတင်ဇာလင်း**
စဉ်-၂၅၇၁၀	**စဉ်-၂၈၀၂၆**	**စဉ်-၃၀၄၉၁**
LL.B,D.B.L,D.M.L,D.I.L	**LL.B, D.B.L, D.M.L**	**LLB,D.B.L,D.M.L,D.I.L**

အထက်တန်းရှေ့နေများ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဘီ)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၀၃၉၅၈၆

မူးယစ်ကိုပြစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ဝမ်းနည်းကြေကွဲခြင်း
ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင်
ဌာနခွဲမှူး(တည်းဖြတ်)(အငြိမ်းစား)
မော်ကွန်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း
အသက်(၇၁)နှစ်

မြန်မာ့ရုပ်ရှင်တည်းဖြတ်ဆုရှင် ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင်သည် ၅-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်အောင်မြင့်(ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁-က/၃)၊ သူရ(၁)လမ်း၊ (၉)ရပ်ကွက်နေ ဦးအေးခိုင် (ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)- ဒေါ်နွဲ့နွဲ့တို့၏မိခင် ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေ အသက်(၈၄)နှစ်သည် ၄-၃-၂၀၁၄(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ
နိုင်ငံခြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနတွင် ပညာသင်ကြားပေး သော ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင် အသက်(၇၁)နှစ်သည် ၅-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်
ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ၊ဝန်ထမ်းများ
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုအောင်ခိုင်
အသက်(၃၆)နှစ်

ပခုက္ကူမြို့နယ်နေ ကိုအောင်ခိုင် (ရွှေသပြေ Com., Ltd.)သည် ၂-၃-၂၀၁၄ရက် နံနက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ကိုရန်လင်းအောင်နှင့် ဇနီး ဒေါ်ခိုင်သီတာဦး
Techno eye Co., Ltd.

ဒေါ်တင်တင်အုံး(မြောင်းမြ)
အသက်(၈၁)နှစ်
လ/ထညွှန်မှူး၊ လဝက(ငြိမ်း)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၁)၊ စုပေါင်းအိမ်ရာ၊ တိုက်အမှတ် (၁၂၉/၄)နေ (ဦးဘအုံး-ဒေါ်ထွေး-ဒေါ်သန်း)တို့၏သမီး၊ (ဦးစိန်မောင်-ဒေါ်သန်းနု)တို့၏သမီးချွေးမ၊ ဦးကြည်းမြင့်(လ/ထ မန်နေဂျာ၊ MEIS-ငြိမ်း)၏ဇနီး၊ (ဦးခင်မောင်ကြီး-ဒေါ်ညွန့်ညွန့်)၊ (ဦးမောင်မောင်မြင့်-ဒေါ်ကြည်)၊ (ဦးစောနေဒွန်း-Dr.ဒေါ်သန်းခင်)၊ (ဦးခင်တင့်-ဒေါ်ခင်စောရီ)၊ (ဦးသောင်း)-ဒေါ်ရင်မေ၊ (ဒေါ်ခင်အုံး)တို့၏ညီမ၊ ဦးသန်းအုံး-(ဒေါ်မြမြ)၊ (ဦးကျော်အုံး)-ဒေါ်ခင်အေးကြူ၊ ဦးတင်မြ-ဒေါ်ချစ်ချစ်၊ ဦးမြင့်သန်းအုံး-ဒေါ်ခင်မေကြည်၊ Dr. မျိုးမြင့်သိန်း-ဒေါ်ချိုချိုအုံး၊ ဦးစန်းမောင်အုံး-ဒေါ်ဇင်ဇင်မာတို့၏အစ်မသည် ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု

ဦးကြည်ထွေး
အသက် (၅၄)နှစ်
(မြောင်းမြ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အမှတ်(၃)၊ ရေတွင်းလမ်းနေ (ဦးခိုင်ချန်)၊ ဒေါ်ရှခင်-(ဦးချစ်ထွန်း)၊ ဦးကိုက်ဝါ-ဒေါ်လှလှပြုံးတို့၏ညီငယ် ဦးကြည်ထွေးသည် ၆-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ခရစ်တော်၌အိပ်ပျော်ခြင်း
စစ္စတာလူစီနားနန့်စိန်အေး
(FMM)
အသက်(၉၃)နှစ်၊ဝါတော်(၇၂)

ရန်ကုန်မြို့၊ စိန့်ဖရန်စစ်သီလရှင်ကျောင်း၊ အမှတ်(၂)၊ ဦးထွန်းမြတ်လမ်း၊ တာမွေနေ (ဦးအန်ဂျေလူး-ဝိတိုရီးယားနန့်တော်-ကနစ်းကုန်း)တို့၏သမီး၊ Franciscan Missionaries of Mary သီလရှင်ဂိုဏ်းမှ စစ္စတာလူစီနားနန့်စိန်အေးသည် ၆-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၉း၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) နံနက် ၈ နာရီတွင် စိန့်ဖရန်စစ်အစီစီဘုရားကျောင်းတော်၌ မစ္ဆားတရားပူဇော်ပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ **FMM Sisters**

တပ်ကြပ်ကြီးမျိုးညွှန့်အောင်
တပ်မတော်(ရေ)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၂၄)နေ ဒေါ်ကြူ၊ ဒေါ်တင်တင်မြိုင်တို့၏တူသား၊ (ဦးအောင်ခင်)-ဒေါ်တင်တင်လှိုင်(ကုန်သွယ်ဦးစီး-ငြိမ်း)တို့၏သားကြီး၊ မသွယ်သွယ်ဆင့်၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၉)လမ်း၊ အမှတ်(၉၁၂)နေ ဦးကျော်ငြိမ်း(မော်ကွန်းဝင်တတိယဆင့်) (ဒလမြို့နယ် ကုန်သွယ်ရေး-ငြိမ်း)-ဒေါ်အုန်းတို့၏ သားသမက်၊ ဒေါ်သီတာစိုး (တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သီဟထွန်း(အထက-၂၊ တောင်ဥက္ကလာ)၊ မောင်လင်းထက်မျိုး(အမက-၆၊ တောင်ဥက္ကလာ)တို့၏ဖခင်သည် ၆-၃-၂၀၁၄ရက် နံနက် ၈း၁၅ နာရီတွင် မင်္ဂလာဒုံ အမှတ်(၁)စစ်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံဆေးရုံကြီး ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ (၁၃)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသန်းထွန်း(မော်လမြိုင်)
အသက်(၈၄)နှစ်
လက်ထောက်ကထိက၊
လျှပ်စစ်စွမ်းအား(ငြိမ်း)
စက်မှုလက်မှုသိပ္ပံ
(အင်းစိန်/ပြည် အကန်တော့ခံ ဆရာကြီး)

မော်လမြိုင်မြို့၊ သဘော်လဲရပ်နေ (ဦးဘခင်-ဒေါ်အေးလှိုင်)တို့၏ သား၊ ပြည်မြို့၊ နဝင်းကွက်သစ်၊ (၈)လမ်း၊ (၄/၄၆) နေ (ဒေါ်ခင်ခင်ဝင်း)၏ခင်ပွန်း၊ ဦးအေးမင်းထွန်း(လမ်းအထူးအဖွဲ့-၇၊ ပဆင၊ ပြည်မြို့)-ဒေါ်လှဲ့လှဲ့ဝင်း (ပြည်ခရိုင်၊ ပဆင-ပြည်မြို့)၊ ဒေါက်တာကိုကိုလွင်- ဒေါ်သင်းသင်းထွန်း (ခေတ္တ-နယူးဇီလန်)၊ ဦးသိန်းမင်းထွန်း (Hub shipping line, malasia)-ဒေါ်နှင်းဝေလင်း (ရတနာပုံတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၄-၃-၂၀၁၄ (အင်္ဂါနေ့) ညနေ ၅း၂၈ နာရီတွင် တိုက်(၁၈)၊ အခန်း(၁၀၂)၊ (ပ-ထပ်)၊ ရတနာမွန်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးကျော်ဝင်း(ခ)
DENNIS NYUNT MAUNG
2nd ENGINEER
(CDC 5387)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် (၃၃၁)နေ [ဦးညွန့်မောင်-ဒေါ်သိန်းရင်(ခ)နော်လားတား]တို့၏ ဒုတိယမြောက်သား၊ ဒေါ်အက်စတာဂျွန်ဖိုးရိမ်(ခ)ဒေါ်ချိုချို၏ ခင်ပွန်း၊ MR. DANIEL A.COHEN - ဒေါ်ချိုသဲဝင်း၊ ကိုစောထူးစော-ဒေါ်ချိုသီဝင်း၊ ဒေါ်ချိုသက်ဝင်းတို့၏ဖခင်၊ ဦးတင်ဦး-ဒေါ်တင်လှတို့၏မောင်၊ ဦးအဲလ်ဘတ်ဂျေဖိုးရိမ်-ဒေါ်မူမူတို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစုများ

ဦးအောင်မြတ်(ခ)ဦးအုန်းသန်း
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ်(၁၀၇၉)နေ (ဦးသန်းရွှေ)-ဒေါ်ကျင်ငွေတို့၏ ချစ်လှစွာသောသားငယ်၊ ဦးဝင်းလှိုင်-ဒေါ်ခင်မာကြည်တို့၏ညီငယ်၊ ဒေါ်ညွန့်ညွန့်သန်း(အလက-၃၊ ရန်ကင်း)တို့၏မောင်၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏ အဘိုးလေးသည် ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကေသီ(ခ)ဒေါ်အေးအေးခိုင်
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၉၉)၊ ပထမထပ်နေ (ဦးရှောင်ကျိန်း-ဒေါ်နှင်းကြင်)တို့၏သမီး၊ (ဦးညွန့်စိန်-ဒေါ်သန်းမြင့်)တို့၏ သမီးချွေးမ၊ ဦးစိုးလေး၏ဇနီး၊ မောင်ကျော်ဟန်ဖြိုး၊ မဖူးသက်ပိုင်တို့၏မွေးသမိခင်၊ ဦးမြင့်အောင်-ဒေါ်ခင်စန်းနွဲ့တို့၏ညီမ၊ မောင်မိုးမြင့်သူ(ခေတ္တ-USA)၊ မနွဲ့သိင်္ဂီ (ခေတ္တ-Singopore)တို့၏ အဒေါ်သည် ၆-၃-၂၀၁၄ရက် နံနက် ၃း၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဗိုလ်တထောင်ဘုရားလမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁က-၃)၊ သူရ(၁)လမ်း၊ (၉)ရပ်ကွက်နေ (ဦးချစ်ဦး-ဒေါ်လယ်)တို့၏သမီး၊ (ဦးအုံးမောင်)၏ဇနီး၊ ဒေါ်ဩ၏ညီမ၊ ကူဝိတ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးအေးခိုင်-ဒေါ်နွဲ့နွဲ့တို့၏ ချစ်လှစွာသောမိခင်ကြီး၊ (ဦးအောင်မင်းဦး)-ဒေါ်သန်းသန်းငွေ၊ ဦးစိုးမြင့်-ဒေါ်ချိုမာဝင်း(ခ)မချို ပါမောက္ခ ဒေါက်တာနေဝင်း-ဒေါ်မေမေသွဲ့၊ ဦးစိုးတင့်-ဒေါ်တင့်တင့်၊ ဦးညီညီဦး-ဒေါ်ဥမ္မာဝင်းလွင်တို့၏အဒေါ်၊ မြေး ၁၅ ယောက်တို့၏အဘွား ဒေါ်ဒေါ်(ခ)ဒေါ်ခင်ရွှေသည် ၄-၃-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ (စနေနေ့) **မွန်းလွဲ ၁နာရီ**တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိသားစုဆွေမျိုးသားချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမ
ဒေါ်သန်းစိန်(မုဒုံ/မော်လမြိုင်) (၈၃)နှစ်
ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ မြန်မာစာဌာန(ငြိမ်း)

မော်လမြိုင်မြို့၊ အောက်လမ်းမကြီးနေ(ဦးဘန်ချိန်း-ဒေါ်ငွေဇင်)တို့၏သမီး၊ ဒိုက်ဦးမြို့နေ(ဦးထွန်းအုံး-ဒေါ်ရင်မြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၆၅/ဒီ)နေ ဒေါက်တာဦးသိန်းအောင် (ကထိက၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)၏ဇနီး၊ ဒေါက်တာစန္ဒာနွယ်-Rev. Dr. ဂျေကော့ ခမ်ခန့်မုန်၊ ဒေါက်တာငွေငွေအောင်-Capt; တင့်လွင်၊ ဒေါက်တာအောင်ကျော်ကျော်၊ ဒေါက်တာသန်းသန်းအေးတို့၏မိခင်၊ မခိုင်ခေမာ၊ ဂျွန်နန်ရှန်းခိုင်၊ မအေးမွန်သီ၊ မအဲမွန်စည်၊ မောင်လူမော်အောင်၊ မောင်ဟန်မော်အောင်တို့၏ဘွားဘွားကြီးသည် ၆-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်အုံး(မြောင်းမြ) (၈၁)နှစ်
လ/ထညွှန်မှူး၊ လဝက(ငြိမ်း)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၁)၊ စုပေါင်းအိမ်ရာ၊ တိုက်အမှတ်(၁၂၉/၄)နေ (ဦးဘအုံး-ဒေါ်ထွေး-ဒေါ်သန်း)တို့၏သမီး၊ (ဦးစိန်မောင်-ဒေါ်သန်းနု)တို့၏သမီးချွေးမ၊ ဦးကြည်းမြင့်(လ/ထမန်နေဂျာ၊ MEIS-ငြိမ်း)၏ဇနီး၊ ဒေါ်စန္ဒာမြင့်၊ ဒေါ်မဥ္ဇူမြင့်-ဦးသိန်းဇော်ဦး၊ (ဒေါ်နီလာမြင့်)၊ ဦးတင်ထွန်းလင်း-ဒေါ်သိင်္ဂီဝင်းတို့၏မိခင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ည ၁၁း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဘသန်း(တရားလွှတ်တော်ရှေ့နေ)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉/က)ရပ်ကွက်၊ ရွှက်ဝါလမ်း၊ အမှတ်(၁၈၃/ခ)နေ (ဦးလှထွန်းအောင်-ဒေါ်မိုးစိန်)တို့၏သား၊ ဒေါ်မြသန္တာ၊ ဦးမျိုးသန်း(နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်)၊ ဦးလှမိုးတို့၏မွေးသဖခင်၊ ဦးဦးထွန်းသာ၏ညီ၊ ဒေါ်ယဉ်သာ၏ခင်ပွန်း ဦးဘသန်း(တရားလွှတ်တော်ရှေ့နေ)သည် ၆-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးလှမိုး (၄၆)နှစ်
B.Sc(Botany)
2nd. Officer MV-IVS KWATIO (Miraco Marine Co., Ltd.)
C.D.C-18369

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၅၃)နေ ဒေါ်ညွန့်ရီ၊ ဒေါ်ကြွေတို့၏တူ၊ (ဦးတင်အောင်)-ဒေါ်ခင်ခင်တင့်တို့၏သား၊ ဦးသိန်းစိုး၊ ဒေါ်နုရီ၊ ဦးဝင်းမြင့်၊ ဦးဝင်းတင့်၊ ဦးမြဇော်ချို (E/E Marsks Line Shipping Co., Ltd.)-ဒေါ်တင်တင်မော်တို့၏ညီ/မောင်၊ ဦးနေအောင် (BSM Shipping Co., Ltd.)-ဒေါ်ဥမ္မာခင်တို့၏ညီ၊ ဦးနန္ဒတင်ဦး-ဒေါ်သီတာအောင်တို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏ချစ်လှစွာသော အဘိုးသည် ၄-၃-၂၀၁၄ (အင်္ဂါနေ့) နံနက် ၆နာရီတွင် Alypairas (စပိန်)ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုအောင်ကျော်စိုး
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အရှေ့စောရန်ပိုင်ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၉၃)နေ ဦးဟုတ်စီ-ဒေါ်ခင်စိန်တို့၏သားကြီး၊ ဦးသန်းငွေ-ဒေါ်မြင့်မြင့်ငွေတို့၏သားသမက်၊ မအိအိမိုး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြင့်ဦး-မတင်တင်ယု၊ Dr. ဦးစန်းမြင့်-မအေးအေးခိုင်တို့၏မောင်၊ ကိုမျိုးမင်းစိုး-မမျိုးသီတာ၊ မောင်မျိုးမင်းပိုင်တို့၏အစ်ကို၊ မောင်ဇော်မျိုးအောင်၊ မသဇင်အောင်၊ မောင်ထက်ပိုင်ဦး၊ မဆုမြတ်သံစဉ်၊ မမေဖြူစင်မျိုး၊ မောင်မျိုးမင်းခန့်၊ မဆုမြတ်နေရည်တို့၏ ဦးလေးသည် ၆-၃-၂၀၁၄(ကြာသပတေးနေ့) နံနက် ၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄ (စနေနေ့) နံနက် ၁၀နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးထွန်းကြည်(လှည်းကူး)
အသက်(၈၄)နှစ်
မြန်မာနိုင်ငံ ကျန်းမာရေးမှူး
အသင်းဥက္ကဋ္ဌ(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဈေးကြီးရပ်ကွက်၊ သင်္ဂဟလမ်းနေ (ဦးမောင်ညွန့်-ဒေါ်မျှင်)တို့၏သားကြီး၊ မြိတ်မြို့နေ (ဦးဖိုးမြိုင်-ဒေါ်အမာ)တို့၏ သားသမက်၊ (ဦးကျင်ထွေး)-ဒေါ်ထားခင်၊ (ဒေါ်အုန်းမြင့်)၊ ဦးစိုးမြင့်-(ဒေါ်ငွေးကြွယ်)၊ ဦးသာလှ-ဒေါ်ကျင်မြင့်တို့၏အစ်ကိုကြီး၊ ဒေါ်သင်းသင်း၊ (ဒေါ်သီတာအေး)၊ ဦးမင်းမော်-ဒေါ်ခင်ထွေးရီတို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်မင်းသူ၏အဘိုး၊ ဒေါ်တင်တင်အေး၏ခင်ပွန်းသည် ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သိန်းအေးမင်္ဂလာဒီပကျောင်းဆရာတော်
ဘဒ္ဒန္တဒီပ မဟာထေရ်
သိက္ခာတော် (၅၅)ဝါ၊ သက်တော် (၇၅)နှစ်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သင်းမကျေးရွာအုပ်စု၊ သင်းမကျေးရွာ သိန်းအေးမင်္ဂလာဒီပကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဒီပ မဟာထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်) ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၇/၈ ရက်) ၆/၇- ၄-၂၀၁၄ရက်များတွင် အထက်ပါကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများနှင့်
ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တတေဇနိယ(ညောင်ဦး-တောင်တော)
သိက္ခာတော်(၄၆)ဝါ၊ သက်တော်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ဓမ္မရံသီကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက လဋ္ဌိပေသလ သိက္ခာကာမ ဝိနယပါရဂူဖြစ်တော်မူသော ဘဒ္ဒန္တတေဇနိယ ဆရာတော်သည် (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) ၅-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ရက်) ၁၁-၃-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပန အခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာ
ဒါယကာ၊ဒါယိကာမများနှင့် ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တနေမိန္ဒ
သိက္ခာတော်(၄၄)ဝါ၊ သက်တော်(၆၄)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မြို့ဦးကျောင်းတိုက် ပဓာနနာယက ဆရာတော်သည် (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၄ရက်) ၄-၃-၂၀၁၄(အင်္ဂါနေ့) ည ၇း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်းနှင့် အန္တိမဈာပနသဘင်ကို (၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ရက်) ၂၆-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် မြို့ဦးကျောင်းတိုက်အတွင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်လတ်(၂) (၈၇)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၇၁)၊ လေးလွှာနေ (ဝတ်လုံတော်ရ ဦးမောင်မောင်လတ်-ဒေါ်သင်းလှိုင်)တို့၏သား၊ (ဒေါ်ခင်ခင်လတ်)၊ (ဦးရွှေသိန်း)တို့၏မောင်/ညီ၊ (ဒေါ်ရင်ရင်လတ်)၊ (ဦးဘိုလတ်-ဒေါ်ခင်ရီ)၊ ဒေါ်မြိုင်မြိုင်လတ်တို့၏အစ်ကို၊ (ဦးကျော်ကျော်လတ်-ဒေါ်လှရီ)၊ (ဦးသိန်းရွှေ)-ဒေါ်အေးအေးလတ်၊ ဦးအောင်မိုး-ဒေါ်အေးအေးခိုင်၊ ဦးတိုးတိုးလတ်-(ဒေါ်စောနု)၊ ဦးလှမျိုးမင်း-ဒေါ်မြင့်မြင့်စန်း၊ (ဦးဝင်းလတ်)-ဒေါ်ခင်စန်းမြင့်တို့၏မွေးသဖခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးတင်လတ်(ခ)ဦးတွတ်သည် ၆-၃-၂၀၁၄ ရက် နံနက် ၉း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၃-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၃-၂၀၁၄ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ အမှတ်(၇၁)၊ လေးလွှာ၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်တင်ညို(ဟင်္သာတ)
အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဦးရွှေဒွေးလမ်း၊ အမှတ် (၁၇၀)နေ (ဦးဘငွေ)၏ဇနီး၊ (ဦးဝင်း)-ဒေါ်ယဉ်တင့်၊ ဦးမြင့်ငွေ-ဒေါ်စန်းမြင့်ကြည်၊ ဦးတင်အောင်ငွေ-ဒေါ်အေးမြိုင်သိန်း၊ ဦးစိုးအောင်-ဒေါ်မူမူငွေ၊ ဦးအောင်ဝင်း-ဒေါ်ညိုညိုငွေတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ဟင်္သာတမြို့မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးခင်မောင်မြင့် (၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ [ဗိုလ်ကြီးလျှံခင်း(ငြိမ်း)-ဒေါ်သိန်းကြည်]တို့၏သားကြီး၊ (ဦးစာရေးဩ-ဒေါ်နန်းခမ်းဆာ)တို့၏သားသမက်၊ ဦးခင်မောင်စိုး-ဒေါ်မြင့်မြင့်၊ ဦးခင်မောင်အုံး၊ ဦးခင်မောင်ငွေ-ဒေါ်ခင်သူသူဝင်း၊ ဦးခင်မောင်ဝင်း-နန်းနုနုကြည်၊ ဗိုလ်ကြီးသန်းလှိုင်(အသည်းဆေးရုံ)-ဒေါ်အေးအေးဝင်း၊ ဗိုလ်မှူးစိုးနိုင်ထွန်း(ငြိမ်း)-ဒေါ်ခင်စန္ဒာမူ၊ ဗိုလ်ကြီးသန်းလှိုင် (ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်ခင်ကလျာထွေးတို့၏အစ်ကိုကြီး၊ ဒေါ်နန်းမိုခမ်း၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ချမ်းငြိမ်း-နန်းခင်သန္တာမော်၊ မောင်အောင်မျိုးဖေ-နန်းခင်ရတနာအေး၊ နန်းသဲသဲအိစံတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၅-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်စိုး(ခ)ဆရာပရောဖက်မြတ်သစ်(ခ)ဆရာတိုး(၅၉)နှစ်
(နက္ခတ္တဝေဒပညာရှင်)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သီရိဂုဏ်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၀၁)၊ ဒုတိယထပ်နေ (ဦးတင်သိန်း-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးသန့်ဇင်-ဒေါ်စန်းရင်)တို့၏သားသမက်၊ ဦးစိုးဝင်းသိန်း-ဒေါ်ဝေဝေ၏တို့ညီ၊ ဦးအောင်မိုး-ဒေါ်မျိုးမျိုး၊ ဦးမြင့်သူ-ဒေါ်လေးလေးထိုက်တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ မထားစုမြင့်မိုရ် (2nd year, English, Y.U.F.L)၏ မွေးသဖခင်သည် ၆-၃-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကြက်ခြေနီအဖွဲ့သည် ပြည်သူများကို ကယ်ဆယ်စောင့်ရှောက်နိုင်ရန် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ အဆင်သင့်ထားရှိ

စာမျက်နှာ ၇ သို့ »»

အမျိုးသားလွှတ်တော်အစည်းအဝေး

လစဉ် စက်နိုးစမ်းသပ်ဆီနှင့် မီးလောင်မှုများတွင် အသုံးပြုရန် အတွက် ဘဏ္ဍာငွေခွင့်ပြုမှု တင်ပြဖြည့်တင်းပေးသွားမည်

စာမျက်နှာ ၇ သို့ »»

အာဆီယံအဖွဲ့ အစည်းအတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် 11th ASEAN Chiefs of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးသို့တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား မတ် ၅ ရက် ညနေပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ် Bilateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့ ❒

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် သမိုင်းဝင်ရေလယ်ရွှေမဥ္စူဘုရားပွဲ

အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင်တည်ရှိပြီး စတုရန်းမိုင် ၃၁၄ ဒသမ ၆၇ မိုင်ကျယ်ဝန်း၍ ကြိုးဝိုင်းတောငါးခု ၂၁၄ ဒသမ ၆၇ စတုရန်းမိုင်ရှိကာ ရေပြင်ဧရိယာမှာ ၁၀၀ စတုရန်းမိုင်ဖြစ်သည်။

ထို့အပြင် အရှေ့တောင်အာရှတွင် အကြီးဆုံးရေတိမ်ဒေသ ဂေဟစနစ်အား လေ့လာနိုင်ခြင်း၊ အင်းတော်ကြီးကန်အတွင်းနှင့် အင်းတော်ချောင်းတစ်လျှောက်စက်လှေစီး၍ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များလေ့လာနိုင်ခြင်း၊ ကန်ပတ်လည်ရှိကြိုးဝိုင်းကြီးငါးခုအတွင်းမှ ရှားပါးတိရစ္ဆာန်များ၊ သစ်ခွများ၊ လိပ်ပြာများ၊ အင်းဆက်များ၊ ငါးမျိုးစိတ်များကိုလေ့လာနိုင်ခြင်း၊ ဒေသခံပြည်သူများ၏လူနေမှုဘဝကို လေ့လာနိုင်ခြင်းတို့အပြင် အထူးခြားဆုံးမှာ သမိုင်းဝင် ရွှေမဥ္စူဘုရားအား ဖူးမြော်နိုင်ခြင်းပင်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

သတင်းနှင့်ဓာတ်ပုံ
ငွေအောင်(ကြေးမုံ)

ယနေ့ rwd

မြန်မာဂန္ထဝင်ကားဟောင်းများ ပြပေးစေချင်
စာမျက်နှာ - ၁၀

အော်စကာဇာတ်ပို့ဆုအတွက် ကျေနပ်နေသူ မင်းသမီး Lupita Nyong'o
စာမျက်နှာ - ၁၂

ဘရာဇီးက တောင်အာဖရိကအား ငါးဂိုးပြတ်နိုင် တိုက်စစ်မှူးနေမာ ဟက်ထရစ်ဂိုးသွင်းယူ
စာမျက်နှာ - ၁၃

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် (၂၃) ရက်သာ လိုတော့သည်

ဖြူးမဟာစည်ရိပ်သာ (ဖြူးမြို့) နွေရာသီတရားစခန်းဖွင့်မည်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီ မဟာစည် သတိပဋ္ဌာန်ဝိပဿနာသင်္ကြန်အထူးတရားစခန်းပွဲကြီးကို [၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၉ရက် (တနင်္လာနေ့) မှ ၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်(တနင်္လာနေ့) အထိ] ၇-၄-၂၀၁၄ရက်မှ ၂၁-၄-၂၀၁၄ရက်အထိ ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ သာသနာပြု နယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D.INDIA ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိက သံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည် လှူဒါန်းလိုသူများသည် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့၊ ဖုန်း ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉ ၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၃၉၈၊ ဧရိယာ(၀. ၀၅၅)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂-ရပ်ကွက်၊ လက်ဝဲသုနန္ဒလမ်း၊ အမှတ်(၁၃၅)ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်စန်းစန်းလွင်[၁၂/ပဇတ(နိုင်)၀၀၄၉၆၆]အမည်ပေါက်လျက်ရှိပြီး ၎င်း၏ ကိုယ်စားမှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၉၆၃/၂၀၁၃(၂၉-၁၀-၂၀၁၃)ရရှိသူ ဒေါ်ခင်မြင့်ကြည်[၁၂/ဗတထ(နိုင်)၀၂၁၃၄၈]မှ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အေးနန္ဒာဝင်း	**ဒေါ်မိတင်ဇာလင်း**
LL.B, D.B.L, D.M.L	**LL.B, D.B.L, D.M.L, D.I.L**
အထက်တန်းရှေ့နေ(စဉ်-၂၈၀၂၆) ဖုန်း-၇၃၀၃၉၅၈၆	**အထက်တန်းရှေ့နေ(စဉ်-၃၀၄၉၁)**

"မင်းမဟာ"အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်
အမှတ်-၃၈၊ ဒုတိယထပ်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ပါရမီလမ်းရုံးချုပ် ဖုန်း-၀၉-၇၃၁၆၂၇၇၂၊ ၀၉-၄၉၃၀၅၇၅၇၊ ၀၉-၄၃၁၄၄၄၅၆၊
မြောက်ဒဂုံ(ရုံးခွဲ) ဖုန်း-၀၉-၂၅၀၆၃၆၁၂၃၊ ၀၉-၄၂၂၄၇၇၇၇၃

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၁၃)၊ (၅)လွှာ၊ ခြေရင်းခန်းနှင့်ပတ်သက်၍ ၄-၂-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၇)ပါ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်တိုက်ခန်းပါဝင်သည့် နှစ်ခန်းတွဲ-ခြောက်ထပ်တိုက်ကို ကျွန်ုပ်တို့အမှုသည် ဒေါ်ထွားရီ[၁၂/စခန(နိုင်)၀၀၃၃၀၁]က မြေရှင်ဦးလှမောင်နှင့်ညီနှိုင်း၍ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ပြီး မြေရှင်ရရှိမည့်တိုက်ခန်း(၅)ခန်းစလုံးကိုလည်း မြေရှင်သို့ ပေးအပ်ပြီးဖြစ်ပါသည်။ ဒေါ်ထွားရီ ကန်ထရိုက်တာအဖြစ်ရရှိမည့် အထက်ပါတိုက်ခန်းကို ဒေါ်ခိုင်လင်းအေးက အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရန် ၁၂-၁-၂၀၀၈ရက်စွဲပါ အခန်းအပျောက် အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို ဒေါ်ထွားရီနှင့်ချုပ်ဆိုခဲ့သော်လည်း စာချုပ်ပါအရစ်ကျငွေများကို စာချုပ်ပါကာလများတွင် တိကျစွာပေးသွင်းခြင်းမရှိသည့်အပြင် ပဉ္စမထပ်စလက်လောင်းချိန်၊ တိုက်အမိုးမိုးချိန်များတွင် ပေးသွင်းရမည့်အရစ်ကျငွေများကို ဒေါ်ခိုင်လင်းအေးက ပေးသွင်းရန် (၃)နှစ်ကျော် ပျက်ကွက်ခဲ့ပါသည်။ ဒေါ်ခိုင်လင်းအေး၏ အထက်တန်းရှေ့နေ ဒေါ်နေရည်လင်းက ဒေါ်ထွားရီသို့ အရောင်းအဝယ်အပြီးအပိုင်စာချုပ် ချုပ်ဆိုပေးရန်တောင်းဆိုခဲ့သည့် ၁၇-၁-၂၀၁၄ ရက်စွဲပါ အကြောင်းကြားစာအပေါ် ဒေါ်ထွားရီဘက်မှ အပြီးအပိုင်စာချုပ်ချုပ်ဆိုပေးမည်မဟုတ်ကြောင်း၊ ဥပဒေအရ အရေးယူမည်ဆိုပါကလည်း ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်းကို ၂၂-၁-၂၀၁၄ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ခိုင်လင်းအေး၏ ၄-၂-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာကြေညာချက်သည် ဒေါ်ထွားရီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန်နှင့် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာခြင်းသာဖြစ်ကြောင်း ဒေါ်ခိုင်လင်းအေးနှင့် ဒေါ်ထွားရီတို့ချုပ်ဆိုခဲ့သည့် ၁၂-၁-၂၀၀၈ ရက်စွဲပါ စရန်ပေးကတိစာချုပ်သည် စာချုပ်ပါစည်းကမ်းချက်များကို ဒေါ်ခိုင်လင်းအေးက အကြိမ်ကြိမ်ပျက်ကွက်ခဲ့၍ ချုပ်ငြိမ်းပြီးပြတ်ခဲ့ပြီးဖြစ်သဖြင့် အထက်ပါတိုက်ခန်းကို ဒေါ်ထွားရီက ဒေါ်ခိုင်လင်းအေး၏ခွင့်ပြုချက်မလိုအပ်ဘဲ ရောင်းချခွင့်၊ လွှဲပြောင်းခွင့်များရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းလှိုင်(စဉ်-၆၀၃၅)	**ဦးမောင်မောင်ဦး(စဉ်-၄၂၆၀)**
LL.B	**B.A(Q),H.G.P,R.L**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
ဖုန်း-၀၉-၅၁၃၇၀၃၄	**ဖုန်း-၀၉-၅၁၈၂၉၈၂**

တိုက်(၅၅)၊ အခန်း(၂၂)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၂၈၄/၂၈၆)နေ ဦးအောင်အောင်[၁၂/လမတ(နိုင်)၀၂၅၇၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၁၁၄၀/၂၀၁၄နှင့် ၁၁၄၁/၂၀၁၄တို့ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါကြောင်း အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကံကောင်း	Perfect 100
၁၁၄၀/၂၀၁၄	**၁၁၄၁/၂၀၁၄**

ဦးအောင်အောင်သည် ဖော်ပြပါကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများကို တယ်လီဖုန်းအမျိုးမျိုးနှင့် ဖုန်းအပိုပစ္စည်းများ၊ ကွန်ပျူတာအမျိုးမျိုးနှင့် ဆက်စပ်အပိုပစ္စည်းများ၊ ကင်မရာအမျိုးမျိုး၊ မီဒီယာလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ဖြင့် အသုံးပြုရသော လူအသုံးအဆောင်ပစ္စည်းများနှင့် ဆက်စပ်အပိုပစ္စည်းများတွင် Perfect-100တံဆိပ်နှင့်အမည်ကို ရိုက်နှိပ်ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် "ကံကောင်း"အမည်အမှတ်တံဆိပ်ဖြင့် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေမူပိုင်အဖြစ်အသုံးပြုလျက်ရှိသော ဖော်ပြပါကုန်အမှတ်တံဆိပ်များနှင့် အမည်များကို အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဆွေစင်အိ(LL.B.,LL.M)	**ဦးမျိုးဝေထွန်း(LL.B.,D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၇)	**အထက်တန်းရှေ့နေ(စဉ်-၃၀၉၆၇)**

အမှတ်(၉/၁၁)၊ အခန်း(၃၀၆)၊ ၄-လွှာ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၄၆၇၅၄၊ ၀၉၅၁၉၄၉၀၉

PETER & PAUL(ပီတာနှင့်ပေါလ်)ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပက်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်းနှင့် လမ်း(၉၀)ထောင့်၊ ကန်တော်ကလေး၊ အမှတ်(၅၉)၊ ပထမထပ် (၀၁-၃၉၄၃၄၉၊ ၀၁-၃၉၄၃၅၀)တွင် ရုံးခန်းဖွင့်လှစ်၍ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်နေကြသည့် PETER & PAULဆောက်လုပ်ရေးလုပ်ငန်း၏အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သော ဦးဇော်ခိုင်မြင့်(ခ)ပေါလ်[၁၂/မဂတ(နိုင်)၀၀၅၀၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဇော်ခိုင်မြင့်(ခ)ပေါလ်သည် ၎င်း၏ညီဖြစ်သူ PETER & PAULဆောက်လုပ်ရေးလုပ်ငန်း၏ဒါရိုက်တာဖြစ်သူ ဦးဇော်ညိုမြင့်(ခ)ပီတာ [၁၂/မဂတ(နိုင်)၀၀၅၀၃၅]နှင့်အတူ အထက်ပါလိပ်စာတွင် ရုံးခန်းဖွင့်လှစ်ပြီး PETER & PAUL (ပီတာနှင့်ပေါလ်)အမည်ဖြင့် အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းကို ကောင်းသတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ "အဆောက်အအုံလုပ်ငန်းလုပ်ကိုင်ခွင့် ကန်ထရိုက်တာလိုင်စင်"ကို လျှောက်ထားရယူပြီးမှ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပြီး လိုင်စင်အမှတ်မှာ-၃၅၁ဖြစ်ပါသည်။ ထို့အပြင်"ပီတာနှင့်ပေါလ် PETER & PAULဆောက်လုပ်ရေးလုပ်ငန်းနှင့် ပရိဘောဂကုန်ပစ္စည်းအမှတ်တံဆိပ်"ကိုလည်း မူပိုင်အဖြစ်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၈၃၉၀/၂၀၀၆ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးလည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အထက်တွင်ဖော်ပြသည့်အတိုင်း ဥပဒေနှင့်အညီ လိုအပ်သည့်အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံခိုင်လုံစွာဖြင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ၏ PETER & PAULဆောက်လုပ်ရေးလုပ်ငန်းသည် ကောင်းသတင်းဖြင့် အောင်မြင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ၏ထိုသို့ကောင်းသတင်းဖြင့် အောင်မြင်မှုကို အခွင့်ကောင်းယူကာ ယခုအခါ လူ/လုပ်ငန်းအချို့က အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ၎င်းတို့သည် PETER & PAUL ဆောက်လုပ်ရေးလုပ်ငန်းမှဖြစ်သည်ဟု လိမ်လည်ပြောဆိုလျက် အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ ထို့ကြောင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို PETER & PAULဆောက်လုပ်ရေးလုပ်ငန်းနှင့်သာ အမှန်တကယ်ဆောင်ရွက်လိုသူများအနေဖြင့် မှန်မှန်ကန်ကန်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အထက်ဖော်ပြပါလိပ်စာရှိ PETER & PAULဆောက်လုပ်ရေးလုပ်ငန်း၏ ရုံးခန်းသို့ တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်ကြပါရန်နှင့် ကျွန်ုပ်တို့၏မိတ်ဆွေ၏ PETER & PAUL ဆောက်လုပ်ရေးလုပ်ငန်း၏ ကောင်းသတင်းဖြင့် အောင်မြင်နေခြင်းကို အခွင့်ကောင်းယူကာ အများပြည်သူအား ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ဆောင်ရွက်နေသော လူ/လုပ်ငန်းများအနေဖြင့် ဤကြေညာပါသည့်နေ့မှစ၍ မည်သည့်နည်းနှင့်မျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန် အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ဤကြေညာချက်အား လိုက်နာခြင်းမရှိခဲ့ပါက ထိုသို့လုပ်ကိုင်ဆောင်ရွက်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အမှုဖွင့်လှစ်တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးဇော်ခိုင်မြင့်	**ဦးမေအောင်**
[၁၂/မဂတ(နိုင်)၀၀၅၀၃၆]	**(တရားလွှတ်တော်ရှေ့နေ)**
	ဒေါ်ကြည်သာဆွေ ဒေါ်ဝတ်ရည်သန့်
	(အထက်တန်းရှေ့နေများ)

အခန်းအမှတ်-၁၀၄(အီး)၊ ပထမထပ်၊ တိုက်(၁၀/၁၂)၊ (၃၅)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ (၄၉)လမ်း၊ အမှတ် (၉၇/၉၉)၊ ပထမထပ်(ယာဘက်)၊ အကျယ် ပေ (၂၅×၅၈)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နွယ်နွယ်ဦး[၁၁/စတန(နိုင်)၀၄၀၇၄၃]ထံမှ ကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် ယနေ့မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လွင်လွင်မြ B.A(Law),LL.B,LL.M
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၂)
အမှတ် ၈၂၊ (ပ-ထပ်၊ ဝဲဘက်)၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၆၁၀၀၁၂၇၊ ၀၉-၇၃၀၇၁၄၃၅

"အမှတ်-၁၁၆၊ ၃၁-လမ်း(အလယ်)၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၌ ဂန္ဓမာဆောက်လုပ်ရေးက ကြိုပွဲငှင့်အခန်းများ ရောင်းချခြင်းအပေါ် သတိပေးတားမြစ်ခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးသန်းဝင်း(ခ)ဦးသန်းကျော်(F/RGN-018019)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်။

"ဂန္ဓမာဆောက်လုပ်ရေး"က (၃)ထပ်တိုက်ကိုဖြိုဖျက်၍(၈)ထပ် ကန်ထရိုက်တိုက်ဆောက်လျက်ရှိသော ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆ဒီ၂)နှင့် မြေကွက်အမှတ်(၄၅)၊ မြေဧရိယာ ပေ(၂၅×၅၀)ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ် ဆောက်လုပ်ထားသော ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၁)လမ်း(လယ်)ရှိ အမှတ်(၁၁၆)ဟုခေါ်တွင်သော ယခင်(၃)ထပ်တိုက်တို့နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့၊ အနောက်ပိုင်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၄၈၄/၂၀၁၁အရ စွဲဆိုထားဆဲ "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" တွင် ဦးသန်းဝင်း(ခ)ဦးသန်းကျော်သည် အမွေဆိုင်တရားပြိုင်တစ်ဦးအဖြစ် ပါဝင်နေပါသည်။

အဆိုပါဆောက်လုပ်ဆဲ (၈)ထပ် ကန်ထရိုက်တိုက်မှ ပေါ်ထွက်လာမည့် တိုက်ခန်းများအား ကြိုပွဲငှင့်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ရာအဆိုပါ "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" စွဲဆိုထားဆဲကာလတွင် အမှုဖြစ်ပစ္စည်းပါ တိုက်ခန်းများအား ကြိုပွဲငှင့်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေခြင်းသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းဝင်း(ခ) ဦးသန်းကျော်နှင့် တစ်စုံတစ်ရာပတ်သက်ဆက်စပ်မှုမရှိဘဲ ပေါ်ပေါက်လာမည့် အကျိုးဆက်များနှင့်စပ်လျဉ်း၍ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်နေသူများသည်သာ မိမိတို့၏ တာဝန်ဖြစ်သည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချုပ်ဆိုထားသော စာချုပ်နှင့်စပ်လျဉ်းပြီး တရားမကြီးမှုစွဲဆိုမည်ဖြစ်ပါ၍ အရောင်းအဝယ်မပြုလုပ်ကြရန် ထပ်လောင်းသတိပေးထားမြစ်အပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးမောင်မောင်စိုး(စဉ်-၂၂၈၉) ဦးမောင်မောင်စော(စဉ်-၇၀၇၂) ဒေါ်ဝါဝါဝင်းသစ်(စဉ်-၇၁၇၈)
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၈၃/၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်းနေ
ဒေါက်တာကျော်ကျော်စိုး(မေ့ဆေးအထူးကုဆရာဝန်ကြီး-ငြိမ်း)-(ဒေါ်ယဉ်စိမ်း)တို့၏သားငယ်

မောင်စစ်နိုင်

B.p.d(Architecture) (University of Melbourne)
Managing Director, Zware Group

နှင့်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မြယမုံကမ်းသာယာအိမ်ရာနေ
ဦးမြင့်ဦး-ဒေါ်မြိုင်(ခ)ဒေါ်ဟွတ်ဆုန်တို့၏ သမီးထွေး

အကယ်ဒမီ သက်မွန်မြင့်(B.Act)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၇-၂-၂၀၁၄ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့၊ ကန်တော်ကြီးဟိုတယ် Agnes ၌ လက်ထပ်မင်္ဂလာဆောင်နှင်းပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စစ်နိုင်-မသက်မွန်မြင့်

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်းနေ
ဒေါက်တာကျော်ကျော်စိုး(မေ့ဆေးအထူးကုဆရာဝန်ကြီး-ငြိမ်း)-(ဒေါ်ယဉ်စိမ်း)တို့၏သားငယ်

မောင်စစ်နိုင်

B.p.d(Architecture) (University of Melbourne)
Managing Director, Zware Group

နှင့်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မြယမုံကမ်းသာယာအိမ်ယာနေ
ဦးမြင့်ဦး-ဒေါ်မြိုင်(ခ)ဒေါ်ဟွတ်ဆုန်တို့၏သမီးထွေး

အကယ်ဒမီ သက်မွန်မြင့် (B.Act)

တို့၏ ၇-၂-၂၀၁၄ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့ ကန်တော်ကြီးဟိုတယ် Agnes ၌ ကျင်းပခဲ့သော စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာနှင့် မော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် စုလျားရစ်ပတ်ပေးသော မြန်မာနိုင်ငံ ဗိသုကာအသင်းဥက္ကဋ္ဌ ဦးမောင်သော်နှင့်ဇနီး ဒေါ် Rosamond Tee Kyaw အားလည်းကောင်း၊ မင်္ဂလာစကားပြောကြားပေးပါသော မြန်မာနိုင်ငံ ဗိသုကာအသင်း ဒု-ဥက္ကဋ္ဌဦးမော်လင်းနှင့် အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်အုန်းသွင်(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့အား လည်းကောင်း၊ မင်္ဂလာလက်ထပ်စာချုပ်တွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင် အားလည်းကောင်း၊ သက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးအောင်ကျော်ဇော(Taste of Interior)နှင့် ဇနီး Designer မပို့၊ ဦးကိုကိုအေး(MD-အမျိုးသားဂေါက်သီးလေ့ကျင့်ရေးကုမ္ပဏီလီမိတက်)နှင့် ဇနီးဒေါ်သီသီနိုင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးပါသော ညီမလေး ဒေါက်တာနှင်းမွန်၊ နိုင်နိုင်အောင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော ညီမလေး မိုးသူဇာအောင်၊ မင်္ဂလာသတို့သားအရံ ကိုကျော်ရာဇာဝင်း၊ မင်္ဂလာသတို့သမီးအရံ သရုပ်ဆောင် ခင်လေးနွယ်တို့အားလည်းကောင်း၊ မေတ္တာဖြင့် မိတ်ကပ်အလှပြင်ဆင်ပေးပါသော အောင်အောင်တောင်ကြီး၏ တပည့်များဖြစ်သည့် ငယ်ငယ်၊ အဆိုင်၊ ကဲပို၊ ချစ်တိုး၊ ငွေမင်း(ဦးစိုး)တို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာနှင့် ရွှေလက်ကိုင်ပန်းဆင်မြန်းပေးပါသော Golden Bell Jewellery & Gold Smith မှ မသီရိအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာဝတ်စုံဖန်တီးပေးပါသော မလတ် (Latt Latt Lady Boutique)နှင့် ရွှေကုံးကော်ပိုးထည်တိုက်၊ ပန်းများကို ပြင်ဆင်ပေးပါသော အန်တီလင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် ဖိနပ်ဆင်မြန်းပေးသော မန္တလေးမှ ရွှေနဂါးဖိနပ်ဆိုင်တို့အားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော ဦးပီတာနှင့်သားများ၊ ကိုလင်းထွန်းနှင့် ကိုကင်း(Leopard & King)၊ မေတ္တာဖြင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုသုံးပေါင်နှင့်အဖွဲ့၊ ပွဲအတွက်လိုအပ်သော ဓာတ်ပုံဒီဇိုင်းများအားလုံးကို မေတ္တာဖြင့် ဖန်တီးပေးပါသော Desinger ကိုမျိုး တို့အားလည်းကောင်း၊

၁၃-၂-၂၀၁၄ရက်(ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာတွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူ၌ မေတ္တာဖြင့် မိတ်ကပ်အလှပြင်ဆင်ပေးပါသော အဆိုင်(အောင်အောင်တောင်ကြီး)၊ ချစ်တိုး၊ ငွေမင်း(ဦးစိုး)တို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာဝတ်စုံဖန်တီးပေးပါသော မဇူး(Zu Zu Collection)၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ရွှေနန်းတော်နှင့် ဖိနပ်ဆင်မြန်းပေးပါသော နွားဖြူဖိနပ်တို့အားလည်းကောင်း၊ ပန်းများကို လက်ဖွဲ့အဖြစ်ပြင်ဆင်ပေးပါသော အန်တီလင်းအားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော ကိုလင်းထွန်းနှင့် ကိုကင်း(Leopard & King)၊ ကိုကိုနိုင်(R_2)နှင့် ဗီဒီယိုမှတ်တမ်း ကိုသုံးပေါင်နှင့်အဖွဲ့၊ ကိုမောင်မြင့်တို့အားလည်းကောင်း၊ မေတ္တာဖြင့်သဇင်ပန်းများဆင်မြန်းပေးသော အန်တီစိန်(စိန်မမ သဇင်ခြံ)အားလည်းကောင်း၊

၁၄-၂-၂၀၁၄ရက်(သောကြာနေ့)တွင် ပြည်သူ့ရင်ပြင်ဥယျာဉ်၌ ကျင်းပသော မင်္ဂလာညစာညည့်ခံပွဲတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော သရုပ်ဆောင် ကိုကျော်ကျော်ဗိုနှင့် မခိုင်သင်းကြည်၊ မင်္ဂလာသတို့သားအရံများဖြစ်သော ကိုစိုင်းဇွမ်ဖ၊ ကိုကျော်ရာဇာဝင်း၊ ကိုအာကာသန်းအေးနှင့် ကိုပြည့်ဖြိုးကျော်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော သရုပ်ဆောင် ခင်လေးနွယ်၊ ချင်းချင်း၊ ခိုင်လဲ့ရည်ကျော်နှင့်သင်းသင်းမွန်၊ မင်္ဂလာပန်းကြဲပေးပါသော သရုပ်ဆောင် Miss Supranational ခင်ဝင့်ဝါ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော တူလေး သူရိန်လင်းဦးနှင့် ညီမလေး Sophia၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော ညီမလေး ပိုးမြတ်ဟေသာတို့အားလည်းကောင်း၊ မေတ္တာဖြင့် မိတ်ကပ်အလှပြင်ဆင်ပေးပါသော အောင်အောင်တောင်ကြီး၏ တပည့်များဖြစ်သည့် ငယ်ငယ်၊ အဆိုင်၊ ကဲပို၊ ချစ်တိုး၊ ငွေမင်း(ဦးစိုး)တို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာနှင့် စိန်သရဖူဆင်မြန်းပေးသော Golden Bell Jewellery & Gold Smith မှ မသီရိအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာဝတ်စုံများကို အလှဆုံးဖန်တီးပေးသော Desinger မပို့ (My Favourite Collection)နှင့် Sein Shwe Tailor တို့အားလည်းကောင်း၊ ပန်းများကို အလှဆုံးပြင်ဆင်ပေးပါသော အန်တီလင်းနှင့် အဖွဲ့၊ Decoration အလှဆင်ပေးသော Designer သွင်စုထွေး၊ မေတ္တာဖြင့် ဖိနပ်ဆင်မြန်းပေးသော VNC နှင့် WaiDi အားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော ဦးပီတာနှင့်သားများ၊ ကိုလင်းထွန်းနှင့် ကိုကင်း(Leopard & King)၊ မေတ္တာဖြင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုသုံးပေါင်နှင့်အဖွဲ့၊ ကိုမောင်မြင့်၊ Camera များကို မေတ္တာဖြင့်ကူညီပေးသော ကိုဇော်(အာရုဏ်ဦး)နှင့် ကိုကျော်ကျော်ဗို၊ ပွဲအတွက်လိုအပ်သော ဓာတ်ပုံဒီဇိုင်းများကို မေတ္တာဖြင့်ဖန်တီးပေးသော Designer ကိုမျိုး၊ မသီရိစံ၊ မင်္ဂလာစကားပြောကြားပေးပါသော ဖခင်ဒေါက်တာကျော်ကျော်စိုးနှင့် ဦးမြင့်ဦး၊ သရုပ်ဆောင် နေတိုး၊ ကိုကျော်ရာဇာဝင်း၊ First Dance နှင့် Performance များကို မေတ္တာဖြင့် စီစဉ်ပေးပါသော Uranium Dance Studio မှ ကိုဇေယျာနှင့်အဖွဲ့၊ မင်္ဂလာကိတ်သယ်ဆောင်ပေးပါသော သူငယ်ချင်း အဆိုတော် စိုင်းစိုင်းခမ်းလှိုင်နှင့် ဟက်ကက်၊ မင်္ဂလာကိတ်စီစဉ်ပေးသူ ကိုအထင်ကရနှင့် သရုပ်ဆောင် မေကဗျာ၊ မေတ္တာဖြင့် တေးသီချင်း ဖျော်ဖြေပေးသော ကိုဇော်ဝင်းထွဋ်၊ နီနီခင်ဇော်နှင့် အကယ်ဒမီရဲအောင်နှင့် တီးဝိုင်း Emperor တို့အားလည်းကောင်း၊ ဖိတ်စာ ကိုသော်အောင်ထွန်းနှင့် မြတ်မင်းထူး၊ Win Furniture Rental၊ အစားအသောက်များ ကူညီစီစဉ်ပေးသော ကိုဖြိုးဝေစိုးနှင့် Bar One မှ ကိုဇော်ဝင်းနိုင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲများအတွက် လိုအပ်သမျှ ကူညီဆောင်ရွက်ပေးပါသော ဦးဖိုးလစ်၊ ဒါရိုက်တာ ကိုဇော်(အာရုဏ်ဦး)၊ ဒေါ်သီသီထွန်း၊ မနန်းသန္တာအောင်၊ ကိုငွေမင်းထွန်း၊ ဦးထွန်း(THEMIS)၊ ဗိုလ်မှူး Saw Tennyson (LIMOUSINE)၊ Win & Spam Natural World မှ တာဝန်ရှိသူများ၊ ကိုဆာမိ၊ ကိုလူချောအဖွဲ့၊ မမများအဖွဲ့တို့အားလည်းကောင်း၊ Pre-Wedding ဓာတ်ပုံများကို မေတ္တာဖြင့်ရိုက်ကူးပေးကြပါသော ဦးပီတာ၊ ကိုဝဏ္ဏခွာနီး၊ ကိုနိုင်နိုင်(R_2)နှင့် ကိုမျိုးကျော်၊ ကိုနိုင်နိုင်ထွန်း(Exposure)၊ ကိုလင်းထွန်းနှင့် ကိုကင်း(Leopard & King)၊ ကိုမြင့်ထွန်းလင်း(S' pore)၊ သားသား၊ ဝတ်စုံများဆင်မြန်းပေးပါသော Exposure, Seven Pictures, Designer မပို့၊ ယဉ်သူထိုက် ပိုးထည်၊ တော်ဝင်ဧရာဝတီ (River Cruise)၊ Sunfar Travel & Tour၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ BURMESE PYTHON BIKERS (S' pore)၊ မိတ်ကပ် SuSan Tee(S' pore)၊ ဖိနပ် နွားဖြူတို့အားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်၊ ကျွန်မတို့၏ ထိမ်းမြားမင်္ဂလာပွဲများအားလုံးကို အစစအရာရာ ပြည့်စုံအောင်မြင်အောင် အဘက်ဘက်မှ ချစ်ခြင်းမေတ္တာအပြည့်ဖြင့် စိတ်နှစ် ကိုယ်နှစ်ပြီး အချိန်ကုန်လူပန်းကူညီပေးခဲ့ကြသော နှစ်ဖက်သော မိဘဆွေမျိုးမောင်နှမများ၊ ချစ်သူငယ်ချင်းမိတ်ဆွေများ၊ ကြွရောက်ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းပေးပို့သော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း အခြားကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ကိုစစ်နိုင်- အကယ်ဒမီသက်မွန်မြင့်

နှစ်ပတ်လည်မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

OTS(53) စည်သူတပ်ခွဲ

သူငယ်ချင်းတို့ရေ-

၁၁-၃-၂၀၁၄ ရက်မှာ နှစ်ပတ်လည်မိတ်ဆုံစားပွဲသို့ ဇနီးများနှင့် အတူ မပျက်မကွက် တက်ရောက်ကြပါရန်။

နေရာ - ကုန်းမြင့်သာစားသောက်ဆိုင်
ရက်စွဲ/အချိန် - ၁၁-၃-၂၀၁၄ ရက် (အင်္ဂါနေ့)
ည ၁၈း၀၀ နာရီ

မင်းထင်ကိုကိုကြီးသို့ ၂၇ နှစ်မြောက် လက်ထပ်မင်္ဂလာဆုမွန်စကား

ဘဝရဲ့အဆိုး၊ အကောင်းအားလုံးကို အတူတကွ လက်တွဲဖြတ်သန်းခဲ့ကြတာ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ၂၇ နှစ် ပြည့်မြောက်ခဲ့ပါပြီ။ ရှေ့ဆက်ပြီးတော့လည်း အဆိုး၊ အကောင်းအားလုံးကို ဘဝဆုံးတိုင် အတူတကွ လက်တွဲရင်ဆိုင်သွားကြမယ်လို့ ၂၇ နှစ်မြောက် လက်ထပ်မင်္ဂလာအမှတ်တရ စကားပြောလိုက်ပါရစေ။

ထား



ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ထုဘူ[၁/မကန(နိုင်)၀၅၂၈၈၃]၏ Passport အမှတ် (M-366414) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၄၀၀၅၁၈

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ ဆဋ္ဌမတန်း(B)မှ မယမင်းလတ်၏ ဖခင်အမည်မှန်မှာ ဦးဒိုရ်ဂျေး ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၂၆)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊ (၅)ထပ်အဆောက်အအုံ၏ ၄လွှာ(လက်ယာဘက်အခြမ်း)ရှိ ရေ၊ မီးစုံတိုက်ခန်း တစ်ခန်း အပါအဝင် အကျိုးခံစားခွင့်အားလုံး၏ လက်ရှိမြေပိုင်ရှင် ဒေါ်ခင်နွဲ့ရီ [၈/ပခက(နိုင်)၀၇၈၁၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်စိုး[၁၂/ဒပန(နိုင်)၀၂၈၉၈၂]မှ အပိုင်လွှဲပြောင်း ဝယ်ယူရန် တိုက်ခန်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြတ်ထွေး	**ဒေါ်မြင့်မြင့်စန်း**
LL.B, WIPO(Switzerland)	**LL.B, D.B.L, D.I.L, WIPO(Switzerland)**
(စဉ်-၈၉၉၃)	**(စဉ်-၈၅၆၁)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၄၂၁၀၈၇၃၈၆၊ ၀၉ ၄၀၂၆၀၆၀၃၁

ပညာနန်းတော်
Gusto
Database Design & Development Course
EMERALD MYANMAR
Hotel Booking

SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါ သလား?
SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက် ငွေပေးချေသည်။
ပွဲခ လုံးဝမယူပါ။
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၇၃၁၁၉၀၉၉

ကွယ်လွန်သူအမွေရှင်ဟာဂျီဦးသိန်းကျန်ရစ်သော အမွေပစ္စည်းများနှင့်စပ်လျဉ်း၍ တားမြစ်ကြေညာချက်အပေါ်(၈-၂-၂၀၁၄)ရက် ကြေးမုံသတင်းစာတွင် ကန့်ကွက်ရှင်းလင်းခြင်းကို ပြန်လည်ရှင်းလင်းခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းတွင် ဟာဂျီဦးသိန်း၊ ဇနီးဒေါ်ခင်ခင်ကြီး၊ ဦးမင်းသိန်းမိသားစု၊ ဦးမြင့်သိန်း၊ ဦးမင်းအောင်နှင့် ဇနီးဒေါ်နှင်းနှင်းစိုး၊ သမီးရတနာစိုးမင်းအောင် မိသားစု၊ ဒေါ်မိုးစန္ဒာသိန်းတို့အတူ နေထိုင်ခဲ့ကြပါသည်။

ဖခင်ဦးမင်းအောင်သည် လက်ရှိဇနီး ဒေါ်နှင်းနှင်းထွန်းနှင့်သမီး ရတနာစိုးမင်းအောင်အား တွေ့ဆုံပေးခဲ့ပါသည်။ အမွေရှင်ကွယ်လွန်သူ ဟာဂျီ ဦးသိန်းတွင် သားဦးမင်းအောင်အပါအဝင် အမွေစားအမွေခံ(၁၃)ဦး ကျန်ရှိခဲ့ပါသည်။ အမွေစား အမွေခံများက ဟာဂျီဦးသိန်း၏အမွေပစ္စည်းများကို ညှိနှိုင်းခွဲဝေပေးခြင်းမရှိ၍ ဦးမင်းအောင်က ၂၀၀၄ခုနှစ်တွင် အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုကို တရားစွဲဆိုရခြင်းဖြစ်ပါသည်။ ၂၀၀၅ခုနှစ်တွင် ဦးမြင့်သိန်းဦးဆောင်သော အမွေဆိုင်(၄)ဦးက ဘဏ်ရှိငွေ၊ အစုရှယ်ယာ၊ အတိုးငွေများကို အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းဖြစ်ပါသည်။

ဘဏ်၌ အပ်နှံထားသောငွေများ၊ အစုရှယ်ယာထုတ်ယူခြင်း၊ အမွေဆိုင်အားလုံးသဘောတူခွဲဝေရယူခြင်း၊ အိမ်ခြံမြေ အမွေပစ္စည်းများအား ခွဲစိတ်၊ ထုခွဲ၊ ခွဲဝေရယူကြခြင်း သဘောတူစီမံဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း ဦးမင်းအောင်ကိုယ်တိုင်နှင့် ကျန်အမွေဆိုင်များ၏ တင်ပြချက်အရ ရုံးတော်မှ ၂၃-၂-၂၀၀၆ ရက်ကပင် ပဏာမဒီကရီချမှတ်ပေးခဲ့သည် ဆိုသည်မှာ မမှန်ပါ။ တိုင်းတရားရုံးက ငြင်းချက်များဖြေဆိုပြီး တရားလိုဦးမင်းအောင်၏ အမွေဝေစုကို ပဏာမဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ၂၀၀၆ခုနှစ်တွင် တရားလိုဦးမင်းအောင်၏အမွေဝေစု ပဏာမဒီကရီချမှတ်ပြီးနောက် တိုင်းတရားရုံးဦးစီးအရာရှိကို ကော်မရှင်နာ ခန့်အပ်ပြီး တရားလိုဦးမင်းအောင်၊ (၁)တရားပြိုင်၊ (၂)တရားပြိုင်တို့ကို စစ်ဆေးပါသည်။

ဦးမင်းအောင်ကိုယ်တိုင် ကော်မရှင်နာရှေ့တွင်စစ်ဆေးပြီးမှ ၁၄-၇-၂၀၀၇ရက်တွင် ကွယ်လွန်သွားခြင်းဖြစ်ပါသည်။ တရားလိုနေရာတွင် တရားလို၏ တရားဝင်ကိုယ်စားလှယ်လျှောက်ထားရာတွင် လက်ရှိဇနီးနှင့်သမီး(၂)ယောက်တို့က မရတနာ စိုးမင်းအောင်အား ချန်လှပ်၍လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။

အမွေဆိုင်တစ်ဦးက ရတနာစိုးမင်းအောင်အား ၎င်းကိုယ်တိုင်ညှိနှိုင်းပေးပါမည်။ ခဏစောင့်ပါရန်ဘာမှမလုပ်ပါနဲ့ဦးဟု ပြောကြားသဖြင့် စောင့်ဆိုင်းနေခဲ့ပါသည်။ ထိုသို့စောင့်ဆိုင်းနေစဉ် တရားလိုနှင့်တရားပြိုင်များတို့သည် ကွယ်လွန်သူ ဟာဂျီ ဦးသိန်းကျန်ရစ်သော အမွေပစ္စည်းများအား ခွဲဝေရန်အတွက်ညှိနှိုင်းသဘောတူစာချုပ်ချုပ်ဆိုပြီးဖြစ်၍ အမှုရုပ်သိမ်းရန် လျှောက်ထားပါသည်။ တရားရုံးတော်က ရုပ်သိမ်းသည့်အနေဖြင့် အမှုပလပ်ပါသည်။ တရားလို၊ တရားပြိုင်တို့သည် ညှိနှိုင်းသဘောတူစာချုပ်အတိုင်း ဒီကရီချပေးရန် လျှောက်ထားခြင်းမရှိဘဲ ကော်မရှင်နာစစ်ဆေးနေဆဲတွင် အမှုရုပ်သိမ်းခြင်း ဖြစ်ပါသည်။

တရားလိုဦးမင်းအောင်သည် ပဏာမဒီဂရီချမှတ်ပြီးနောက် ကွယ်လွန်ခြင်းဖြစ်၍ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းမှုမှာ ကာလစည်းကမ်းသတ်မှတ် ချက်မရှိပါ။ အမှုသည်ထပ်ထည့်နိုင်ပါသည်။ ဦးမင်းအောင်သည် ကွယ်လွန်သူအမွေရှင် ဟာဂျီ ဦးသိန်း၏ အမွေစားအမွေခံသားတစ်ဦးဖြစ်ပါသည်။ ဦးမင်းအောင်(တရားလို)ကွယ်လွန်သည့်အခါ သမီးရတနာစိုးမင်းအောင် သည် အမွေစားအမွေခံတစ်ဦးဖြစ်၍ အမွေရှင် ဟာဂျီဦးသိန်း၏ အမွေပစ္စည်းများကို ဖခင်ဦးမင်းအောင်ရထိုက်ခွင့်ရှိသော အမွေဝေစုအတွက် စွက်ဖက်ရေးဆိုကန့်ကွက်တားမြစ်ပိုင်ခွင့်ရှိပါသည်။

သတင်းစာတွင် အမှန်အတိုင်းကြေညာခြင်းဖြစ်ပါသည်။ အမွေဆိုင်မစုံလင်ဘဲ ပြုလုပ်ထားသောလုပ်ငန်းဆောင်ရွက်မှုများမှာ လုပ်ငန်းဆောင်ရွက်ထားသူများတွင်သာ တာဝန်ရှိပါသည်။ သတင်းစာတားမြစ်ကြေညာချက်ကို အတည်ပြု၍ ဆောက်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။

မရတနာစိုးမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းရီ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၅၇)
အမှတ်(၉/၁၁)၊ အခန်း-၂၀၁(ဘီ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၉၆၁၀

M3 HOTEL
We are in the heart of the city
with the right choice
for your accommodation
Now Open
Special Promotion (20-2-2014) To (31-3-2014)
10% Discount

Fax:02-65526
E-mail:mhotel.mdy@gmail.com Website:www.m3hotelmandalay.com

အမျိုး၊ ဘာသာ၊ သာသနာ ပြန့်ပွားရေးအတွက် စာမူပြိုင်ပွဲဖိတ်ခေါ်

အမျိုး၊ ဘာသာ၊ သာသနာ ချစ်မြတ်နိုးကြသည့် ဆရာတော်ကြီးများနှင့် စာပေပညာရှင်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ပြန့်ပွားစေရန် ရည်သန်လျက် **"အမျိုး၊ ဘာသာ၊သာသနာပြု"** စာမူပြိုင်ပွဲကို ပထမအကြိမ်အဖြစ် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ရေးသားရာ၌ ၁။ပိဋကတ်တော်လာ သာဓကအထောက်အထားများ၊ ၂။ရာဇဝင်၊ သမိုင်းစာပေလာ ကျမ်းဂန်အထောက်အထားများ ကိုးကားပြီး တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးချစ်စိတ်နှင့် တိုင်းပြု၊ ပြည်ပြု၊ သာသနာပြု စိတ်ဓာတ်များ တိုးပွားထက်သန်စေရန် ရည်ရွယ်ချက်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။ **ပြိုင်ပွဲဝင်နိုင်သူများ** ဤစာမူပြိုင်ပွဲကို ရဟန်း၊ ရှင်၊ လူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ **ပါဝင်ယှဉ်ပြိုင်ရမည့် ခေါင်းစဉ်များမှာ-**

၁။ အမျိုးစောင့်တရား(ဗုဒ္ဓအမြင်၊ မြန်မာ့အမြင်)

၂။ နိုင်ငံတော်အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဘာသာ၊သာသနာ။

၃။ နိုင်ငံတော်သမ္မတနှင့် ဘာသာတရား။

၄။ အမျိုးစစ်မှ မျိုးချစ်မည်။

၅။ ရဟန်းသံဃာနှင့်နိုင်ငံရေး။ အထက်ပါခေါင်းစဉ်၅-ခုမှ မိမိတို့နှစ်သက်ရာခေါင်းစဉ်တစ်မျိုးမျိုးဖြင့် ရေးသားယှဉ်ပြိုင်ကြရပါမည်။

အမှတ်ပေးစိစစ်ရွေးချယ်ခြင်း-စာမူများကို နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဆရာတော်ကြီးများ၊ ကျမ်းပြုရဟန်းစာဆိုရှင်ဆရာတော်ကြီးများနှင့် နာမည်ရ လူပုဂ္ဂိုလ်စာပေပညာရှင်ကြီးများက အမှတ်ပေးစိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ **ဆုပေးခြင်း-ပထမဆု-ကျပ်(၉)သိန်း၊ ဒုတိယဆု-ကျပ်(၆)သိန်း၊ တတိယဆု-ကျပ်(၄. ၅)သိန်း** အသီးသီးပေးအပ်ဂုဏ်ပြုသွားမည်ဖြစ်ပါသည်။ **စာမူပေးပို့ရန်ဌာန**-မဘသ ဗဟိုရုံး၊ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်။ **စာမူပိတ်ရက်**-ကဆုန်လဆန်း ၂ရက်၊ ၁၃၇၆ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ ၂၀၁၄ခုနှစ်(ဗုဒ္ဓဟူးနေ့) **ဆုရစာမူကြေညာရက်**-ကဆုန်လပြည့်ကျော် ၇ ရက်၊ ၁၃၇၆ခုနှစ်၊ မေလ ၂၀ရက်၊ ၂၀၁၄ ခုနှစ်(အင်္ဂါနေ့) **ဆုပေးပွဲရက်-** နယုန်လပြည့် (၁၃၇၆ ခုနှစ်၊ ဇွန်လ ၁၂ရက်) ၂၀၁၄ခုနှစ် (ကြာသပတေးနေ့)။

အသေးစိတ်သိရှိလိုသော အချက်များကို အမျိုး၊ ဘာသာ၊ သာသနာပြန့်ပွားရေး စာပေဆု ရွေးချယ်ရေး အဖွဲ့ တာဝန်ခံဆရာတော်ထံတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ အရှင်ဝိလာသ (ဝေမိုး-ကျွန်းလှ) ဖုန်း-၀၉-၅၀၂၄၆၉၄၊ မဘသရုံးချုပ် ဖုန်း-၀၉၂၅၀၆၈၅၅၂၊ ၀၉-၂၅၀၆၈၅၅၃



ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀) PHASE²၊ လူနေရပ်ကွက်အမှတ်-တက္ကသိုလ်ရိပ်မွန်၊ မြေကွက်အမှတ်(၂၁၇)၊ ဧရိယာ(၀. ၁၃၃)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၃ / D(၁၉)၊ ဧကရာဇ်လမ်း၊ တက္ကသိုလ်ရိပ်မွန်ဥယျာဉ်အိမ်ရာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နှစ်ထပ်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ ဒေါ်ခင်လှ[၁၂/တမန(နိုင်)၀၅၃၀၁၉]အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်နှင့် နေအိမ်ဖြစ်ပါသည်။ မူလအမည်ပေါက်ပိုင်ရှင်မှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစန်းလွင် [၁၂/ဥကတ(နိုင်)၀၀၈၈၉၁]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်ကြည် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ်(၅၄၄)၊ ဓမ္မာရုံလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄



ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (၈စ/၇၇၄၀)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၅၃)နေ ဦးတင်အေး[၁၂/မရက(နိုင်)၀၅၆၆၈၆]၊ ဒေါ်လှရှင်[၁၂/မရက(နိုင်)၀၈၄၉၂၄]တို့၏သမီးဖြစ်သူ ဒေါ်သီတာ[၁၂/မရက(နိုင်)၁၂၃၉၆၇]ကိုင်ဆောင်သူသည် မိဘ၏သွန်သင်ဆုံးမမှုကို မနာခံသည့်အပြင် မိဘအား စိတ်ဆင်းရဲစေရန်၊ စိတ်အနှောင့်အယှက်ဖြစ်စေရန်နှင့် မိခင်ဖြစ်သူမှ ခွင့်မလွှတ်နိုင်သည့်ကိစ္စအမျိုးမျိုးတို့ကို အကြိမ်ပေါင်းများစွာပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ဒေါ်သီတာနှင့်ပတ်သက်သောကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင်-ဒေါ်လှရှင်[၁၂/မရက(နိုင်)၀၈၄၉၂၄]

[illegible]

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာသစ်၊ (၁၄)နယ်မြေ၊ စပါယ်လမ်းတွင် နေထိုင်သော ကျွန်မ မနှင်း [၁၂/သလန(နိုင်)၀၃၁၆၂၂]၏ အများသိစေရန်

ကျွန်မ၏သမီးဖြစ်သူ မမြတ်ဘုန်းမြင့် [၁၂/သလန(နိုင်)၁၃၄၆၁၄]သည် မိခင်၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ မိမိသဘောဖြင့် နေအိမ်မှ ၂၅-၂-၂၀၁၄ ရက်တွင် ဆင်းသွားပါသဖြင့် ဤကြေညာသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မနှင်း
[၁၂/သလန(နိုင်)၀၃၁၆၂၂]





အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့ လှိုင်သာယာ စက်မှုဇုန် (၃) ရှိ **FAME Pharmaceuticals** ကုမ္ပဏီသည် မိမိတို့ မြန်မာအော်ဂဲနစ်အဖွဲ့ချုပ် (**MOAG : Myanmar Organic Agriculture Group**) ကပေးအပ်သော အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ်ကို ၂၀၁၀ ခုနှစ်တွင် ရရှိခဲ့ပြီးနောက် ဂျာမနီနိုင်ငံအခြေစိုက် နိုင်ငံတကာအော်ဂဲနစ်အဖွဲ့ချုပ် (**IFOAM**) အသိအမှတ်ပြုလက်မှတ်ကိုလည်း ထပ်မံရရှိခဲ့သည့်အပြင် ယခု ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့မှာလည်း အမေရိကန်အစိုးရ စိုက်ပျိုးရေးဌာန (**USDA : United States Department of Agriculture**) နှင့် ဩစတြေးလျ အော်ဂဲနစ်အသိအမှတ်ပြုအဖွဲ့ (**ACO: Australian Certified Organic**) က အသိအမှတ်ပြုပေးအပ်သော နိုင်ငံတကာအသိအမှတ်ပြု အော်ဂဲနစ်လက်မှတ် (**Organic Farm Certificate**) နှင့်အတူ အော်ဂဲနစ်ဆေးဝါးစက်ရုံလက်မှတ် (**Organic Factory Certificate**) ကိုပါ ပူးတွဲ၍ ထပ်မံရရှိခဲ့ကြောင်း သိရှိရသဖြင့် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုထက်ပိုမို၍ အော်ဂဲနစ်လုပ်ငန်းများကို လုပ်ကိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးနှင်းဦး (ဥက္ကဌ)
မြန်မာအော်ဂဲနစ်အဖွဲ့ချုပ်

AcademicTelesis

USA အဆင့်မြင့် ကောလိပ်နှင့် တက္ကသိုလ်များတွင် UK, Australia, Canada နိုင်ငံများထက် ကုန်ကျစရိတ် သက်သာစွာဖြင့် ပညာသင်ကြားလို ပါသလား?

Call Us: 01- 527168, 09-255901718

No. (73), 2nd Floor, corner of Ma Po St and Myaynigone Zay St, Sanchaung Tsp., Yangon.

www.academictelesis.com

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လက်ရှိအသုံးပြုနေသော Mitsubishi Lancer EVO 10
2009,2000 CC, Price-400 lakhs
Ph-095124765

ခဲ့ပွဲမြို့သစ်

မြေကွက်များရောင်းမည်

Ph : 09-73121112
09-420064446

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လက်ရှိအသုံးပြုနေသော Nissan Condor 2004,
6920CC, Price, 230 lakhs
Ph-09-5124765

ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာရှိ ဘုရားကုန်းမြို့ပြကွက်သစ်၊ မြေတိုင်းအဆင့်(၁)၊ မြေကွက်အမှတ်-၁၄၀၉၊ အကျယ်အဝန်းပေ(၆၀ × ၄၀)ရှိ ဒေါ်အေးချစ်[၁၂/စခန(နိုင်)၀၂၉၁၉၂]အမည်ဖြင့် စလစ်ရရှိထားသောမြေကို ဆက်စပ်စာချုပ်အထောက်အထားများအရ ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဒေါ်မော်မော်စန်း[၁၂/သလန(နိုင်)၀၈၉၁၀၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ဆွေဆွေဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်အရကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ဆွေဆွေဦး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဥ္ဇာအေး	**ဒေါ်မေသူမင်းဆွေ**	**ဦးကျော်ဆန်းနိုင်**
LL.B,D.B.L,D.I.L	**LL.B**	**B.A(Law),LL.B,M.A.(Business Law)**
(စဉ်-၃၈၁၃၃)	**(စဉ်-၂၇၇၅၆)**	**D.B.L,D.I.L,D.M.L,D.A.Psy,Dip in English.**
ဒေါ်တင်တင်ဝင်း	**ဒေါ်ဆုလှိုင်ဝေ**	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၉)**
LL.B(စဉ်-၄၃၁၅၇)	**LL.B(စဉ်-၃၇၀၃၅)**	**ဖုန်း-၀၉၅၀၂၆၈၃၃**

အထက်တန်းရှေ့နေများ
တိုက်-၉/၁၁၊ အခန်းအမှတ်-၀၀၄(မြေညီထပ်)၊ ၃၆ အောက်လမ်းတို၊ ကျောက်တံတားမြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုသာ[၁၂/သဃက(နိုင်)၀၃၃၁၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်သုဝဏ္ဏ၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်(၃၀)၊ မြေအကျယ်အဝန်း(၀. ၀၇၅)ကေရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအားလုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်ကို [ယခုအခေါ်အဝေါ် အမှတ်(၃၀)၊ ရွှေဝါထွန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်] ကျွန်ုပ်၏မိတ်ဆွေကသာ လက်ရှိပိုင်ဆိုင်ထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင်လည်း လက်ရှိဂရန်အမည်ပေါက်လျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေ လက်ရှိဂရန် အမည်ပေါက်ပိုင်ဆိုင်ထားသည့် အထက်ပါမြေနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုတိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေက မိမိပိုင်မြေနှင့်ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ရန်ကုန်ဦးစိုးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၈၅)
အမှတ်(၅၀)၊ အခန်း(စီ-၇-၈)၊ ပထမထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၄)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-Hydrochloric Acid,Gravure Ink (Green)

(ခ) စက်နှင့်စက်အရန်ပစ္စည်းများ-Teflon,Super Heater Tube & Accessories,Rubber Hose Pipe,Moisture Analyzer, Air Conditioner, Projector Lumens 5700

(ဂ) ကုန်ကြမ်းပစ္စည်းများ-လိုင်းတွန့်စက္ကူသေတ္တာ

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

Control Center (Module),Primary Foam Seal & Secondary Seal,Water Pump with Motor & Starter Complete Set,Submersible Pump with Motor & Starter,
50 Ton Terrian Hydraulic Crane,CFR Engine Section Main Unit,Urea Reactor Autoclave, Induced Fan For Dryer with Motor,Circulation Pump For High Pressure Absorber Stainless Steel Pump withouth Motor,High Pressure Flushing Pump withouth Motor, Force Draft Fan For Dryer with Motor, Z-3202 Phosphate Dosing Pump with Motor,Centrifulgal Pump For Cooling Return Line without Motor,Demineralized Water Pump with Motor, MP Steam Superheater,Cam Motor with Gear,CO+CO_2 Analyzer,Absorbent Return Pump & Spares,Urea Solution Pump & Spares, Molten Urea Pump & Spares,Demineralization Water Pump,Water Intake Pump,Drain Pump,Frame Oil Pump for Ammonia Feed Pump,Motor (11KW), Motor K 1401 (Combusion Air Blower Motor),Control Computer with Program Installer,HE Unit with Igniter,IA Compressor Cooler, Beier Varitator for Agitator of Clarifier,PLC Cabinet Display Panel For Feed Gas Compressor, Cooling Fan Motor & 30 KW Blower Motor.

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက်-၁၀-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်၊ အချိန် -၉-၄-၂၀၁၄ ရက်၊ ၁၂း၀၀ နာရီ

